ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ချမ်းသာခြင်းအကြောင်းတရား**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာ အနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာ အနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၁၉၉)

၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်၊ ကြာသပတေးနေ့။ Thursday, 30 May 2019 ၉၆၆၅

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနတို့၏ ပြည်သူ့အတွက် တတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲပြုလုပ်

နေပြည်တော် မေ ၂၉

**ပြည်သူ့အတွက် တတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနတို့၏ သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (အောက်ပုံ)



သတင်းစာရှင်းလင်းပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ပြည်သူ့အတွက် တတိယ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအောင်ထူးက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ရည်ရွယ်ချက် (Objectives) မှာ ဈေးကွက်စီးပွားရေးစနစ်ကို ပီပြင်စွာ ဖြစ်ပေါ်ပြီး ပြည်တွင်း၊ ပြည်ပ ကူးသန်းရောင်းဝယ်မှု ဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင်များ ဖန်တီးနိုင်ရေးတို့ကို အထောက်အကူပြုရန် ဖြစ်ပါကြောင်း။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အဓိကတာဝန်မှာ ပြည်တွင်း၊ ပြည်ပ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရေးဖြစ်ပြီး အဓိက ရည်မှန်းချက်မှာ ပို့ကုန်မြှင့်တင်ခြင်းဖြင့် စီးပွားရေးတိုးတက်မှုကို ရရှိရန်ဖြစ်ပါကြောင်း၊ ပို့ကုန်မြှင့်တင်ရာတွင် လက်ရှိအစိုးရ

**စာမျက်နှာ ၈ ကော်လံ ၁ သို့**

## နေရာကွက်၍ မိုးကြီးနိုင်

(မေ ၂၉ ရက် ည ၇ နာရီ ထုတ်ပြန်ချက်)

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်**

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

မြစ်ဝကျွန်းပေါ်ဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

မိုး/ဇလ

## ကြေးမုံ ယနေ့ဖတ်စရာ

**နိုင်ငံတကာအနေဖြင့် ရခိုင်အရေးကိစ္စနှင့်ပတ်သက်ပြီး မြန်မာအစိုးရအပေါ် ဖိအားပေးအရေးယူမှုများ ပြုလုပ်လာပါက သဘောမတူနိုင်ကြောင်း ဂျပန်နိုင်ငံသံအမတ်ကြီး ပြောကြား**

စာမျက်နှာ » ၃

**ပြည်ကြီးတံခွန်မြို့နယ်တွင် တစ်ရက်လျှင် ရေဂါလန် ခုနစ်သန်း ဖြန့်ဝေပေးနိုင်မည့် ရေပေးဝေရေးစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မည်**

စာမျက်နှာ » ၁၁

KBZ BANK
BEST BANK IN MYANMAR
Awarded by
World Finance
Awarded by
Euromoney
Awarded by
The FinanceAsia

# ကြေးမုံ

## ကျောင်းအပ်နှံရေး သီတင်းပတ်

၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံရေးသီတင်းပတ်ကို မေလ ၂၅ ရက်နေ့မှစတင်၍ လက်ခံဆောင်ရွက်ခဲ့ရာ ယနေ့လက်ရှိ၌ အခြေခံပညာကျောင်းအသီးသီးတွင် ကျောင်းသား ကျောင်းသူအားလုံး နီးပါး လက်ခံဆောင်ရွက်ပေးနိုင်ခဲ့သည်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာရေးပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ရာတွင် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁)ကို ရေးဆွဲ၍ နယ်ပယ်ကိုးရပ်နှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်း ၁၂ ရပ်တို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အခြေခံပညာရေးကဏ္ဍတွင် ယခုကျောင်းအပ်နှံရေးသီတင်းပတ် လက်ခံရေးအစီအစဉ်အား ထိရောက်စွာအကောင်အထည်ဖော်နိုင်သည်ကို တွေ့ရသည်။

ကျောင်းအပ်နှံရေးသီတင်းပတ်ကို ဆောင်ရွက်ရာ၌ ကျောင်းနေအရွယ်ကလေးတိုင်း မည်သည့်ခွဲခြားမှုမျှမရှိဘဲ ပညာသင်ယူခွင့်ရရှိစေရေး၊ မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရှိစေရေး၊ ကျောင်းနေမြဲ၍ ကျောင်းထွက်သူ မရှိစေရေး၊ ကျောင်းနေအရွယ်ကလေးတိုင်း မသင်မနေရ အခမဲ့ ပညာရေးဟူသည့်မူဝါဒချမှတ်ပြီး အကောင်အထည်ဖော်ခဲ့ရာ အောင်မြင်မှုအတိုင်းအတာတစ်ခုအထိ ရရှိခဲ့သည်ဟုဆိုရမည်ဖြစ်သည်။

ပညာရေးဌာန၏ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်၏ ဆောင်ပုဒ်မှာ "မည်သည့်ခွဲခြားမှုမျှမရှိဘဲ ကျောင်းနေအရွယ်ကလေးအားလုံး အရည်အသွေးရှိသော ပညာသင်ယူခွင့်ရရှိဖို့ မိဘပြည်သူအားလုံး ဝိုင်းဝန်းကူညီကြစို့" ဖြစ်ရာ ထိုဆောင်ပုဒ်ကို ပြည့်မြောက်အောင် အကောင်အထည်ဖော်နိုင်ရန်အတွက် အရည်အသွေးရှိသော ပညာသင်ယူခွင့်ကို ပညာရေးဌာနက ဆောင်ရွက်နေပြီဖြစ်ရာ မိဘပြည်သူအားလုံးတို့က မိမိတို့၏ကလေးသူငယ်များအားလုံး ကျောင်းနေနိုင်ရန် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

တစ်ချိန်သောကာလက ယခုကဲ့သို့ ကျောင်းအပ်နှံရေးကာလသို့ ရောက်ပြီဆိုလျှင် ချို့တဲ့နွမ်းပါးသော ကျောင်းသားမိဘအုပ်ထိန်းသူများ အဖို့ မိမိကလေးငယ်များ ကျောင်းအပ်နှံရေး ကုန်ကျမှုအတွက် စိုးရိမ်ပူပန်မှုများ၊ အခက်အခဲအကျပ်အတည်းများ ဖြစ်ခဲ့ကြပါသည်။ ကျောင်းနေအရွယ်သားသမီးများသော မိဘများအဖို့ ကျောင်းအပ်နှံရန်အတွက် ရှာရဖွေရနှင့် သောကပွေခဲ့ကြရပါသည်။ ယခုအခါ ဤသို့မဟုတ်ပြီ။ ပညာရေးပြုပြင်ပြောင်းလဲမှု အစီအစဉ်သစ်ကြောင့် ကျောင်းသားမိဘများ ကိုယ်စိတ်နှစ်ပါးချမ်းမြေ့နေကြပြီဖြစ်သည်။

ကျောင်းသားများကို ကျောင်းအပ်လက်ခံကြသော ဆရာ ဆရာမ များအနေဖြင့်လည်း ကျောင်းအပ်နှံရေးသီတင်းပတ်မရောက်မီ စနစ်သစ် ပညာရေးအတွက် သင်တန်းများတက်ရောက်ခဲ့ကြသည်။ ပင်ပန်းသည်ဟု သဘောမထားဘဲ ကျောင်းနေအရွယ်ကလေးတိုင်းကျောင်းနေရေး ပညာရေးရည်မှန်းချက် အောင်မြင်စေရန် တက်တက်ကြွကြွ ဆောင်ရွက်ပေးကြသည်။ မည်သည့်အခကြေးငွေမျှမပေးရဘဲ အခမဲ့ကျောင်းလက်ခံပေးခဲ့ကြသည်မှာ ဝမ်းမြောက်ဖွယ်ဖြစ်သည်။

အသက်ငါးနှစ်ပြည့်သူတိုင်းအား သူငယ်တန်း(KG)တွင်လည်းကောင်း၊ အသက် ခြောက်နှစ်ပြည့်ပြီးသူတိုင်းအား ပထမတန်း(Grade 1) တွင်လည်းကောင်း ကျောင်းနေအရွယ်အားလုံး ကျောင်းနေနိုင်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ မူလတန်းအဆင့်ကျောင်းသားအားလုံး စာဖတ်တတ်ရန်၊ စာရေးတတ်ရန်၊ အင်္ဂလိပ်စာတတ်ရန်၊ အတွက်အချက် တတ်ရန် အလေးထားဆောင်ရွက်နေကြပြီ။ ကျောင်းထွက်သူ လုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့် ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် မိဘ၊ ဆရာအားလုံး ပူးပေါင်းဆောင်ရွက်ပေးနိုင်ခဲ့သည်။

သို့ဖြစ်ရာ လူငယ်လူရွယ်များ အခြေခံပညာရေးကို လက်လှမ်းတမီ သင်ယူနိုင်ခွင့်ရရှိရေးအတွက် မသင်မနေရ အခမဲ့ပညာရေးစနစ်မှာ အောင်မြင်မှုသို့တက်လှမ်းနိုင်ခဲ့သည်။ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် တစ်နိုင်ငံလုံး ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံရေး ရက်သတ္တပတ်ကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီဖြစ်၍ သင်ယူတတ်မြောက်မှုအရည်အသွေးကောင်းမွန်ရေးကို မိဘ၊ ဆရာ၊ ကျောင်းသား အားလုံး လက်တွဲပူးပေါင်းကာ ဆက်လက်ကြိုးပမ်းအားထုတ်ရမည် ဖြစ်ပါကြောင်း။ ။

# နီပေါ ခရီးသွားမြှင့်တင်ရေး မိတ်ဆက်ခြင်းအခမ်းအနားကျင်းပ

**ရန်ကုန် မေ ၂၉**

ဗုဒ္ဓဂယာ၏ ခရီးစဉ်ဒေသတစ်ခုဖြစ်သော လုမ္ဗိနီသို့ မြန်မာနိုင်ငံမှခရီးသွားများ သွားလာမှုအဆင်ပြေစေရေး နီပေါခရီးသွားမိတ်ဆက်ခြင်း အခမ်းအနားတစ်ရပ်ကို "VISIT NEPAL 2020 :Beyond Lumbini "ခေါင်းစဉ်ဖြင့် ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ချက်ထရီယံဟိုတယ်၌ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအုန်းမောင် တက်ရောက်၍ အမှာစကားပြောကြားသည်။




အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ နီပေါသံအမတ်ကြီး Mr.Bhim Udas၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးရန်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ခရီးသွားလုပ်ငန်းရှင်များ တက်ရောက်ကြသည်။ ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် နီပေါသံအမတ်ကြီးတို့က နီပေါခရီးသွားမြှင့်တင် မိတ်ဆက်ခြင်း အခမ်းအနားကို ဖယောင်းတိုင်မီးထွန်းညှိဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီးက နှစ်နိုင်ငံခရီးသွားလုပ်ငန်းကို မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် နီပေါနိုင်ငံတို့သည် ယဉ်ကျေးမှုဓလေ့ထုံးစံများမှာ အများစုတူညီကြကြောင်း၊ နီပေါနိုင်ငံသို့ ခရီးသွားများသွားရောက်နိုင်အောင် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ မြန်မာနိုင်ငံ၏ ပုဂံဒေသသို့လည်း နီပေါခရီးသွားများ အပြန်အလှန် လာရောက်နိုင်အောင်လည်း ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် သံအမတ်ကြီးတို့က ဟိန္ဒူဗဟိုကောင်စီဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဘွဲ့တံဆိပ်ရ ဦးနန္ဒာနှင့် ခရီးသွား ကုမ္ပဏီသုံးခုအား ခရီးသွား အသိအမှတ်ပြု လက်မှတ်များ ပေးအပ်သည်။ "ရန်ကုန်နဲ့ ခတ္တမန္ဒူ တိုက်ရိုက်လေကြောင်းလိုင်းကိုတော့ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလလောက်မှာ ပြေးဆွဲသွားနိုင်ဖို့ ညှိနှိုင်းဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ ဒါက မြန်မာနဲ့နီပေါ တိုက်ရိုက်ပြေးဆွဲတဲ့ ပထမဆုံးလေကြောင်းလိုင်းဖြစ်လာမှာ ဖြစ်ပါတယ်။ လောလောဆယ်မှာတော့ ရန်ကုန်ကနေ တစ်ဆင့် လေကြောင်းနဲ့ နီပေါကိုလာမယ်ဆိုရင် ဒေါ်လာ ၄၅၀ မှ ၅၀၀ လောက်ကုန်ကျပါတယ်။ တိုက်ရိုက်လေကြောင်းနဲ့ ပြေးဆွဲမယ်ဆိုရင် ဒေါ်လာ ၂၈၀ မှ ၃၀၀ လောက်ပဲ ကုန်ကျမှာဖြစ်ပါတယ်" ဟု မြန်မာ-နီပေါ စီးပွားရေးလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကိုကိုလတ်က ပြောသည်။

မြန်မာနိုင်ငံမှ နီပေါနိုင်ငံ သို့ခရီးသွားများ သွားရောက်လည်ပတ်မှုမှာ ၂၀၁၆-၂၀၁၇ ကာလက တစ်နှစ်လျှင် မြန်မာခရီးသွား ဧည့်သည် ၂၅၀၀၀ ခန့်သာရှိရာမှ ယခုအခါ ၃၀၀၀၀ မှ ၃၅၀၀၀ အထိ တိုးတက်လာကြောင်း၊ လာမည့် ၂၀၂၀ တွင် ရန်ကုန်- နီပေါ တိုက်ရိုက်လေကြောင်း ပြေးဆွဲပါက နီးပေါသို့သွားရောက်မည့် မြန်မာခရီးသွား ၁၅၀၀၀၀ အထိ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မောင်စိုး**

# ကလောမြို့နယ်၌ ကလေးစာပေပြပွဲနှင့် ရှားပါးစာအုပ်ဈေးရောင်းပွဲတော်ကျင်းပ

**ကလော မေ ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်တွင် စာချစ်သူများအဖွဲ့က စုစည်းကျင်းပသော စာဖတ်ရှိန်မြှင့်တင်ရေး ကလေးစာပေပြပွဲ သုတ-ရသ-သင်ထောက်ကူ၊ ရှားပါးစာအုပ်ဈေးရောင်းပွဲတော်ကို မေ ၂၉ ရက် နံနက် ၉ နာရီက ကလောဈေးအနီး၌ ကျင်းပသည်။

ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မင်း၊ မြို့နယ်စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ ဦးကျော်မင်းထိုက်၊ စာပေချစ်မြတ်နိုးသူများအသင်း ဥက္ကဋ္ဌ ဦးကိုကိုကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက် စာအုပ်များခင်းကျင်းရောင်းချနေမှုများကို တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။ စာအုပ်ဈေးရောင်းပွဲတော်ကို ရန်ကုန်မြို့မှ စာအုပ်အရောင်းဆိုင်များမှ ဆိုင်ခန်း ၁၃ ခန်းက သုတ၊ ရသစာပေများ၊ သင်ထောက်ကူစာအုပ်များ၊ ရှားပါးစာအုပ်များပါဝင်ပြီး အမြင့်ဆုံး ငွေကျပ် ၆၅၀၀၀ နှင့် အနိမ့်ဆုံး ငွေကျပ် ၅၀၀ ဖြင့် ဈေးနှုန်းချိုသာစွာဖြင့် မှန်ကန်စွာ ရောင်းချပေးလျက်ရှိပြီး ခင်းကျင်းရောင်းချမှုများကို မေ ၂၉ ရက်မှ ဇွန် ၂ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ည ၉နာရီအထိ ငါးရက်ကြာ ဖွင့်လှစ် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဝင်း (ပြန်/ဆက်)**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

သစ်ပင်စိုက်ပါ၊ တို့ပြည်ရွာ
သာယာလှပ၊ တင့်မောစွ

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၂၉**

ရန်ကုန်(ရွှေဈေး) ၁၀၄၉၀၀၀ - ၁၀၄၉၀၀၀ မန္တလေး(ရွှေဈေး) ၁၀၄၉၀၀၀ - ၁၀၄၉၀၀၀

**စက်သုံးဆီဈေးနှုန်း**

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၅၅/၁၀၁၀ ကျပ်၊ | ၁၀၁၅/၁၀၃၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၂၀/၉၈၅ ကျပ်၊ | ၁၀၃၀/၁၀၄၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၅၀/၉၁၅ ကျပ်၊ | ၉၅၅/၉၆၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၆၅/၁၀၂၀ ကျပ်၊ | ၁၀၃၀/၁၀၅၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၉၂၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၉၃၀/၉၄၀ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၈၂၈/၈၄၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၃၅.၃ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၁၂.၈ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၂.၁၆ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၈.၂၀၄ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၆၅.၈၅ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၉၅၇ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၄၀၅.၃ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၈.၄၃ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၆၁.၇ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၁၀.၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း



# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ဂျာမနီသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော်  မေ ၂၉**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီသံအမတ်ကြီး Mrs. Dorothee Janetzke-Wenzel အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

တွေ့ဆုံစဉ် လွှတ်တော်၏ ဥပဒေပြုရေးလုပ်ငန်းစဉ်များ၊ လွှတ်တော်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များအား အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။ ထို့အပြင် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များတွင် ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ ယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့ပေးရေး၊ ဂျာမနီနိုင်ငံ၏ အစီအစဉ်ဖြင့် မြန်မာပြည်သူများအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများ ပို့ချပေးခြင်း ကိစ္စရပ်များတွင် ဂျာမနီနိုင်ငံမှ ပူးပေါင်းဆောင်ရွက်ပေးမှုများအတွက် ကျေးဇူးတင်ရှိကြောင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း နယ်သာလန်သံအမတ်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော်  မေ ၂၉**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန် နိုင်ငံသံအမတ်ကြီး Mr. Wouter Jurgens နှင့်အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌရုံး ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် NIMD / Demo Finland (Netherlands Institute For Multiparty Democracy and Political Parties of Finland for Democracy) အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်နေသော Myanmar School of Politics (MySoP) အမည်ဖြင့် နိုင်ငံရေးပါတီများအား သင်တန်းပို့ချခြင်း၊ သင်တန်းသားဟောင်းများ တွေ့ဆုံခြင်း၊ နိုင်ငံရေးပါတီစုံ စကားဝိုင်းဆွေးနွေးပွဲများ ကျင်းပခြင်းလုပ်ငန်းများနှင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ပူးပေါင်းကူညီဆောင်ရွက်နိုင်မည့် အခြေအနေတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# နိုင်ငံတကာအနေဖြင့် ရခိုင်အရေးကိစ္စနှင့်ပတ်သက်ပြီး မြန်မာအစိုးရအပေါ် ဖိအားပေး အရေးယူမှုများပြုလုပ်လာပါက သဘောမတူနိုင်ကြောင်း ဂျပန်နိုင်ငံသံအမတ်ကြီး ပြောကြား

**ရန်ကုန်  မေ ၂၉**

နိုင်ငံတကာအနေဖြင့် ရခိုင်အရေးကိစ္စနှင့်ပတ်သက်ပြီး မြန်မာအစိုးရအပေါ် ဖိအားပေးအရေးယူမှုများ ပြုလုပ်လာပါက သဘောမတူနိုင်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး Mr.Maruyama က ပြောသည်။

ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ဗဟန်းမြို့နယ်ရှိ ဂျပန်သံအမတ်ကြီး နေအိမ်တွင်ပြုလုပ်သည့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများအပေါ် ဂျပန်နိုင်ငံ၏ တရားဝင် ဖွံ့ဖြိုးရေးအကူအညီ (ODA) ပေးနေမှုနှင့်စပ်လျဉ်းပြီး သတင်းမီဒီယာများနှင့် တွေ့ဆုံမေးမြန်းခြင်းအစီအစဉ်တွင် ဂျပန်သံအမတ်ကြီး Mr.Maruyama က ထိုသို့ ပြောကြားခြင်းဖြစ်သည်။

၎င်းက "ရခိုင်ပြည်နယ်ကိစ္စနဲ့ပတ်သက်ပြီး မြန်မာအစိုးရကို ဖိအားပေးမယ်၊ အရေးယူမယ်ဆိုရင် ကျွန်တော်တို့အနေနဲ့ သဘောမတူနိုင်ပါဘူး။ အဲဒီလိုလုပ်ရင် ပိုပြီး ရှုပ်ထွေးသွားနိုင်ပါတယ်။ ရခိုင်ပြည်နယ်ကိစ္စက အင်မတန်မှ ရှုပ်ထွေးတဲ့ကိစ္စလည်း ဖြစ်ပါတယ်။ ဂျပန်နိုင်ငံအစိုးရအနေနဲ့ မြန်မာပြည်သူလူထု၊ မြန်မာအစိုးရနဲ့ပူးပေါင်းပြီး အကုန်လုံးအတွက် အကောင်းဆုံးအခြေအနေကိုသွားနိုင်အောင် ပူးပေါင်းဆောင်ရွက်သွားမယ်ဆိုတာ ဂျပန်အစိုးရရဲ့ ရပ်တည်ချက်ဖြစ်ပါတယ်"ဟု ပြောသည်။

ဂျပန်အစိုးရအနေဖြင့် မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်



နိုင်ငံဘက်သို့ ထွက်ခွာသွားသူများ ပြန်လည်ဝင်ရောက်လာပါက နေထိုင်ရန်အိမ်များ၊ အစားအစာများအပြင် ပညာသင်ကြားရေးနှင့် အလုပ်အကိုင်ရရှိရေးကိုပါ ကူညီပေးသွားမည်ဖြစ်ကြောင်း ဂျပန်သံအမတ်ကြီးက ပြောကြားခဲ့သည်။

ဂျပန်သံအမတ်ကြီးက "ရခိုင်ပြည်နယ်ကိစ္စက အမျိုးမျိုးရှုပ်ထွေးနေပါတယ်။ မြန်မာအစိုးရအနေနဲ့ ကြိုးစားနေပေမယ့် အောင်မြင်တဲ့အဆင့်ကို မရောက်သေးပါဘူး။ ကျွန်တော်တို့ဖြစ်စေချင်တာက ရခိုင်ပြည်နယ်အတွက် မြန်မာအစိုးရ ကြိုးစားနေတယ်ဆိုတဲ့ပုံစံကို မြန်မာပြည်သူလူထုသာမက နိုင်ငံတကာကိုပြဖို့လည်း အရေးကြီးပါတယ်။ ကုလသမဂ္ဂအဖွဲ့အစည်းများနဲ့ တကယ်ပူးပေါင်းဆောင်ရွက်ပြီး ကြိုးစားနေတယ်ဆိုတာကို နိုင်ငံတကာကိုပြဖို့ အရေးကြီးပါတယ်"ဟု ပြောသည်။

ဂျပန်အစိုးရအနေဖြင့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍအတွက် မြန်မာအစိုးရအား အကူအညီ ပေးသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်အစိုးရက ငါးနှစ်အတွင်း အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံထောက်ပံ့ပေးခဲ့ပြီး ယခုအခါ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ငါးဘီလီယံ သုံးစွဲခဲ့ပြီးဖြစ်ကြောင်း၊ ကျန်ရှိသည့် သုံးဘီလီယံကို နိုင်ငံအတွင်းရှိ ဆင်းရဲမှုပပျောက်ရေး စီမံကိန်းအပါအဝင် စီမံကိန်းအမျိုးမျိုးတွင် သုံးစွဲသွားမည်ဖြစ်ပြီး ဆင်းရဲမှုပပျောက်ရေးစီမံကိန်းထဲတွင် ရခိုင်ပြည်နယ်လည်း ပါဝင်ကြောင်း သိရသည်။

**သတင်း-မင်းသစ်(MNA)၊ သန့်ဇင်ဝင်း**
**ဓာတ်ပုံ-နေလင်း**

**❖ ပိုဟန်စတီးလားစ်အသင်းမှ**

ပိုဟန်စတီးလားစ်အသင်းသည် Myanmar Posco ၏ စီစဉ်မှုဖြင့် မြန်မာနိုင်ငံ၌ ခြေစမ်းပွဲများ လာရောက်ကစားခြင်းဖြစ်ပြီး K-League ပြိုင်ပွဲကြောင့် လူစုံပါဝင်လာခြင်းမရှိသော်လည်း ပါဝင်လာသည့် ကစားသမားများ၏ ခြေစွမ်းအရ မြန်မာအသင်းများအတွက် အကျိုးရှိသည့် ခြေစမ်းပွဲဖြစ်လာမှာ သေချာနေသည်။ ပိုဟန်စတီးလားစ်အသင်းသည် မေ ၂၈ ရက်က ပထမ ခြေစမ်းပွဲအဖြစ် မြန်မာနေရှင်နယ်လိဂ်ကလပ် ရှောဝတီအသင်းနှင့် ယှဉ်ပြိုင်ကစားရာ သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ပိုဟန်စတီးလားစ်အသင်းသည် မြန်မာအသင်းများနှင့် ၁၉၉၀ ပြည့်လွန်နှစ်ကာလများက ကစားခဲ့ဖူးကာ နှစ်ပေါင်း ၂၀ ကျော်မှ တစ်ကျော့ပြန် ယှဉ်ပြိုင်ကစားခြင်းဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-ဘုန်းသော်**

သင့်စီးပွားရေး
အောင်မြင်ဖို့
ကြေးမုံသတင်းစာတွင်
ကြော်ငြာစို့။

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဂျာမနီသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၉**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီသံအမတ်ကြီး Mrs. Dorothee Janetzke-Wenzel အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ-ဂျာမနီနှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲရေး၊ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ ယဉ်ကျေးမှုဆိုင်ရာနှီးနှောဖလှယ်ရေး၊ လွှတ်တော်၏ဥပဒေပြုရေး၊ လွှတ်တော်ကိုယ်စားလှယ်များ၏ အရည်အသွေးဖွံ့ဖြိုးတိုးတက်ရေး၊ ဖက်ဒရယ်ဒီမိုကရေစီစနစ် ထွန်းကားရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း IFES၊ Hornbill နှင့် MYNFREL အဖွဲ့တို့မှ ကိုယ်စားလှယ်များအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၉**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် International Foundation for Electoral Systems (IFES)၊ Hornbill နှင့် Myanmar Network Organization for Free and Fair Elections (MYNFREL) အဖွဲ့တို့မှ ကိုယ်စားလှယ်များအား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။




**အကြံပြုဆွေးနွေး**

တွေ့ဆုံစဉ် IFES၊ Hornbill နှင့် MYNFREL အဖွဲ့တို့မှ ကိုယ်စားလှယ်များက နိုင်ငံသားအသိပညာပေးသင်တန်းစီမံကိန်း "2020 First Time Youth Voters Program" (ပထမပိုင်း) ဆောင်ရွက်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ သင်တန်းပို့ချသည့် ရည်ရွယ်ချက်၊ ပို့ချခဲ့သည့် သင်တန်းသားများအခြေအနေ၊ သင်တန်းပို့ချခဲ့သည့်နေရာများနှင့် အကြိမ်အရေအတွက်၊ ပို့ချခဲ့သည့်သင်ခန်းစာများ၊ သင်တန်းပို့ချရာတွင်တွေ့ကြုံရသည့် အခြေအနေများ၊ ဒုတိယပိုင်းအနေဖြင့် ဆောင်ရွက်ရာတွင် ပိုမိုအဆင်ပြေစေရန် လိုအပ်ချက်များကို ရှင်းလင်းတင်ပြခဲ့ကြသည်။ ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်ကော်မရှင်အဖွဲ့ဝင်တို့က အကြံပြုဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှုမြှင့်တင်ရေးသင်တန်းဆင်းအောင်လက်မှတ် ချီးမြှင့်

**နေပြည်တော် မေ ၂၉**

နေပြည်တော်ရှိ ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်းများအတွက် အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှုမြှင့်တင်ရေးသင်တန်းအမှတ်စဉ်(၂) အောင်လက်မှတ်ချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဘဝတစ်သက်တာ သင်ယူလေ့လာ**

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ယနေ့အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာနက ချီးမြှင့်မည့် အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှုလက်မှတ်ကို ဝန်ကြီးဌာန ၁၇ ခုမှ အရာထမ်း ၆၀ နှင့် အမှုထမ်း ၅၂ ဦးတို့က လက်ခံရရှိကြမည်ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ၏ အရည်အသွေးမြှင့်တင်ရေးအတွက် မဟာဘွဲ့၊ ဒီပလိုမာဘွဲ့နှင့် အောင်လက်မှတ်သင်တန်းများကို ဘဝတစ်သက်တာ သင်ယူလေ့လာမှုအစီအစဉ်ဖြင့် အားပေးဖွင့်လှစ်လျက်ရှိပါကြောင်း၊ သင်တန်းသား သင်တန်းသူများ၏ တိကျသောရည်မှန်းချက်နှင့် ခိုင်မာသောသန္နိဋ္ဌာန်ချကာ အချိန်ပေး၍ လုံ့လဝီရိယဖြင့် ကြိုးစားလေ့လာမှုကြောင့် မိမိတို့နှင့် ထိုက်တန်သော လက်မှတ်များကို ရရှိခဲ့ခြင်းဖြစ်ကြောင်းနှင့် ရှေ့ဆက်လက်၍ မိမိကိုယ်ကို ဘဝတစ်သက်တာ သင်ယူလေ့လာသူအဖြစ်ခံယူကာ မိမိ၏ အင်္ဂလိပ်ဘာသာစကား




စွမ်းရည်ကို မြှင့်တင်လျက် နိုင်ငံ့တာဝန်များကို ပိုမိုထမ်းဆောင်သွားကြစေလိုကြောင်း ပြောကြားခဲ့သည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သင်တန်းသား သင်တန်းသူများအား အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှုလက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာနရှိဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များက သင်တန်းသား သင်တန်းသူများအား အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှုလက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ပညာရေးဝန်ကြီးဌာနသည် အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှုမြှင့်တင်ရေး သင်တန်းအမှတ်စဉ်(၂)ကို ဇန်နဝါရီ ၁၂ ရက်မှ ဧပြီ ၇ ရက် အထိ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကလေးငယ်များ နှုတ်မှုစွမ်းရည် တိုးတက်စေရန် ပုံပြောပြိုင်ပွဲကျင်းပ

**နေပြည်တော် မေ ၂၉**

ကျောင်းသား ကျောင်းသူကလေးငယ်များ လူအများရှေ့တွင် ပြောရဲဆိုရဲရှိလာစေရန်၊ ဉာဏ်ရည် ဉာဏ်သွေး ထက်မြက်လာစေရန်၊ နှုတ်မှုစွမ်းရည်တိုးတက်လာစေရန်နှင့် ဘက်စုံထူးချွန်သောကလေးများ ဖြစ်လာစေရန် ရည်ရွယ်၍ မူလတန်းအဆင့်ကလေးငယ်များ ပုံပြောပြိုင်ပွဲကို ယနေ့နံနက် ၁၀ နာရီခွဲတွင် ဒက္ခိဏခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ပြည်သူ့စာကြည့်တိုက် ကလေးစာဖတ်ခန်း၌ ကျင်းပသည်။

ရှေးဦးစွာ ဒက္ခိဏခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်သီတာအေးက ပြိုင်ပွဲကျင်းပရခြင်းနှင့် ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နေပြည်တော်(YMCA) မှ မူလတန်းအဆင့်ကလေးငယ် ၁၃ ဦးတို့က မိမိတို့နှစ်သက်ရာ ပုံပြင်များဖြင့် အသီးသီးယှဉ်ပြိုင်ကြရာ ပုံပြင်၏ရည်ရွယ်ချက်ကို သဘာဝကျကျဖြင့် ပေါ်လွင်အောင် ပြောဆိုနိုင်သည့် ကလေးငယ်သုံးဦးကို ခရိုင်ဦးစီးအရာရှိ ဒေါ်သီတာအေးက ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းတွင် ပါဝင်သည့်နိုင်ငံများအကြား အခွန်စီမံခန့်ခွဲမှုဆိုင်ရာ ဆွေးနွေးမှုများတွင် ပါဝင်ဆောင်ရွက်နိုင်ခြင်းအားဖြင့် မိမိနိုင်ငံ၏ အခွန်စီမံခန့်ခွဲမှုဆိုင်ရာ စွမ်းဆောင်ရည်များ တိုးမြင့်လာနိုင်

**နေပြည်တော် မေ ၂၉**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ်က မိတ္ထီလာမဲဆန္ဒနယ်မှ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်းအပါအဝင် ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ် ၄၀ ဦး၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ၁၀၅ ဦး စုစုပေါင်းလွှတ်တော်ကိုယ်စားလှယ် ၁၄၅ ဦး အပါအဝင် လက်မှတ်ရေးထိုးပြီး ပေးပို့ထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းတစ်ရပ်ကို ၂၀၁၉ ခုနှစ် မတ် ၁၅ ရက်တွင် ပြည်ထောင်စုလွှတ်တော်ရုံးက လက်ခံရရှိထားပါကြောင်း၊ အဆိုပါ ဥပဒေမူကြမ်းတင်ပြလာမှုနှင့် စပ်လျဉ်း၍ စိစစ်ရာတွင် လက်ရှိပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ၆၅၇ ဦး၏ ၂၀ ရာခိုင်နှုန်းကျော်က လက်မှတ်ရေးထိုးထားသည့်အတွက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၃၃ နှင့်အညီ လက်ခံဆွေးနွေးရမည် ဖြစ်ပါကြောင်း။

ထို့ကြောင့် အဆိုပါ ဥပဒေမူကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၅ နှင့်အညီ လွှတ်တော်အစည်းအဝေးတွင် ဆွေးနွေးခြင်း မပြုမီ အသေးစိတ်လေ့လာစိစစ်နိုင်ရန်အတွက် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင်အားလုံးပါဝင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်း လေ့လာစိစစ်ရေးပူးပေါင်းကော်မတီကို ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၀၁၉ ခုနှစ် မေ ၂၉ ရက် ရက်စွဲပါ အမိန့်ကြေညာစာအမှတ် ၄၁/၂၀၁၉ ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီးဖြစ်ပါကြောင်း၊ ယင်းအမိန့်ကြေညာစာနှင့်အတူ ဒေါက်တာမောင်သင်းနှင့်အဖွဲ့ တင်ပြထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေမူကြမ်းအပါအဝင် ပေးပို့စာနှင့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် ၂၀ ရာခိုင်နှုန်း လက်မှတ်ရေးထိုးထားသော စာရင်းမိတ္တူကိုလည်း လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပါကြောင်း အသိပေးကြေညာသည်။

ထို့နောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း၏ အခွန်စီမံခန့်ခွဲမှု ပူးပေါင်းဆောင်ရွက်ခြင်းစနစ် တည်ထောင်သည့် နားလည်မှုစာချွန်လွှာတွင် လေ့လာသူအဖွဲ့ဝင်အဖြစ် ပါဝင်လက်မှတ်ရေးထိုးရန်ကိစ္စ**နှင့် စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက မြန်မာနိုင်ငံအနေဖြင့် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း၏ အခွန်စီမံခန့်ခွဲမှု ပူးပေါင်းဆောင်ရွက်ခြင်းစနစ် (Belt and Road Initiative Tax Administration Cooperation Mechanism – BRITACOM) စနစ်တွင် လေ့လာသူအဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးများမှာ ရပ်ဝန်းနှင့်ပိုးလမ်းမဆိုင်ရာ စီမံကိန်းများကို ကာလရှည်တည်ဆောက်အကောင်အထည်ဖော်ရာတွင် မြန်မာ - တရုတ်နှစ်နိုင်ငံဆက်ဆံရေးကို အထောက်အပံ့ပြုနိုင်မည်ဖြစ်ခြင်း၊ ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းတွင် ပါဝင်သည့်နိုင်ငံများအကြား အခွန်စီမံခန့်ခွဲမှုဆိုင်ရာ ဆွေးနွေးမှုများတွင် ပါဝင်ဆောင်ရွက်နိုင်ခြင်းအားဖြင့် မိမိနိုင်ငံ၏ အခွန်စီမံခန့်ခွဲမှုဆိုင်ရာ စွမ်းဆောင်ရည်များ တိုးမြင့်လာနိုင်ခြင်းတို့ ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံအနေဖြင့် လေ့လာသူအဖွဲ့ဝင်အဖြစ် ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၆၁၊ ပုဒ်မခွဲ (က)၏ နောက်ဆက်တွဲဇယား ၁၊ အမှတ်စဉ် (၈)ပါ ပြဋ္ဌာန်းချက်အရ ပြည်ထောင်စုလွှတ်တော်တွင် အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက **လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို** ဖတ်ကြားတင်ပြရာတွင် ကော်မတီအနေဖြင့် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် အချက်များအပြင် အဆိုပါအချက်များနှင့် ဆက်စပ်နေသည့် လွှတ်တော်နှစ်ရပ်က အတည်ပြုခဲ့သည့် ဥပဒေကြမ်းအပေါ်တွင်လည်း ထပ်မံလေ့လာစိစစ်ခဲ့ရာတွင် ဤဥပဒေကြမ်း၏ အပိုဒ် ၁၀၃၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၄) ၏နောက်တွင် အပိုဒ်ခွဲငယ် (၅)အဖြစ် အသစ်ဖြည့်စွက်သင့်ကြောင်းကိုလည်း သဘောတူညီချက် ရရှိခဲ့ပါကြောင်း၊ မိမိတို့ ညှိနှိုင်းသဘောတူညီခဲ့သည့် ပြည်သူ့လွှတ်တော်အတိုင်း အတည်ပြုသင့်သည့် အပိုဒ်၊ အပိုဒ်ခွဲများ၊ ပူးပေါင်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုသင့်သည့် အပိုဒ်၊ အပိုဒ်ခွဲများ၊ ဥပဒေကြမ်းကော်မတီအနေဖြင့် ဆက်စပ်၍ အသစ်ဖြည့်စွက်ခဲ့သည့် အပိုဒ်ခွဲငယ်များကို နောက်ဆက်တွဲပါ ကန့်လန့်ဖြတ်ဇယားဖြင့် အပြည့်အစုံ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေတင်ပြထားပြီးဖြစ်ပါကြောင်း။



ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း



ဒေါက်တာမြတ်ဉာဏစိုး



လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို



အုတ်တွင်း မဲဆန္ဒနယ်မှ ဒေါ်ချိုချို

ထို့ကြောင့် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေး၍ ဆုံးဖြတ်အတည်ပြုပေးနိုင်ပါရန် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၂ နှင့်အညီ ဥပဒေကြမ်းပူးပေါင်းကော်မတီက အစီရင်ခံတင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယကက ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် **နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော တံတားကြီးများဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက တစ်ပိုဒ်ချင်းစီအလိုက် အဆိုတင်သွင်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြပြီး လွှတ်တော်၏အဆုံးအဖြတ် ရယူအတည်ပြုသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယကက တံတားကြီးများဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များကို လွှတ်တော်က ဆုံးဖြတ်ထားသည့်အတိုင်း ပြင်ဆင်ပြီး ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၉ နှင့်အညီ နိုင်ငံတော်သမ္မတထံသို့ ပြန်လည်ပေးပို့သွားမည်ဖြစ်ကြောင်း အသိပေးကြေညာသည်။

ဆက်လက်၍ **နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက တစ်ပိုဒ်ချင်းစီအလိုက် အဆိုပြုတင်ပြ၍ လွှတ်တော်၏အဆုံးအဖြတ် ရယူအတည်ပြုသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များကို လွှတ်တော်ကဆုံးဖြတ်ထားသည့်အတိုင်း ပြင်ဆင်ပြီး ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၉ နှင့်အညီ နိုင်ငံတော်သမ္မတထံသို့ ပြန်လည်ပေးပို့သွားမည်ဖြစ်ကြောင်း အသိပေးကြေညာသည်။

## ပြည်ကြီးတံခွန်မြို့နယ် ရေပေးဝေရေးစီမံကိန်း ဆောင်ရွက်ရန် နယ်သာလန်နိုင်ငံ FMO နှင့် ING Bank ထံမှ ယူရို ၂၉ ဒသမ ၉၆ သန်း ချေးငွေရယူရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြား

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ရေပေးဝေရေးစီမံကိန်းဆောင်ရွက်ရန် နယ်သာလန်နိုင်ငံ FMO နှင့် ING Bank ထံမှ ယူရို ၂၉ ဒသမ ၉၆ သန်း ချေးငွေရယူရေးနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အဆိုပါ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်းအားဖြင့် ပြည်ကြီးတံခွန်မြို့နယ်ရှိ လူဦးရေနှစ်သိန်းကျော်အား ဘေးကင်းလုံခြုံစိတ်ချရသည့် ရေကောင်းရေသန့်ကို တစ်ရက်လျှင် ရေဂါလန်ခုနစ်သန်းကို ၂၄ နာရီ ခုနစ်ရက်ပတ်လုံး ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပြီး စက်မှုဇုန်(၁) (၂) (၃) ရှိစက်ရုံ၊ အလုပ်ရုံများနှင့် ရေသန့်စင်စက်ရုံအနီးရှိ ကျေးရွာသုံးရွာတို့တွင်လည်း ရေကောင်းရေသန့် ရရှိခံစားနိုင်မည်ဖြစ်ခြင်း၊ Safe Drinking Water ကို ၂၄ နာရီ ဖြန့်ဝေပေးနိုင်ခြင်း၊ ရေသုံးစွဲသူပြည်သူများ ရေကြောင့်ဖြစ်ပွားနိုင်သည့် ရောဂါများမှ ကာကွယ်ပေးနိုင်ခြင်း၊ ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ခြင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လာနိုင်ခြင်း၊ ဒုဋ္ဌဝတီမြစ်ရေကို သန့်စင်ရယူသုံးစွဲခြင်းဖြင့် မြေအောက်ရေထုတ်ယူသုံးစွဲမှုကို လျှော့ချနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါကြောင်း။

ချေးငွေအပြည့်အဝ ထုတ်ယူသုံးစွဲပါက အကြမ်းအားဖြင့် ဆိုင်းငံ့ကာလအတွင်း တစ်နှစ်လျှင် အတိုးယူရို သုည ဒသမ ၇၀၇ သန်းခန့်နှင့် ပြန်ဆပ်ကာလအတွင်း တစ်နှစ်လျှင် အရင်းအတိုးပေါင်း ယူရို ၃ ဒသမ ၇ သန်းခန့်တို့ကို နှစ်စဉ်ပြန်လည်ပေးဆပ်သွားရမည်ဖြစ်ပါကြောင်း၊ အချိန်စေ့ရောက်သည့် နှစ်အလိုက် အတိုး၊ အရင်း ပြန်လည်ပေးဆပ်နိုင်ရန်အတွက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ တိုးတက်ရရှိလာမည့် ရေဖိုးရေခအပါအဝင် အခြားအခွန်အရပ်ရပ်များမှ ကောက်ခံရရှိသော ဝင်ငွေများကို ကော်မတီ၏ဘတ်ဂျက်သို့ နှစ်အလိုက်ပေးသွင်းပြီး ချေးငွေပြန်လည်ပေးဆပ်ရန်အတွက် နှစ်အလိုက်လျာထား၍ ပေးဆပ်သွားမည် ဖြစ်ပါကြောင်း။

ဤချေးငွေစီမံကိန်းသည် ၂၀၁၈ - ၂၀၁၉ ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ၊ ပြည်သူ့ကြွေးမြီ စီမံခန့်ခွဲမှုဥပဒေ၊ ၂၀၁၈ ခုနှစ် ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာ၊ ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာမူဝါဒတို့နှင့် ကိုက်ညီမှုရှိသည့်အပြင် မကြာသေးမီက ထုတ်ပြန်ထားသော မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၈ - ၂၀၃၀)၏ မဟာဗျူဟာ ၅ ဒသမ ၃ နှင့်လည်း ကိုက်ညီမှုရှိပါကြောင်း၊ သို့ပါ၍ ချေးငွေယူရို ၂၉ ဒသမ ၉၆ သန်း ရယူနိုင်ရေးကိစ္စကို ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးသုံးသပ်၍ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယကက အဆိုပါ ချေးငွေနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ **၂၀၁၈ -၂၀၁၉ ခုနှစ်၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းအပေါ် မူနှင့်အခြေခံသဘော အပါအဝင် ရငွေသုံးငွေများ**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

## ဌာန၊ အဖွဲ့အစည်းများအနေဖြင့် သုံးသင့်သုံးထိုက်သည့် အသုံးစရိတ်များ တွက်ချက်တောင်းခံသကဲ့သို့ နိုင်ငံ၏ ဝင်ငွေပိုမိုတိုးမြှင့်ရရှိနိုင်ရေးအတွက်ကိုလည်း ဘက်စုံထောင့်စုံမှ အားစိုက်ရှာဖွေပေးရေးကို အကြံပြု

လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အနေဖြင့် ပြည်သူများ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်များကို နှစ်စဉ်တိုးမြှင့်လုပ်ဆောင်ပေးမည်ဖြစ်သောကြောင့် အဓိကကျသည့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုစီမံကိန်းများ ပြည့်ပြည့်ဝဝထုတ်လုပ်နိုင်ရန်အတွက် ထိုစီမံကိန်းများကို သတ်မှတ်အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ လက်ရှိလျှပ်စစ်ဓာတ်အား ထုတ်လုပ်နေမှုများ ပုံမှန်လည်ပတ်ထုတ်လုပ်နိုင်ရန် လိုအပ်ချက်များကို အစဉ်အမြဲလေ့လာစစ်ဆေးပြီး ပြင်ဆင်သင့်သည်များနှင့် အစားထိုးလဲလှယ်သင့်သည်များကို အချိန်မီဆောင်ရွက်ရန်လည်း လိုအပ်ပါကြောင်း၊ လုပ်သင့်လုပ်ထိုက်၊ ကုန်သင့်ကုန်ထိုက်သည်များအတွက် သက်ဆိုင်ရာဘဏ္ဍာနှစ်များ၏ ရသုံးခန့်မှန်းခြေစာရင်းများတွင် တွက်ချက်လျာထားသင့်ပါကြောင်း၊ ဌာန၊ အဖွဲ့အစည်းများအနေဖြင့် သုံးသင့်သုံးထိုက်သည့် အသုံးစရိတ်များ တွက်ချက်တောင်းခံသကဲ့သို့ နိုင်ငံ၏ ဝင်ငွေပိုမိုတိုးမြှင့်ရရှိနိုင်ရေးအတွက်ကိုလည်း ဘက်စုံထောင့်စုံမှ အားစိုက်ရှာဖွေပေးရေးကို အကြံပြုလိုပါကြောင်း ဆွေးနွေးသည်။

အုတ်တွင်း မဲဆန္ဒနယ်မှ ဒေါ်ချိုချိုက ပြည်ထောင်စု၏ စုစုပေါင်းဖြည့်စွက်ခွင့်ပြုငွေကို သာမန်စာရင်း၊ ငွေလုံးငွေရင်းစာရင်း၊ ကြွေးမြီစာရင်းနှင့် လုပ်ငန်းသုံးရင်းနှီးငွေစာရင်းဟူ၍ အသုံးစရိတ်အမျိုးအစားအလိုက် ခွဲခြားဖော်ပြရာတွင်လည်း သာမန်အသုံးစရိတ်သည် စုစုပေါင်း ဖြည့်စွက်ခွင့်ပြုရန်ပုံငွေ၏ ၄၄ ဒသမ ၃၃ ရာခိုင်နှုန်းရှိပြီး ငွေလုံးငွေရင်းအသုံးစရိတ်တွင် ၂၀ ဒသမ ၁ ရာခိုင်နှုန်းသာရှိကြောင်း တွေ့ရပြီး နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းသုံးရင်းနှီးငွေ ၂၆ ဒသမ ၉၁ ရာခိုင်နှုန်းကို

စာမျက်နှာ ၇ သို့ » »

# အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်အာမခံစနစ်လုပ်ငန်း ဖြေလျှော့မှုစမ်းသပ်စီမံကိန်း စတင်ခြင်းအခမ်းအနား မန္တလေးမြို့၌ ကျင်းပ

**မန္တလေး မေ ၂၉**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့နှင့် ILO-VZF တို့ပူးပေါင်း၍ အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်အာမခံစနစ်လုပ်ငန်း ဖြေလျှော့မှုစမ်းသပ်စီမံကိန်း စတင်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ၇၈ လမ်းနှင့် ၃၄ လမ်းထောင့် Yadanabon Supercenter (၄) လွှာရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်ခဲ့**

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အလုပ်သမားရေးရာဝန်ကြီး ဦးမျိုးသစ်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော်တို့မှ ကိုယ်စားလှယ်များ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်အေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့မှ Ms. Mariana Infante Villarroel နှင့် ကိုယ်စားလှယ်များ၊ အလုပ်ရှင်အဖွဲ့အစည်းနှင့် အလုပ်သမားအဖွဲ့အစည်းတို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီး ဦးမျိုးသစ်က မန္တလေးတိုင်းဒေသကြီးတွင် အလုပ်လုပ်ကိုင်နေကြသည့် အလုပ်သမားများ နေထိုင်သွားလာမှု အဆင်ပြေစေရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုပြည့်စုံကောင်းမွန်စေရေး၊ လုပ်ငန်းခွင်တည်ငြိမ်ရေး၊ အလုပ်ရှင်နှင့် အလုပ်သမားဆက်ဆံမှုကောင်းမွန်စေရေး၊ အငြင်းပွားမှုများ ပေါ်ပေါက်လာလျှင် အလုပ်သမားဥပဒေများနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးရေးတို့ကို မိမိတို့ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သက်ဆိုင်ရာဝန်ကြီးဌာန၊ အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

အလုပ်သမားများ၏ အကျိုးခံစားခွင့်များကို ထိရောက်မြန်ဆန်စွာ ပေးနိုင်ပါက လူမှုဖူလုံရေးစီမံကိန်းကို အလုပ်ရှင်၊ အလုပ်သမားများ ပိုမိုယုံကြည်အားကိုးလာမည်ဖြစ်ပါကြောင်း ပြောကြားခဲ့ပြီးနောက် ILO မှ Senior Technical Officer, ILO - VZF, Ms. Mariana Infante Villarroel က အမှာစကားပြောကြားသည်။

ထို့နောက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အာမခံအလုပ်သမားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် မကျန်းမာမှု၊မီးဖွားမှု၊ သေဆုံးမှုနှင့် အလုပ်တွင် ထိခိုက်ဒဏ်ရာရမှုတို့ကြောင့် လုပ်ခဝင်ငွေလျော့နည်းခြင်း၊ ရပ်စဲခြင်းများဖြစ်ပေါ်သည့်အခါ အလုပ်သမားနှင့် ၎င်းအပေါ်မှီခိုနေသော မိသားစုဝင်တို့အား ငွေကြေးအကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေးခြင်းဖြင့် စီးပွားရေး၊ လူမှုရေးဒုက္ခများခံစားရခြင်းမှ ကာကွယ်ပေးရန် ဖြစ်ပါကြောင်း။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အလုပ်တွင်ထိခိုက်မှုအကျိုးခံစားခွင့်အာမခံစနစ်လုပ်ငန်း ဖြေလျှော့မှုစမ်းသပ်စီမံကိန်းကို နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များနှင့်ပူးပေါင်းပြီး လေ့လာဆန်းစစ်မှုများ ပြုလုပ်၍ စမ်းသပ်စီမံကိန်းကို ၂၀၁၉ ခုနှစ် ဇွန် ၁ ရက်မှ ဒီဇင်ဘာလအထိ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်တို့တွင် စမ်းသပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စမ်းသပ်စီမံကိန်းအောင်မြင်စေရန် အလုပ်ရှင်၊ အလုပ်သမားများအပြင် သက်ဆိုင်ရာမြို့နယ်ရှိ ဝန်ထမ်းများအနေဖြင့်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် အခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပခဲ့ရာ အခမ်းအနားတွင် Senior Technical Officer, Ms. Mariana Infante Villarroel က EII Pilot Project ဒီဇိုင်းရေးဆွဲခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူး ဒေါ်သန်းသန်းနုက EII Pilot Project ဖြေလျှော့မှုလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းရာ လူမှုဖူလုံရေးအဖွဲ့ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အလုပ်သမားရေးရာဝန်ကြီး ဦးမျိုးသစ် အခမ်းအနားတက်ရောက်လာသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



# အမျိုးသား လျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း ဆောင်ရွက်နိုင်ရန် အီတလီနိုင်ငံမှ အတိုးမဲ့ချေးငွေ ယူရို သန်း ၃၀ ရယူရန်အတွက် ချေးငွေစာချုပ် လက်မှတ်ရေးထိုး

**နေပြည်တော် မေ ၂၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်မည့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း (National Electrification Project: Off- Grid Component NEP-IT) အတွက် အီတလီနိုင်ငံက ပေးအပ်သည့် အတိုးမဲ့ချေးငွေ ယူရိုသန်း ၃၀ အား ရယူရန်အတွက် လက်မှတ်ရေးထိုးပွဲကို မေ ၂၃ ရက် မွန်းလွဲ ၁ နာရီခွဲက နေပြည်တော်ရှိ ငွေတိုက်ဦးစီးဌာန စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အဆိုပါ ချေးငွေမှာအတိုးမဲ့ချေးငွေဖြစ်ပြီး ဆိုင်းငံ့ကာလ ၁၈ နှစ်နှင့် ပြန်ဆပ်ကာလ ၁၀ နှစ် စုစုပေါင်း ချေးငွေသက်တမ်း ၂၈ နှစ် ဖြစ်သည်။ ချေးငွေစာချုပ်အား အီတလီနိုင်ငံကိုယ်စား Mr. Carlo Segni, Cooperazione & Development (Head). Cassa Depositi e Prestiti S.p.A နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ငွေတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်စီစီပြုံးတို့က သဘောတူစာချုပ်အား လက်မှတ်ရေးထိုးခဲ့ကြသည်။

အီတလီနိုင်ငံ အတိုးမဲ့ချေးငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အဆိုပါစီမံကိန်းသည် ၂၀၁၈-၂၀၁၉ ခုနှစ်မှ ၂၀၂၀-၂၀၂၁ ခုနှစ်အထိ စီမံကိန်းကာလ သုံးနှစ်ဖြစ်ပြီး ချင်းပြည်နယ် စစ်ကိုင်းတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး (နာဂဒေသ) တို့အတွင်း ကျေးရွာ ၁၀၁၉ ရွာရှိ အိမ်ခြေပေါင်း ၉၆၅၀၀ အား အိမ်သုံးဆိုလာစနစ် အသေးစားဓာတ်အားစနစ်တို့ဖြင့် ကျေးလက်မီးလင်းရေးရရှိစေရန် ရည်ရွယ်ခြင်းဖြစ်သည်။

အဆိုပါအခမ်းအနားသို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်နှင့် ဖိတ်ကြားထားသည့် အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အီတလီနိုင်ငံသံအမတ်ကြီး Ms. Alessandra Schiavo နှင့် Mr. Carlo Segni, Cooperazione & Development (Head). Cassa Depositi e Prestiti S.p.A တို့ ဦးဆောင်သောတာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**


# လှော်လှော်အင်း စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းတို့ကို ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးစစ်ဆေး

**ရန်ကုန် မေ ၂၉**

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဦးအောင်နိုင်သည် ရုံးအဖွဲ့မှူး ဦးရဲလွင်၊ ခရိုင်နှင့် မြို့နယ် တရားသူကြီးတို့နှင့်အတူ ယနေ့ နံနက်ပိုင်းက လှည်းကူးမြို့နယ် မင်းကုန်း စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်း၊ လှေလှော်အင်းစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် တရားသူကြီး ဦးအောင်နိုင်သည် စခန်းရှိ အကျဉ်းသားများနှင့်တွေ့ဆုံ၍ ဥပဒေပါအခွင့်အရေးများ ခံစားရရှိခွင့် ရှိမရှိ၊ ၎င်းတို့၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးနှင့် အသက်မွေးမှု အတတ်ပညာသင်ကြားပေးမှုများကို ဆွေးနွေးမေးမြန်းခဲ့ပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် စခန်းရှိ တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ကျောက်ဆည်မြို့နယ် ရန်ပုံနှစ်ကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းပြုလုပ်

**ကျောက်ဆည် မေ ၂၉**

ကျောက်ဆည်မြို့နယ် ရန်ပုံနှစ်ကျေးရွာ ရွာလယ်မဏ္ဍာရုံတွင် မေ ၂၈ ရက် ညနေ ၅ နာရီက ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း ကျင်းပခဲ့ကြောင်း သိရပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဒေါ်ကျော့မြတ်ခိုင်က ဆွေးနွေးပွဲစကားဝိုင်း ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စကားဝိုင်းတွင်ဆွေးနွေးသွားကြမည့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြည်သူများနှင့် မိတ်ဆက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်က တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆောင်ရွက်ပေးနေသည့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းအကြောင်းကို ရှင်းလင်းပြောကြားပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနများမှ တာဝန်ရှိသူများက ၎င်းတို့ တာဝန်ယူပြီး ဆောင်ရွက်ပေးနေသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအကြောင်း အသီးသီးရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာသည့်ပြည်သူများက ကျေးရွာလိုအပ်ချက်များ ထပ်မံတင်ပြ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သက်မောင်(ပြန်/ဆက်)**

»» စာမျက်နှာ ၅ မှ
ဖြည့်စွက်ခွင့်ပြုထားသည်ကို တွေ့ရှိရပါကြောင်း၊ ရငွေနှင့်ပတ်သက်၍ မူလခန့်မှန်းခြေ၏ ၂၅ ရာခိုင်နှုန်းအောက် အကောင်အထည်ဖော်သည့် ဌာနအဖွဲ့အစည်းများရှိနေပြီး အဆိုပါ အဖွဲ့အစည်းများအနေဖြင့် နောက်ထပ်တိုးမြှင့်ကောက်ခံနိုင်မည်ဆို၍ တိုးမြှင့်လျာထားသည်ကိုလည်း တွေ့ရပါကြောင်း။

### ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ အလေအလွင့်အနည်းဆုံးဖြစ်အောင် ဆောင်ရွက်ကြရမည်

အသုံးစရိတ်နှင့်ပတ်သက်၍ အကောင်အထည်ဖော်မှုတွင် အချို့ဌာနများအနေဖြင့် ၃၀ ရာခိုင်နှုန်းခန့်သာ သုံးစွဲအကောင်အထည်ဖော်နိုင်သေးသည်ကို တွေ့ရှိရပါကြောင်း၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာတွင် ဖြည့်စွက်ခွင့်ပြုငွေ၊ သုံးငွေ၊ ထပ်တိုးတောင်းခံသည့်ဌာနများအနေဖြင့် တင်ဒါလုပ်ငန်းနှင့် မိုးတွင်းကာလရောက်ပြီဆိုသည့် ဖြစ်စဉ်များသည် ကြီးမားသည့်ကန့်သတ်ချက်များဖြစ်သည်ကို ထောက်ခံသော်လည်း ဌာနများအနေဖြင့် မည်သည့်အခက်အခဲများရှိစေကာမူ မူလရည်မှန်းချက်အတိုင်း အကောင်အထည်ဖော်နိုင်ရန် အရေးကြီးသည့်အတွက် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ အလေအလွင့်အနည်းဆုံးဖြစ်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း အကြံပြုဆွေးနွေးသည်။

အလားတူ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်၊ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီးနှင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးအောင်မျိုးလတ်တို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ကို မေ ၃၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)**

# ပဲခူးတိုင်းဒေသကြီး သမဝါယမအသင်းက အသင်းသားတောင်သူများထံမှ နွေစပါးတင်း ၁၀၀ လျှင် ငွေကျပ်ငါးသိန်း ဈေးပေးဝယ်လျက်ရှိ

**ရန်ကုန် မေ ၂၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ယမန်နေ့မွန်းလွဲပိုင်းက တောင်ငူမြို့နယ် ကြံတောကျေးရွာ၌ တောင်ငူမြို့နယ် သမဝါယမအသင်းစုမှ စပါးဝယ်ယူပေးနေမှုကို ကြည့်ရှုအားပေးပြီး ဒေသနေတောင်သူများနှင့် တွေ့ဆုံကာ သီးထပ်စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး တွဲဖက်လုပ်ကိုင်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။



**နည်းပညာနှင့် အကူအညီများ ပံ့ပိုးပေးနိုင်ရေးဆောင်ရွက်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက လက်ရှိဖြစ်ပေါ်လျက်ရှိသော စပါးဈေးနှုန်းများအရ တောင်သူလယ်သမားများတွေ့ကြုံနေကြရသော အခက်အခဲများ ဖြေရှင်းနိုင်ရေးအတွက် မိမိတို့အစိုးရအနေဖြင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည့် နည်းတူ ဝန်ကြီးဌာနအနေဖြင့်လည်း ဗဟိုသမဝါယမအသင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး အသင်းစုချုပ်များနှင့်ညှိနှိုင်း၍ ယာယီအစီအစဉ်တစ်ရပ်အနေဖြင့် သမဝါယမအသင်းများ၏ no profit၊ no loss ဟူသော ကျင့်စဉ်နှင့်အညီ သမဝါယမ အသင်းသူအသင်းသားများအတွက်မျှော်မှန်းပြီး ကူညီဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ သမဝါယမအသင်းများက သင့်တင့်သည့်ဈေးနှုန်းဖြင့် ဝယ်ယူပေးခြင်းဖြင့် တောင်သူများ ပင်ပန်းကြီးစွာ စိုက်ပျိုးထွက်ရှိလာသည့်သီးနှံများ မျှတသည့် ဈေးနှုန်းရရှိရေးအတွက် သီးနှံဈေးနှုန်းထိန်းညှိပေးနေသကဲ့သို့ ဒုတိယတစ်သီးတွင် ဈေးကွက်အလားအလာရှိသည့်သီးနှံများ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ သက်ဆိုင်ရာဌာနများက နည်းပညာနှင့်အကူအညီများ ကူညီပံ့ပိုးပေးနိုင်ရေးတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိုးကာလများတွင် ဖြစ်ပေါ်တတ်သည့် စစ်တောင်းမြစ်ရေ ရေကြီးရေလျှံမှုသက်သာစေရန် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ကြည့်ရှုအားပေး**

ယမန်နှစ် နွေစပါးရာသီတွင် စပါးဈေးတင်း ၁၀၀ လျှင် ကျပ်ခြောက်သိန်းခန့်ရှိခဲ့သော်လည်း ယခုနှစ်တွင် ကျပ်လေးသိန်းခွဲခန့်သာရှိရာ တောင်သူများ အခက်အခဲဖြစ်ပေါ်နေကြောင်းသိရှိရ၍ တိုင်းဒေသကြီး သမဝါယမအသင်းက အသင်းသားတောင်သူများထံမှ အစို ၁၄ ရာခိုင်နှုန်းနှင့် ဖုန်သဲခဲကင်းစင်ပါက သတ်မှတ်ဂိုဒေါင်အရောက် ကျပ်ငါးသိန်း ဈေးပေးဝယ်ယူလျက်ရှိကြောင်း၊ ယနေ့အထိ တောင်ငူခရိုင်၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်တို့မှ စပါးတင်းပေါင်း ၇၅၆၄ တင်း ဝယ်ယူပြီးဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်ငူမြို့နယ် မိုးကောင်းကျေးရွာ တောင်သူဦးသန်းမြင့်၏ ဘက်စုံပေါင်းစည်းလယ်ယာသို့ရောက်ရှိကြပြီး ဒေသနေတောင်သူများနှင့်တွေ့ဆုံကာ လယ်ယာအခြေခံ ဘက်စုံကုန်ထုတ် သမဝါယမလုပ်ငန်းဆိုင်ရာကိစ္စရပ်များ တိုးမြှင့်ဆောင်ရွက်ရေးဆွေးနွေးပြီး စပါးအခြောက်ခံစက်ဖြင့် စပါးအခြောက်ခံလုပ်ငန်း ဆောင်ရွက်နေမှု၊ အသင်းသားတောင်သူများထံမှ စပါးများဝယ်ယူသိုလှောင်ထားရှိမှုတို့ကို ကြည့်ရှုအားပေးသည်။

**ဆွေးနွေးမှာကြား**

ညနေပိုင်းတွင် တောင်ငူမြို့နယ် ဇီးဖြူပင်ကျေးရွာ စစ်တောင်းမြစ်ရေတိုက်စားမှုကြောင့် မြစ်ရေတင်စီမံကိန်း ဆောင်ရွက်လျက်ရှိသည့် နေရာများတွင် ကမ်းစားကမ်းပြိုဖြစ်ပေါ်နေမှုအပေါ် တုတ်ရိုက်ကမ်းထိန်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ်၍ ဆက်လက်ဆောင်ရွက်ရန် လိုအပ်ချက်များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း၊ ပညာရေးဝန်ဆောင်မှုလုပ်ငန်းနှင့် စွမ်းအင်သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းများအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြု



**နေပြည်တော် မေ ၂၉**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၈/၂၀၁၉) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကော်မရှင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဦးသောင်းထွန်း၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာသန်းမြင့်နှင့် အဖွဲ့ဝင် ကိုးဦး တက်ရောက်ကြသည်။

**အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်မည်**

အစည်းအဝေးတွင် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း၊ ပညာရေးဝန်ဆောင်မှုလုပ်ငန်းနှင့် စွမ်းအင်သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ခြောက်ခုခွင့်ပြုခဲ့သည်။ အဆိုပါလုပ်ငန်း ခြောက်ခု၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၈ ဒသမ ၆၂၀ သန်းနှင့် ကျပ်သန်းပေါင်း ၁၀၆၄၃၅ ဒသမ ၉၉ သန်းရှိပြီး ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းပေါင်း ၆၅၉ နေရာကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

**သတင်းစဉ်**

## ထိုင်းနိုင်ငံတွင် အလုပ်ထုတ်ခံရသည့် အလုပ်သမား ၆၉ ဦးအတွက် လျော်ကြေး ဘတ် ၅၃ သိန်းကျော်ရရှိ

**ဗန်ကောက် မေ ၂၉**

ထိုင်းနိုင်ငံ ပကျန်ဘူရီရှိ Chow Steel သံရည်ကြိုစက်ရုံမှ အလုပ်ထုတ်ခံရသည့် အလုပ်သမား ၆၉ ဦးအတွက် ဘတ်ငွေ ၅၃ သိန်းကျော် ဥပဒေပါအတိုင်း လျော်ကြေးရရှိရန် မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ် MOEAF ထိုင်းမှ သွားရောက်ကူညီ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ သံရည်ကြိုစက်ရုံမှ အလုပ်ထုတ်ခံရသည့် အလုပ်သမား ၆၉ ဦးမှာ အေးလင်းလက်ထွင်၊ Labour Asia နှင့် Moe Moe Family ပြည်ပအလုပ်အကိုင် အေဂျင်စီတို့မှ တရားဝင်စေလွှတ်ထားသည့် အလုပ်သမားများဖြစ်ပြီး စက်ရုံမှ လုပ်အားလျှော့ချသည်ဟုဆိုကာ အလုပ်သမားများအား အလုပ်ထုတ်ခဲ့ခြင်းဖြစ်သည်။

အလုပ်ထုတ်ခံရခြင်းအတွက် အလုပ်သမားများမှ အလုပ်သမားသံအရာရှိရုံးနှင့် MOEAF(ထိုင်း) Call Centre သို့ အကူအညီတောင်းခံခဲ့သည်။ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် အလုပ်သမားသံအရာရှိတို့၏ တာဝန်ပေးမှုဖြင့် မေ ၂ ရက်က MOEAF(ထိုင်း) Call Centre မှ ဥပဒေအကြံပေး ဦးအောင်မျိုးသန့်နှင့် သက်ဆိုင်ရာအေဂျင်စီများမှ ဒါရိုက်တာများ လိုက်ပါလျက် နယ်မြေ စဝါဒီကန်ရုံး(DLPW) သို့ သွားရောက်၍ ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ ထို့နောက် စက်ရုံရှိ တာဝန်ရှိသူများနှင့် ထပ်မံညှိနှိုင်းဆွေးနွေးခဲ့ရာမှ အလုပ်ထုတ်ခံရသူ အလုပ်သမားများအတွက် ၁၉၉၈ ခုနှစ် အလုပ်သမားကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၁၁၈ အရ မေ ၁၀ ရက်တွင် လျော်ကြေးရရှိစေရန် စက်ရုံနှင့် ကတိဝန်ခံစာချုပ် ချုပ်ဆိုဆောင်ရွက်နိုင်ခဲ့သည်။

MOEAF နှင့် သက်ဆိုင်ရာအေဂျင်စီများ၏ ဆောင်ရွက်ပေးမှုကြောင့် အလုပ်ဖြုတ်ခံရသည့် လုပ်သား ၆၉ ဦးတို့အတွက် နှစ်အလိုက် ထိုင်းဥပဒေပါအတိုင်း ပျမ်းမျှတစ်ဦးလျှင် ဘတ် ခုနစ်သောင်းဝန်းကျင်နှင့် ဘတ်သိန်း ၅၀ ကို မေ ၁၀ ရက်တွင်လည်းကောင်း၊ စက်ရုံအတွင်း လုပ်ကိုင်ရင်း ရောဂါရရှိခဲ့သူအတွက် နစ်နာကြေး ထိုင်းဘတ်ငွေ သုံးသိန်းခွဲကို မေ ၈ ရက်တွင်လည်းကောင်း ရရှိခဲ့ကြပြီး စုစုပေါင်း ထိုင်းဘတ်ငွေ ၅၃ သိန်းကျော်ကို ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ယခုလို ဥပဒေပါအတိုင်း လျော်ကြေးရရှိရန် MOEAF (ထိုင်း)မှ သွားရောက်ကူညီဆောင်ရွက်ပေးခဲ့မှုကြောင့် ယင်းအလုပ်သမားများမှ မေ ၂၀ ရက်တွင် MOEAF (ထိုင်း) Call Center ရုံးသို့ လာရောက်ခဲ့ပြီး MOEAF ရုံးတွင် ကူညီစောင့်ရှောက်ထားသော ဘဝတူလုပ်သားများ စားသောက်စရိတ်အတွက် ထိုင်းဘတ်ငွေ တစ်သောင်းခွဲကို လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**နန္ဒကျော်စွာ**

## သတင်းစာရှင်းလင်းပွဲ

✪ ရှေ့ဖုံးမှ

တာဝန်ယူစဉ်ကာလအတွင်း ပို့ကုန် သုံးဆ မြှင့်တင်နိုင်ရေးကို ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိပါကြောင်း။

ကုန်သွယ်မှုမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၅၃၈ ဘီလီယံ၊ ၂၀၁၈ ခုနှစ်(Mini Budget) တွင် အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၆၇၉ ဘီလီယံ ဆောင်ရွက်နိုင်ခဲ့ပြီး ယခု ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် မေ ၁၀ ရက်အထိ အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၁၉၈ ဘီလီယံ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ပို့ကုန်တင်ပို့နိုင်မှုမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၈၅၀ ဘီလီယံ၊ ၂၀၁၈ ခုနှစ် (Mini Budget)တွင် အမေရိကန်ဒေါ်လာ ၈ ဒသမ ၈၂၁ ဘီလီယံ၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် (မေလ ၁၀ ရက်အထိ) အမေရိကန် ဒေါ်လာ ၁၀ ဒသမ ၁၄၆ ဘီလီယံ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

### ပို့ကုန် သုံးဆနီးပါး မြှင့်တင်နိုင်ခဲ့

အဓိက ပို့ကုန်တိုးတက်သည့် ကဏ္ဍအနေဖြင့် CMP အထည်ချုပ်ကဏ္ဍဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၈၀၀ ကျော်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် (မေလ ၁၀ ရက်အထိ) အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၆၁ ဘီလီယံအထိ ပို့ကုန် သုံးဆနီးပါး မြှင့်တင်နိုင်ခဲ့ပါကြောင်း၊ အတည်မပြုနိုင်သေးသည့် သတင်းများအရ ယခုနှစ်အတွင်း အထည်ချုပ်ကဏ္ဍမှ ပို့ကုန်သည် အမေရိကန်ဒေါ်လာ ၄ ဒသမ ၇ ဘီလီယံအထိရောက်ရှိနေပြီဖြစ်ကြောင်း၊ ရေထွက်ကုန်ပစ္စည်းတင်ပို့မှုသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၆၉၉ ဒသမ ၀၄ သန်းရှိလာသည့်အတွက် ၆၅ ရာခိုင်နှုန်း တိုးတက်လာပါကြောင်း၊ ငါးပုစွန်ကဏန်းမွေးမြူသည့်လုပ်ငန်းများ တိုးတက်လာသည့်အတွက် ရေထွက်ပစ္စည်းမှ ထုတ်ကုန်များတွင် ၂၀၂၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ တစ်ဘီလီယံအထိ တိုးတက်လာမည်ဟု မျှော်မှန်းပါကြောင်း၊ ဆန်စပါးတင်ပို့မှုတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ တန်ချိန် ၃ ဒသမ ၅ သန်းအထိ တိုးတက်တင်ပို့နိုင်ခဲ့ပြီး ယခုနှစ်တွင် ဆန်တင်ပို့မှု ၂ ဒသမ ၂ သန်းခန့် တင်ပို့နိုင်မည်ဟု ခန့်မှန်းပါကြောင်း။

### ကုန်သွယ်မှုလိုငွေလျော့ကျ

ကုန်သွယ်မှုလိုငွေ လျော့ကျအောင် ဆောင်ရွက်လျက်ရှိရာတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၅ ဒသမ ၂၁၂ ဘီလီယံရှိခဲ့ရာမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၃ ဒသမ ၈၃၆ ဘီလီယံထိလည်းကောင်း၊ ၂၀၁၈ ခုနှစ် (Mini Budget) တွင် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၃၇ ဘီလီယံ ထိလည်းကောင်း၊ ယခု ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် မေ ၁၀ ရက်အထိ ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ သုည ဒသမ ၉၀၅ ဘီလီယံ ထိလည်းကောင်း ကုန်သွယ်မှုလိုငွေသည် တစ်နှစ်ထက်တစ်နှစ် လျော့ကျလာခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

ကုန်သွယ်မှုတိုးတက်စေရေးအတွက် ဖြေလျှော့မှုများအဖြစ် ပို့ကုန်ပစ္စည်း အမည် ၃၂ ခုနှင့် သွင်းကုန်ပစ္စည်းအမည် ၄၉ ခု စုစုပေါင်း ကုန်ပစ္စည်းအမည် ၈၁ မျိုးအား Fully Online Licensing စနစ်ဖြင့် လျှောက်ထားရယူနိုင်ရေး ဆောင်ရွက်ပေးခဲ့ခြင်း၊ CMP (အထည်ချုပ်) သွင်းကုန်လိုင်စင်များကို Fully Online စနစ်ဖြင့် လုပ်ကိုင်ဆောင်ရွက်ပေးခဲ့ခြင်း၊ နယ်စပ်ကုန်သွယ်ရေးစခန်းများတွင် တစ်ဦးချင်း ကုန်သွယ်ခွင့် မှတ်ပုံတင်လက်မှတ် (Individual Trading Card-ITC) များအား Manual စနစ်ဖြင့် ထုတ်ပေးလျက်ရှိရာမှ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁ ရက်မှစတင်၍ Online Application စနစ်သို့ ပြောင်းလဲဆောင်ရွက်နိုင်ခဲ့ခြင်း၊ မိမိနိုင်ငံမှ တင်ပို့သော ပို့ကုန်ပစ္စည်းများအတွက် ပင်ရင်းနိုင်ငံ ထုတ်ကုန်ဖြစ်ကြောင်း အသိအမှတ်ပြုထောက်ခံချက်လက်မှတ် ထုတ်ပေးသည့် အကောက်ခွန်သက်သာခွင့်ဆိုင်ရာ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်များ (Certificate of Origin-CO Form) များကိုလည်း Online CO Application System ဖြင့် ပြောင်းလဲထုတ်ပေးနိုင်ရေး ဆောင်ရွက်နိုင်ခဲ့ခြင်း၊ ကုန်သွယ်မှုဆိုင်ရာ ငွေကြေး ပေးသွင်းမှုများကို မြန်မာနိုင်ငံသားများဘဏ်(MCB) နှင့် ချိတ်ဆက်၍ e-payment စနစ်ဖြင့် ချိတ်ဆက်မှုအပြင် MPU (POS) စနစ်ဖြင့် အသုံးပြုနိုင်အောင် ဆောင်ရွက်ပေးခဲ့ခြင်း၊ နိုင်ငံခြားကုမ္ပဏီများ၊ အစိုးရမဟုတ်သော ပြည်ပအဖွဲ့အစည်းများနှင့် နိုင်ငံခြားကုမ္ပဏီများ၏ ရုံးခွဲများအနေဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်စေရန်အတွက် ၎င်းတို့၏ ရုံးလုပ်ငန်းသုံးပစ္စည်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် ဆက်နွှယ်နေသော ပစ္စည်းများအား တင်သွင်းခွင့်ပြုပေးခဲ့ခြင်း၊ နိုင်ငံခြားသားကုမ္ပဏီ၊ မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသား ပေါင်းစည်းဆောင်ရွက်သည့် ကုမ္ပဏီများအား ပြည်တွင်းတွင် လက်လီ၊ လက်ကားရောင်းချခွင့်ပြုခြင်းများကို ဆောင်ရွက်ခွင့်ပေးခဲ့ခြင်း၊ ကုန်စည်လိုင်း ၁၁၁၆၇ ခုရှိသည့်အနက် ပို့ကုန်အပိုင်းတွင် လိုင်စင်လျှောက်ထားရန် လိုအပ်သည့် ကုန်စည်လိုင်း ၃၃၄၅ နှင့် သွင်းကုန်အပိုင်းတွင် လိုင်စင်လျှောက်ထားရန် လိုအပ်သည့် ကုန်စည်လိုင်း ၄၆၁၃ သာထားရှိခဲ့ပြီး ကျန်ကုန်စည်လိုင်းများကို လိုင်စင်လျှောက်ထားရန်မလိုအပ်သော ကုန်စည်လိုင်းများအဖြစ် ဖြေလျှော့ဆောင်ရွက်ပေးခဲ့ခြင်းတို့ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ကုန်သွယ်မှုနှင့်သက်ဆိုင်သော ကဏ္ဍများအားလုံးကို လွှမ်းခြုံနိုင်မည့်ဥပဒေတစ်ရပ် ပြဋ္ဌာန်းနိုင်ရေးအတွက် World Bank နှင့် GIZ တို့၏ အကူအညီရယူကာ ကုန်သွယ်မှုဥပဒေပြဋ္ဌာန်းနိုင်ရေး ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း။

### စုံစမ်းဖော်ထုတ်

၂၀၁၈ ခုနှစ် စက်တင်ဘာ ၁၈ ရက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၄၆/၂၀၁၈) ဖြင့် အများပြည်သူထိခိုက်စေသော ဆင့်ပွားဈေးကွက်ဖြန့်ချိရေးစနစ် (Multilevel Marketing) လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်းကို တားမြစ်ကြောင်း ကြေညာခဲ့ပြီး တိုက်ရိုက်ရောင်းချခြင်းဥပဒေကို ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆင့်ပွားဈေးကွက်ဖြန့်ချိရေးစနစ်ကို တားမြစ်ထားသော်လည်း ဈေးကွက်အတွင်း ဆက်လက်ဆောင်ရွက်နေသည်ကို တွေ့ရှိရသည့်အတွက် စုံစမ်းဖော်ထုတ်မှုများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် E-Trade Readiness Survey ကို UNCTAD အကူအညီဖြင့် ဆောင်ရွက်ခဲ့ပြီး E-Commerce ထူထောင်ရေး၊ ဆိုက်ဘာလုံခြုံရေးဥပဒေတွင် အီးကောမတ်ဆိုင်ရာ ပြဋ္ဌာန်းချက်များ ပါဝင်နိုင်ရေးကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍအနေဖြင့်လည်း Digital Economy Association အဖွဲ့တစ်ရပ် ဖွဲ့စည်းနိုင်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။



ဒုတိယဝန်ကြီး ဦးအောင်ထူး ရှင်းလင်းပြောကြားစဉ်။

### အများဆုံးတင်ပို့

မြန်မာနိုင်ငံ၏ အဓိကပို့ကုန်ဖြစ်သည့် ဆန်တင်ပို့ရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ နယ်စပ်မှတစ်ဆင့် အများဆုံးတင်ပို့လျက်ရှိပါကြောင်း၊ နှစ်စဉ် တန်ချိန် ၁ ဒသမ ၅ သန်းခန့် နယ်စပ်မှတစ်ဆင့် တင်ပို့လျက်ရှိပါကြောင်း၊ ထိုသို့ တင်ပို့ရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် ယူနန်ပြည်နယ်ကူမင်းမြို့အစိုးရနှင့် ကုန်သွယ်ရေးဦးစီးဌာနတို့အကြား ကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို ၂၀၁၉ ခုနှစ် ဧပြီ ၂၁ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပါကြောင်း။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပင်လယ်ရေကြောင်းမှတစ်ဆင့် ဆန်တင်ပို့ရန် Quota တန်ချိန် တစ်သိန်း ရရှိထားပြီးဖြစ်ပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဆန်တင်ပို့ရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံကုန်ပစ္စည်းအရည်အသွေး ကြီးကြပ်ရေး၊ စစ်ဆေးရေးနှင့် ပိုးမွှားကင်းစင်မှု ထိန်းချုပ်မှုအာဏာပိုင်အဖွဲ့ (AQSIQ) တို့အကြား ချုပ်ဆိုခဲ့သည့် မြန်မာနိုင်ငံမှ ဆန်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့ရာတွင် စစ်ဆေးခြင်းနှင့် ပိုးမွှားကင်းစင်ရေး သဘောတူစာချုပ်ပါ အချက်များနှင့် ကိုက်ညီစွာ စစ်ဆေးထုတ်လုပ်တင်ပို့သွားနိုင်ရေး အနီးကပ်ကြီးကြပ်၍ ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မြန်မာ့ဆန်တင်ပို့နိုင်ရေး လုပ်ငန်းကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်လျက် ရှိပါကြောင်း။

နိုင်ငံတကာဈေးကွက်တွင် မြန်မာနိုင်ငံ၏ ဆန်ဈေးကွက် ဝေစုရရှိရေးနှင့် ကမ္ဘာ့ဈေးကွက်သို့ တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ဆန်တင်ပို့မှုဆိုင်ရာ G to G Agreement များ လက်မှတ်ရေးထိုး ဆောင်ရွက်နိုင်ရေးကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထို့အပြင် မြန်မာနိုင်ငံမှ ထွက်ရှိသည့် ဆန်အပြင် ဆန်ကွဲအား တရုတ်နိုင်ငံသို့ တရားဝင် တင်ပို့နိုင်ရန်အတွက် တရုတ်နိုင်ငံတွင် မှတ်ပုံတင်နိုင်ရေး တရုတ်နိုင်ငံ အကောက်ခွန် အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့ (GACC) နှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း။

မကြာသေးမီက ဖြစ်ပေါ်ခဲ့သည့် မြန်မာနိုင်ငံမှ ဆန်များအား အိုင်ဗရီကို့စ်နိုင်ငံ အာဏာပိုင်များက စားသုံးရန်မသင့်ဟု ကြေညာ၍ ဖျက်ဆီးခဲ့သည့်ကိစ္စကြောင့် အာဖရိကနိုင်ငံများသို့ တင်ပို့နေသည့် မြန်မာ့ဆန်ဈေးကွက် မထိခိုက်စေရေးနှင့် ပြည်ပသို့ ဆန်တင်ပို့ရေးလုပ်ငန်းများတွင် စနစ်တကျဖြစ်စေရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိအချိန်အထိ အိုင်ဗရီကို့စ်နိုင်ငံသို့ ဆန်တန်ချိန် ၇၈၃၉၀ တင်ပို့ထားခဲ့ပြီး အိုင်ဗရီကို့စ်နိုင်ငံအပြင် အခြားအာဖရိကနိုင်ငံများသို့ ဆက်လက်၍လည်း တင်ပို့လျက်ရှိပါကြောင်း။

### ဈေးကွက်သစ်

ဈေးကွက်သစ်အနေဖြင့် ယခုဘဏ္ဍာနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ NFA မှ ခေါ်ယူသော ဆန် တင်ဒါအောင်မြင်ခဲ့ပြီး တင်ပို့နိုင်ခဲ့ရာ ဆန်တန်ချိန် ၁၄၆၅၁၀ ကျော် တင်ပို့နိုင်ခဲ့ပါကြောင်း၊ ယင်းသည် မြန်မာနိုင်ငံက မကြာသေးမီကာလအတွင်းမှာ ရရှိခဲ့သည့် ဆန်ဈေးကွက်တစ်ခု ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ လယ်ယာထွက်ကုန်များတွင် နိုင်ငံခြားငွေအများဆုံး ရှာဖွေပေးလျက်ရှိသည့် ပဲမျိုးစုံ တိုးချဲ့တင်ပို့နိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့သို့ ထပ်မံသွားရောက်ခဲ့ပြီး ပဲမျိုးစုံအား နှစ်နိုင်ငံ G to G လက်မှတ်ရေးထိုးတင်ပို့နိုင်ရေး ထပ်မံညှိနှိုင်းဆွေးနွေးခဲ့ကြပြီး G to G မတိုင်မီ အချက်သုံးချက် တောင်းဆိုခဲ့ပါကြောင်း၊ ပထမအချက်အနေဖြင့် ယခုနှစ်အတွက် တင်သွင်းခွင့် ခွဲတမ်းထုတ်ပြန်ချက်အား မတ်လကုန်၌ ထုတ်ပြန်ပေးရန် ဒုတိယအချက်အနေဖြင့် မတ်ပဲကို ခွဲတမ်းပို၍ သတ်မှတ်ပေးရန်နှင့် တတိယအချက်အနေဖြင့် ခွဲတမ်းကို သုံးလသာ မဟုတ်ဘဲ တစ်နှစ်ပတ်လုံး တင်သွင်းခွင့်ပြုပေးရန် တောင်းဆိုခဲ့ပါကြောင်း။

### တင်သွင်းခွင့်ပြု

ထိုသို့ တောင်းဆိုခဲ့သည့်အတွက် အိန္ဒိယနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ၂၉-၃-၂၀၁၉ ရက်နေ့တွင် ပဲတီစိမ်း တန်ချိန် ၁ ဒသမ ၅ သိန်း၊ မတ်ပဲ တန်ချိန် ၁ ဒသမ ၅ သိန်း၊ ပဲစင်းငုံ တန်ချိန် နှစ်သိန်း၊ ပဲလုံး(Peas) တန်ချိန် ၁ ဒသမ ၅ သိန်း တင်သွင်းခွင့်ပြုကြောင်း အသိပေးချက် ထုတ်ပြန်ပေးခဲ့ပါကြောင်း။

ထိုသို့ ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် လက်ရှိအချိန်တွင် ပြည်တွင်း မတ်ပဲဈေးနှုန်းမှာ တစ်တန်လျှင် ငွေကျပ် ကိုးသိန်းဝန်းကျင်နှင့် ပဲစင်းငုံ တစ်တန်ဈေးနှုန်းမှာ ငွေကျပ် ၁၀ သိန်း ဝန်းကျင်ခန့် ဖြစ်ပေါ်နေပြီး စိုက်ပျိုးထုတ်လုပ်သူ တောင်သူများအတွက် ထိုက်သင့်သည့် အကျိုးအမြတ်များ ရရှိနေပြီဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ပြည်သူ့အတွက် တတိယ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန် ဦးထွန်းထွန်းနိုင်က စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏စီးပွားရေးမူဝါဒ၊ ဘဏ္ဍာရေးမူဝါဒ၊ ရင်းနှီးမြှုပ်နှံမှု မူဝါဒများနှင့်အညီ ကာလတို၊ ကာလရှည် အကျိုးဖြစ်ထွန်းစေမည့်ကိစ္စများကို လုပ်ငန်းစဉ်များချမှတ်ဆောင်ရွက်ခဲ့ပါကြောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတွင် ဌာန/ အဖွဲ့အစည်းပေါင်း ၁၈ ခုရှိပါကြောင်း။

စီမံကိန်းရေးဆွဲရေးဦးစီးဌာနအနေဖြင့် နိုင်ငံတော်၏ ဖွံ့ဖြိုးမှုလိုအပ်ချက်များနှင့် ကမ္ဘာ့အဆင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်များချိန်ညှိကာ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးမှုစီမံကိန်း (MSDP) ကို မဏ္ဍိုင် သုံးရပ်၊ ပန်းတိုင် ငါးခု၊ မဟာဗျူဟာ ၂၈ ခုနှင့် လုပ်ငန်းစဉ် ၂၅၁ ခုတို့ဖြင့် ရေးဆွဲခဲ့ပါကြောင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုပုံစံ၊ နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဆောင်ရွက်မည့်ပုံစံ၊ ဖွံ့ဖြိုးမှုအကူအညီများဖြင့် ဆောင်ရွက်မည့်ပုံစံ၊ အခြားထောက်ပံ့မှုပုံစံများဖြင့် ဆောင်ရွက်မည့် စီမံကိန်းများကို Project Bank တွင် ထည့်သွင်းပြီး ဆောင်ရွက်လျက်ရှိပါကြောင်း။

စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှု အစီရင်ခံရေးဦးစီးဌာနအနေဖြင့် တတိယ (၁) နှစ်တာကာလအတွင်း ခရိုင် ၂၄ ခရိုင်တို့ရှိ လုပ်ငန်းနှင့် လုပ်ငန်းစီမံကိန်းများကို မြေပြင်ကွင်းဆင်းစိစစ်ခဲ့ပါကြောင်း။

ဗဟိုစာရင်းအင်းအဖွဲ့အနေဖြင့် သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေး၊ တုံ့ပြန်ဆောင်ရွက်နိုင်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ရေရှည်စီမံကိန်းများအတွက် အထောက်အကူပြုနိုင်ရန် သဘာဝဘေးအန္တရာယ်ဆိုင်ရာ မြန်မာနေထိုင်မှုအခြေအနေ စစ်တမ်း (၂၀၁၇) ၏ အဓိကညွှန်ကိန်းများ အစီရင်ခံစာ (Key Indicators Report) တို့ကို ၂၀၁၈ ခုနှစ် ဇွန်လအတွင်း ထုတ်ပြန်နိုင်ခဲ့ပါကြောင်း။

### ခွဲဝေထုတ်ပေး

ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနအနေဖြင့် ပြည်သူ့ဘဏ္ဍာသိမ်းမော်တော်ယာဉ် ၃၄၃၇ စီး လက်ခံရရှိခဲ့ပြီး မော်တော်ယာဉ် ၃၉၇၃ စီးကို ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များနှင့် ဌာနဆိုင်ရာများသို့ ခွဲဝေထုတ်ပေးခဲ့ပါကြောင်း။

အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက် ဦးစီးဌာနအနေဖြင့် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံ၏ သမိုင်းအစဉ်အလာ၊ ယဉ်ကျေးမှုတို့နှင့်ပတ်သက်သည့် အထောက်အထားများဖြစ်သည့် မှတ်တမ်း၊ မော်ကွန်းများအား လုံခြုံစွာ ထိန်းသိမ်းထားရှိခြင်းကို ပြည်သူများ ပိုမိုသိရှိလာစေရေးအတွက် အခမ်းအနားများ၊ ဒေသဆိုင်ရာပြခန်းများတွင် ပါဝင်ပြသခဲ့ပါကြောင်း။

နိုင်ငံ့ဝန်ထမ်းများ စွမ်းရည်မြင့်မားရေးအတွက် မိတ္ထီလာစီးပွားရေးတက္ကသိုလ်နှင့် ပူးပေါင်း၍ အုပ်ချုပ်မှုနှင့် ဖွံ့ဖြိုးမှုပညာဘွဲ့လွန်သင်တန်းဌာနတွင် ပြည်သူ့ရေးရာစီမံခန့်ခွဲမှု မဟာဘွဲ့ (MPA)၊ စီးပွားရေးစီမံခန့်ခွဲမှုမဟာဘွဲ့ (MBA) နှင့် ဒီပလိုမာသင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားပို့ချပေးနိုင်ခဲ့ပါကြောင်း။

### အတိုးနှုန်း ကိုးရာခိုင်နှုန်းဖြင့် ထုတ်ချေး

မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များသို့ အတိုးနှုန်း ကိုးရာခိုင်နှုန်းဖြင့် တတိယ (၁) နှစ်တာကာလအတွင်း MSME လုပ်ငန်းရှင် စုစုပေါင်း ၂၇၀ သို့ ငွေကျပ် ၁၃၆၇၁ သန်းအား ထုတ်ချေးခဲ့ပါကြောင်း။

JICA MSME Two-Step Loan ချေးငွေများကိုလည်း အတိုးနှုန်း ၈ ဒသမ ၅ ရာခိုင်နှုန်းဖြင့် တတိယ(၁)နှစ်တာကာလအတွင်း MSME လုပ်ငန်းရှင် စုစုပေါင်း ၃၈ ဦးသို့ ငွေကျပ် ၆၀၆၅ သန်းအား ထုတ်ချေးခဲ့ပါကြောင်း။

မြန်မာ့စီးပွားရေးဘဏ်နှင့် Digital Money Myanmar Ltd, Wave Money တို့ အကျိုးတူပူးပေါင်း၍ ၂၀၁၉ ခုနှစ် ဧပြီလမှစပြီး ဘဏ်ခွဲ ရှစ်ဘဏ်တွင် Wave Money စနစ်ဖြင့် Wave Money Agent များတွင် အငြိမ်းစားလစာ ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်အနေဖြင့် ပုဂ္ဂလိကကဏ္ဍ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုမ္ပဏီများသို့ ကာလတို မြန်မာကျပ် ချေးငွေ (Kyat Lending) ထုတ်ချေးပေးခြင်းဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါကြောင်း။

စာမျက်နှာ ၉ သို့ ✪

✪ စာမျက်နှာ ၈ မှ

မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်အနေဖြင့် ဘဏ်၏ စံနှုန်းသတ်မှတ်ချက်များနှင့်အညီ ပို့ကုန်နှင့် သွင်းကုန်လုပ်ငန်းကုမ္ပဏီများသို့ ကုန်သွယ်မှုချေးငွေများထောက်ပံ့ခြင်း (Export and Import Trade Financing) နှင့် ပြည်သူများ ငွေကြေးလျင်မြန်လွယ်ကူစွာ ဆောင်ရွက်နိုင်ရန် OK$ ဖြင့် Mobile Payment ဝန်ဆောင်မှုတို့အား ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စိုက်ပျိုးစရိတ်ချေးငွေများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၁၇၀၇ ဒသမ ၇၀ ဘီလီယံထုတ်ချေးခဲ့ရာမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၂၀၁၇ ဒသမ ၆၂ ဘီလီယံအထိ ထုတ်ချေးရန် လျာထားဆောင်ရွက်လျက်ရှိပါကြောင်း။

**ဝင်ငွေပိုမိုတိုးတက် ရှာဖွေပေးနိုင်**

ထို့အပြင် ဧကများစွာ စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည့် တောင်သူလယ်သမားများအား စိုက်ပျိုးစရိတ်ချေးငွေနှင့် စိုက်ပျိုးရေးအထောက်အကူပြုလယ်ယာသုံး စက်ကိရိယာများဝယ်ယူနိုင်ရန် နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး၊ ပြည်နယ် ၁၄ ခုရှိ မြို့နယ် ၁၅၆ မြို့နယ်မှ တောင်သူလယ်သမား ၂၂၂၅ ဦးသို့ ၂၀၁၉ ခုနှစ် ဧပြီ ၃၀ ရက်အထိ JICA Two Step Loan ချေးငွေကျပ် သန်းပေါင်း ၈၇ ဒသမ ၄၆ ဘီလီယံ ထုတ်ချေးပေးခဲ့ပါကြောင်း။

အလားတူ စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူတောင်သူများ အပါအဝင် လုပ်ငန်းရှင်များသို့ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် မြန်မာ့စီးပွားရေးဘဏ်တို့ ပူးပေါင်း၍ ၂၀၁၉ ခုနှစ် ဧပြီ ၃၀ ရက်အထိ လုပ်ငန်းရှင် ၆၈၀ သို့ MEB Two Step Loan ချေးငွေကျပ်သန်း ၆ ဒသမ ၃၃ ဘီလီယံ ထုတ်ချေးပေးနိုင်ခဲ့ပါကြောင်း။

မြန်မာ့အာမခံလုပ်ငန်းအနေဖြင့် အာမခံအမျိုးအစားပေါင်း ၃၆ မျိုးကို လက်ခံဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်တွင် ဝင်ငွေကျပ် ၆၂ ဘီလီယံဖြစ်ပြီး တတိယ (၁) နှစ်တာကာလအတွင်း ဝင်ငွေကျပ် ၇၁ ဘီလီယံ ရရှိခဲ့သဖြင့် ယခင်နှစ်ထက် ကိုးဘီလီယံခန့် နိုင်ငံတော်အတွက် ဝင်ငွေပိုမိုတိုးတက်ရှာဖွေပေးနိုင်ခဲ့ပါကြောင်း။

ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနအနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်အရ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်မှစတင်၍ ဘဏ္ဍာနှစ်ကို အောက်တိုဘာ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ ပြောင်းလဲပြင်ဆင်ဆောင်ရွက်ခဲ့ပါကြောင်း။

**အပြီးသတ် မူကြမ်းရေးဆွဲနိုင်**

နိုင်ငံ့ဝန်ထမ်းများ၏ လစာနှုန်းထားများကို ၂၉-၄-၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၀/၂၀၁၈) ဖြင့် တိုးမြှင့်သတ်မှတ်နိုင်ခဲ့ပါကြောင်း။

ငွေတိုက်ဦးစီးဌာနအနေဖြင့် အစိုးရ၏ ဝယ်ယူရေးနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲရောင်းချရေးဆိုင်ရာ ဥပဒေအား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အပါအဝင် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများပူးပေါင်း၍ အပြီးသတ် မူကြမ်းရေးဆွဲနိုင်ခဲ့ပါကြောင်း။

ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အောင်ဘာလေထီတစ်စောင်ကို ယခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစပြီး တစ်ထောင်ကျပ်နှင့် ရောင်းချခဲ့ပြီး ဆုမဲများကို ကျပ်သိန်း ၁၅၀၀၀ ထိ တိုးမြှင့်ပေးနိုင်ခဲ့ကာ အခြားဆုမဲများကိုလည်း ပိုမိုတိုးမြှင့်ပေးနိုင်ခဲ့ပါကြောင်း။

အကောက်ခွန်ဦးစီးဌာနအနေဖြင့် သွင်းကုန်၊ ပို့ကုန်လုပ်ငန်းများကို ယခင် Manual စနစ်နှင့် ဖိုင်များ၊ စာရွက်စာတမ်းဖြင့် ရှင်းလင်းဆောင်ရွက်လျက်ရှိခဲ့ရာမှ မြန်မာအလိုအလျောက် ကုန်ပစ္စည်းရှင်းလင်းရေးစနစ် (Myanmar Automated Cargo Clearance System - MACCS) ကို မြဝတီကုန်သွယ်ရေးဇုန်တွင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။



အမြဲတမ်းအတွင်းဝန် ဦးထွန်းထွန်းနိုင် ရှင်းလင်းပြောကြားစဉ်။

တရားမဝင်ကုန်သွယ်မှုများ လျှော့ချရေးအတွက် အမြဲတမ်းစစ်ဆေးရေးစခန်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အကောက်ခွန်စစ်ဆေးရေးစခန်းများ၊ ဆိပ်ကမ်း၊ လေဆိပ်၊ လေဆိပ်ကုန်ရုံနှင့် အကောက်ခွန် အထူးကင်းအဖွဲ့များမှ ဖမ်းဆီးရရှိမှု စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ်သန်းပေါင်း ၃၈၆၅ ဒသမ ၀၉၂ ဖမ်းဆီးအရေးယူ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

**ပင်စင်လစာများ တိုးမြှင့်ခံစားခွင့်ပြု**

ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူ ၇၀ ရာခိုင်နှုန်းကျော်၏ လူမှုဘဝ တိုးတက်မြင့်မားရေးကို အထောက်အကူဖြစ်စေရန် အသေးစားငွေရေးကြေးရေး (Micro Finance) အဖွဲ့အစည်း ၁၇၇ ဖွဲ့ကို လုပ်ကိုင်ခွင့်ပြုထားပြီး မြန်မာတစ်ပြည်လုံး အသေးစားချေးငွေများကို ထုတ်ချေးလျက်ရှိပါကြောင်း။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာပေါင်း ၁၈၀၀၀ ကျော်၊ လူဦးရေပေါင်း သုံးသန်းခွဲကို ငွေကျပ် ၄၁၂၉ ဘီလီယံ ထုတ်ချေးခဲ့ပြီး စုဆောင်းငွေကျပ် ၃၃၅ ဘီလီယံအထိရှိခဲ့ပါကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာပေါင်း ၂၂၀၆၃၊ လူဦးရေ ငါးသန်းခန့်ကို ငွေကျပ် ၆၂၆၇ ဘီလီယံထုတ်ချေးခဲ့ပြီး စုဆောင်းငွေကျပ် ၄၈၇ ဘီလီယံအထိ ရရှိခဲ့ပါကြောင်း။

ပင်စင်ဦးစီးဌာနအနေဖြင့် ပင်စင်စားများ၏ အငြိမ်းစားလစာကို လက်ရှိဝန်ထမ်းများ ပင်စင်ခံစားခွင့်အတိုင်း ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ပင်စင်လစာမှစ၍ တိုးမြှင့်ခံစားခွင့်ပြုခဲ့ပါကြောင်း။

ပင်စင်လစာနှင့်ပတ်သက်၍ နိုင်ငံတော်၏ ဝန်ထုပ်ဝန်ပိုး လျော့ကျစေရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲသည့် စနစ်တစ်ခုပေါ်လာစေရန် ထည့်ဝင်ကြေးစနစ်နှင့် အကျိုးခံစားခွင့်ပြုသည့် ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ (Central Provident Fund-CPF) ကို ထူထောင်သွားမည်ဖြစ်ပါကြောင်း။

အခွန်အယူခံခုံအဖွဲ့ရုံး အနေဖြင့် ပြည်ထောင်စုလွှတ်တော်၏ ဥပဒေအမှတ် ၂၃/၂၀၁၈ ဖြင့် အခွန်အယူခံခုံအဖွဲ့ဥပဒေကို ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် ပြဋ္ဌာန်းနိုင်ခဲ့ပြီး ရုံးလုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့စွာ အသွင်ကူးပြောင်းနိုင်ရန်နှင့် လိုအပ်သော ပြင်ဆင်ညှိနှိုင်းမှုများ ပြုလုပ်နိုင်ရန် အသွင်ကူးပြောင်းရေးကာလကို နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၂/၂၀၁၉ ဖြင့် ထုတ်ပြန်ခဲ့ပါကြောင်း။

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးအနေဖြင့် ရန်ကုန်စတော့အိပ်ချိန်း စာရင်းဝင်ကုမ္ပဏီများ တိုးပွားလာစေရန်နှင့် စာရင်းဝင်ရောက်ရန် စိတ်ဝင်စားသည့် ကုမ္ပဏီများကို ကူညီဆောင်ရွက်ရန် အထူးလုပ်ငန်းအဖွဲ့ (Special Task Force for Listing Promotion -STF) ကို ဖွဲ့စည်းနိုင်ခဲ့ပါကြောင်း။



အမြဲတမ်းအတွင်းဝန် ဦးအောင်နိုင်ဦး ရှင်းလင်းပြောကြားစဉ်။

အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီများမှ အစုရှယ်ယာထုတ်ဝေခြင်းနှင့် အများပြည်သူများမှ ရင်းနှီးမြှုပ်နှံခြင်းများ ဆောင်ရွက်နိုင်ရေးအတွက် (Listing Promotion Seminar) အသိပညာပေး ဟောပြောပွဲများကို ရန်ကုန်စတော့အိပ်ချိန်း၌သာမက တိုင်းဒေသကြီးနှင့် ပြည်နယ်မြို့ကြီးများတွင် စာရင်းဝင်ကုမ္ပဏီများ၊ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများနှင့်ပူးပေါင်း၍ ကျင်းပဆောင်ရွက်လျက်ရှိပါကြောင်း။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် အစိုးရက ချမှတ်ထားသည့် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုမူဝါဒများနှင့်အညီ ရေရှည်အကျိုးရှိစေမည့် စီးပွားရေးပတ်ဝန်းကျင်တစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်လာစေရေး၊ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ပွင့်လင်းမှုရှိပြီး လွယ်ကူရှင်းလင်းစွာ ပါဝင်ဆောင်ရွက်လာစေရေး အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနတို့၏ ပြည်သူ့အတွက် တတိယ (၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန် ဦးအောင်နိုင်ဦးက ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာနကို ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၁၉ ရက်တွင် ဖွဲ့စည်းခဲ့ပြီး ဝန်ကြီးရုံး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန နှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန တို့ ပါဝင်ပါကြောင်း။

**ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနသည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရာတွင် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ဗဟိုအဖွဲ့အစည်းများ၊ တိုင်းဒေသကြီးများနှင့်ပြည်နယ်အစိုးရများအကြား ထိရောက်မြန်ဆန်ချောမွေ့စေမည့် လုပ်ငန်းစဉ်များ ထူထောင်ပြဋ္ဌာန်းလုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် စီးပွားရေးလုပ်ငန်းများ လွယ်ကူချောမွေ့စေရန်၊ ပြည်ပငွေကြေးအကူအညီ၊ နည်းပညာအထောက်အပံ့၊ တရားဝင်ဖွံ့ဖြိုးမှု အထောက်အပံ့ချေးငွေ၊ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုတို့ကို ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်သွားရန် စသည့် ရည်မှန်းချက်တာဝန်များ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဝန်ကြီးဌာန၏ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအစီအစဉ်များအနေဖြင့် Mandalay Business Forum ကို ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၉ ရက်တွင် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိ Mandalay Convention Centre တွင် ကျင်းပခဲ့ပါကြောင်း၊ Ayeyarwady Region Investment Fair ကို ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၃၀ ရက်မှ ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၁ ရက်အထိ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ငွေဆောင်ကမ်းခြေတွင် ကျင်းပခဲ့ပါကြောင်း၊ Invest Myanmar Summit 2019 ကို ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၈ ရက်တွင် နေပြည်တော် MCC-2 ၌ ကျင်းပခဲ့ပါကြောင်း၊ ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၃ ရက်အထိ ရခိုင်ပြည်နယ် သံတွဲမြို့နယ် ငပလီကမ်းခြေရှိ Jasmine Ngapali Resort Hotel တွင် ကျင်းပခဲ့ပါကြောင်း၊ AVPN မြန်မာလူမှု ရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်တွင် ရန်ကုန်မြို့ရှိ Pan Pacific Hotel တွင် ကျင်းပခဲ့ပါကြောင်း၊ Myanmar-China (Guangdong) Trade and Investment Cooperation Conference ကို ၂၀၁၉ ခုနှစ် မတ် ၁၂ ရက်တွင် ရန်ကုန်မြို့ရှိ Wyndham Hotel တွင် ကျင်းပခဲ့ပါကြောင်း၊ ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် ဒေသထွက်ကုန်ပြပွဲကို ၂၀၁၉ ခုနှစ် မတ် ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ရန်ကုန်မြို့ရှိ Myanmar Convention Center-MCC တွင် ကျင်းပခဲ့ပါကြောင်း၊ Mandalay International Trade Fair and Business Forum 2019 ကို ၂၀၁၉ ခုနှစ် မတ် ၂၃ ရက်မှ ၂၅ ရက်အထိ မန္တလေးမြို့ရှိ Mandalay Convention Center တွင် ကျင်းပခဲ့ပါကြောင်း၊ Yangon Investment Forum 2019 ကို ၂၀၁၉ ခုနှစ် မေ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ရန်ကုန်မြို့ရှိ Lotte Hotel တွင် ကျင်းပခဲ့ပါကြောင်း။

**ပေါင်းစပ်ညှိနှိုင်း**

ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် အဆင်ပြေချောမွေ့စေရေးအနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ UK Department for International Development (DFID)နှင့် DaNa Facility တို့ပူးပေါင်း၍ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် အဆင်ပြေချောမွေ့ရေး အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၉ ခုနှစ် မေ ၇ ရက်တွင် နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပခဲ့ပါကြောင်း။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ Department for International Development(DFID) နှင့် DaNa Facility တို့ပူးပေါင်း၍ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် အဆင်ပြေချောမွေ့စေရေး အလုပ်ရုံဆွေးနွေးပွဲ (အောက်မြန်မာပြည်) ကို ၂၀၁၉ ခုနှစ် မေ ၁၆ ရက်နှင့် ၁၇ ရက်တွင် ရန်ကုန်မြို့ Chatrium Hotel ၌ ကျင်းပခဲ့ပါကြောင်း။

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ Department for International Development (DFID)၊ DaNa Facility နှင့် International Trade Centre(ITC)တို့ ပူးပေါင်း၍ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် အဆင်ပြေချောမွေ့စေရေး အလုပ်ရုံဆွေးနွေးပွဲ(အထက်မြန်မာပြည်) ကို ၂၀၁၉ ခုနှစ် မေ ၂၀ ရက်တွင် မန္တလေးမြို့ရှိ Hazel Hotel ၌ ကျင်းပခဲ့ပါကြောင်း။

လက်ရှိလုပ်ထုံးလုပ်နည်းများကို ပြောင်းလဲ၍ ရှင်းလင်းလွယ်ကူသော စံချိန်စံညွှန်းမီ လုပ်ထုံးလုပ်နည်း (Standard Operating Procedures- SOP) နှင့်စပ်လျဉ်း၍ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၆ ရက်တွင် ကျင်းပခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁၆/၂၀၁၈)တွင် ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်စပ်နေသည့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ကော်မတီများ ပေါင်းစပ်ညှိနှိုင်း၍ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စံချိန်စံညွှန်းမီ လုပ်ထုံးလုပ်နည်း(SOP)များ ရေးဆွဲပြုစုရန် ဆုံးဖြတ်ချက်ချခဲ့ပါကြောင်း။

**ရင်းနှီးမြှုပ်နှံမှုမြှင့်တင်**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်တွင် တစ်နေရာတည်း၌ တစုတစည်းတည်း အလုံးစုံ ဝန်ဆောင်မှုပေးနိုင်ရန်နှင့် နောင်တွင် Online စနစ်ဖြင့် ဆောင်ရွက်နိုင်ရန်အတွက် လက်ရှိလုပ်ထုံးလုပ်နည်းများ ပြောင်းလဲပြီး ရှင်းလင်းလွယ်ကူသော SOP အသစ်များကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်တို့ ဦးဆောင်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (မြေယာစီမံခန့်ခွဲရေး၊ ယစ်မျိုးစီမံခန့်ခွဲရေး) ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာန စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့နှင့် စတင်ဦးစားပေးအနေဖြင့် (SOP)များ ညှိနှိုင်းရေးဆွဲ ဆောင်ရွက်လျက်ရှိပါကြောင်း။

ရင်းနှီးမြှုပ်နှံမှုပြပွဲများ ဆောင်ရွက်သကဲ့သို့ ပြည်ထောင်စုဝန်ကြီးနှင့် အကြီးတန်းအရာရှိများသည် ပြည်ပသို့ သွားရောက်၍လည်း ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးဌာန စတင်ဖွဲ့စည်းပြီးနောက် ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ဟောင်ကောင်၊ မကာအိုတို့သို့ ခရီးစဉ် (၅) ကြိမ်၊ ဇန်နဝါရီမှ မေလအတွင်း ဗြိတိန်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ နီပေါနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံတို့သို့ သွားရောက်၍ မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်ရန် စိတ်ဝင်စားသည့် လုပ်ငန်းရှင်များကို သွားရောက်တွေ့ဆုံ၍ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါကြောင်း။

ပြည်ပသို့ သွားရောက်ဆောင်ရွက်ခဲ့သကဲ့သို့ လာရောက်သည့် စီးပွားရေးအဖွဲ့အစည်း (Business Delegation )များ မိမိတို့နိုင်ငံအတွင်း လာရောက်သည့်အခါတွင်လည်း လက်ခံတွေ့ဆုံ၍ လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၁၈ ခုနှစ် ဧပြီလမှ ဒီဇင်ဘာလအတွင်း ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအတွက် ပြည်ပမှ Business Delegation အဖွဲ့ ၂၁ ဖွဲ့အား လက်ခံတွေ့ဆုံခဲ့ပါကြောင်း။

ယခုနှစ်တွင် Online ကုမ္ပဏီ မှတ်ပုံတင်စနစ်ကို ထူထောင်နိုင်ခဲ့သည့်အတွက် တိုးတက်မှုများစွာ ရရှိခဲ့ပါကြောင်း၊ Starting a Business နှင့်ပတ်သက်၍ ပိုမိုကောင်းမွန်သည့် ရလဒ်ထွက်ပေါ်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံခြား စီးပွားဆက်သွယ်ရေးအနေဖြင့် လူမှု-စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံအချင်းချင်းနှင့် အပြည်ပြည်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများမှ ဖွံ့ဖြိုးမှုအကူအညီများ ရရှိရေး၊ ဒေသနှင့် ဒေသခွဲဆိုင်ရာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် မိမိတို့ဝန်ကြီးဌာနမှ Coordinating Ministry အနေနှင့် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

စာမျက်နှာ ၁၀ သို့ ✪

# Care International in Norway အဖွဲ့ လွိုင်ကော်မြို့တွင် ကျားမအခြေပြုနှင့်ဆိုင်သော အမျိုးသမီးများအားတွေ့ဆုံပြီး မှတ်တမ်းဗီဒီယိုရိုက်ကူး

**လွိုင်ကော် မေ ၂၉**

Care International in Norway အဖွဲ့သည် နော်ဝေနိုင်ငံအစိုးရပိုင်မီဒီယာဖြစ်သည့် NRK သတင်းဌာနနှင့်အတူ ယနေ့နံနက် ၁၀ နာရီက ကယားပြည်နယ် လွိုင်ကော်မြို့ လောပိတကျေးရွာအုပ်စု ကန်နီကျေးရွာသို့ သွားရောက်၍ Care International Myanmar အဖွဲ့မှ ဆောင်ရွက်နေသည့် ကျားမအခြေပြုနှင့်ဆိုင်သော အမျိုးသမီးများအား တွေ့ဆုံပြီး မှတ်တမ်းဗီဒီယိုရိုက်ကူးသည်။

Care International in Norway ဦးဆောင်သော ရိုက်ကူးရေးအဖွဲ့သည် ကြယ်စင်ညီအစ်မအဖွဲ့ဥက္ကဋ္ဌ ဒေါ်စုစုအေးကို ကန်နီကျေးရွာအတွင်း Care International Myanmar အဖွဲ့နှင့် ကျားမအခြေပြုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နေသော လုပ်ငန်းများအကြောင်း မေးမြန်းမှုများ ပြုလုပ်ခဲ့သည်။

ယင်းနောက် ကန်နီကျေးရွာအတွင်း Care International Myanmar အဖွဲ့၏ ထောက်ပံ့ကူညီမှုဖြင့် အမျိုးသမီးများကိုယ်တိုင် ဦးဆောင်လုပ်ကိုင်လျက်ရှိသော မွေးမြူရေးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုခဲ့ကြပြီး ဦးဆောင်လုပ်ကိုင်နေသော အမျိုးသမီးများနှင့် တွေ့ဆုံမေးမြန်းခြင်း မှတ်တမ်းဗီဒီယိုများ ရိုက်ကူးခဲ့ကြောင်း သိရသည်။

Care International in Norway အဖွဲ့သည် နော်ဝေနိုင်ငံအစိုးရပိုင်မီဒီယာဖြစ်သည့် NRK သတင်းဌာနနှင့် မေ ၂၈ ရက်မှ ၃၁ ရက်အတွင်း ကယားပြည်နယ် လွိုင်ကော်မြို့ လောပိတကျေးရွာအုပ်စု ကန်နီကျေးရွာနှင့် နန်းကွတ်ကျေးရွာများသို့ သွားရောက်၍ Care International Myanmar အဖွဲ့မှ ဆောင်ရွက်နေသော ကျားမအခြေပြုနှင့်ဆိုင်သော အမျိုးသမီးများအားတွေ့ဆုံပြီး မှတ်တမ်းဗီဒီယိုရိုက်ကူးရေး လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**လွိုင်ကော်သား**



❂ စာမျက်နှာ ၉ မှ

ဂျပန်နိုင်ငံအစိုးရ၏ အကူအညီပေးရေး စာချွန်လွှာငါးခုဖြစ်သည့် ဂျပန်-မြန်မာ သက်မွေးပညာ သင်တန်းကျောင်း (အောင်ဆန်း) တည်ထောင်ရေးစီမံချက်အတွက် ဂျပန်ယန်း ၁၆၅ သန်း အကူအညီပေးရေး စာချွန်လွှာ၊ စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်မှု စီမံချက်အတွက် ဂျပန်ယန်း သန်း ၈၀၀ အကူအညီပေးရေးစာချွန်လွှာ၊ ကျေးလက်ဒေသများတွင် စိုက်ပျိုးရေး စက်ပစ္စည်းနှင့် ဆောက်လုပ်ရေးပစ္စည်း ကိရိယာများ ထောက်ပံ့ရေးစီမံချက်အတွက် ဂျပန်ယန်း ၄၄၄ သန်း အကူအညီပေးရေး စာချွန်လွှာ၊ လေယာဉ်စောင့်ကြပ်ကြည့်ရှုစနစ် မြှင့်တင်ရေးစီမံချက်အတွက် ဂျပန်ယန်း ၂၈၂၈ သန်း အကူအညီပေးရေးစာချွန်လွှာနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ ပညာသင်ဆုပေးရေး စီမံချက်အတွက် ဂျပန်ယန်း ၆၁၂ သန်း အကူအညီပေးရေး စာချွန်လွှာတို့ကို လက်မှတ်ရေးထိုးခဲ့ပါကြောင်း။

### ညှိနှိုင်းဆောင်ရွက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် စီးပွားရေးနှင့်ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်ရန်အတွက် ငါးနှစ်ဖွံ့ဖြိုးမှုအစီအစဉ် ရေးဆွဲရေးဆိုင်ရာ နားလည်မှုစာချွန်လွှာနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရမှ အကူအညီ ရင်မင်ဘီယွမ် သန်း ၁၀၀၀ (သန်းတစ်ထောင်) အကူအညီပေးအပ်မည့် စီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်တို့ကို ၂၀၁၉ ခုနှစ် ဧပြီလအတွင်း လက်မှတ်ရေးထိုးနိုင်ရန် ညှိနှိုင်းဆောင်ရွက်ခဲ့ပါကြောင်း။

ကိုရီးယား-မြန်မာ တရားဝင်ဖွံ့ဖြိုးမှု အကူအညီ မူဝါဒဆိုင်ရာ လုပ်ငန်းများကို ပိုမိုထိရောက်စေရန် ရည်ရွယ်သည့် 5th Myanmar-Korea ODA Policy Dialogue ကို မိမိတို့ဝန်ကြီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံဘက်မှ Ministry of Economy and Finance (MOEF) တို့ ပူးပေါင်းပြီး ၂၀၁၈ ခုနှစ် နိုဝင်ဘာလအတွင်း ကျင်းပခဲ့ရာ ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်အတွက် အကူအညီပေးမည့် စီမံချက်များနှင့် ကိုရီးယားလုပ်အားပေး (World Friend Korea Volunteer) များ မြန်မာနိုင်ငံသို့ လာရောက်တာဝန်ထမ်းဆောင်ရေး ကိစ္စရပ်များကို ညှိနှိုင်းနိုင်ခဲ့ပါကြောင်း။

မြန်မာ-ထိုင်း ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး (၃)နှစ်တာဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် (၂၀၁၉-၂၀၂၁) ဆိုင်ရာဆွေးနွေးပွဲကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအတွင်း နေပြည်တော်တွင် ကျင်းပခဲ့ပါကြောင်း၊ ဆွေးနွေးချက်များအရ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် ငွေရေးကြေးရေး ဖွံ့ဖြိုးတိုးတက်စေရေးနှင့် လူမှုအသိုက်အဝန်းတိုးတက်ရေး စသည့် ကဏ္ဍငါးခုကို ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် အကောင်အထည်ဖော်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း။

### ညှိနှိုင်းရရှိ

မြန်မာနိုင်ငံနှင့် ဂျာမနီနိုင်ငံတို့အကြား နှစ်စဉ်ကျင်းပသည့် ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အစိုးရအချင်းချင်းညှိနှိုင်းဆွေးနွေးပွဲကို ၂၀၁၈ ခုနှစ် နိုဝင်ဘာလအတွင်း ကျင်းပခဲ့ရာ မြန်မာနိုင်ငံအစိုးရသို့ ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း အကူအညီ ယူရို ၃၄ ဒသမ ၅ သန်း ပေးအပ်ရန် ညှိနှိုင်းရရှိခဲ့ပြီး ယခုလအတွင်း ပြုလုပ်သည့် ညှိနှိုင်းဆွေးနွေးပွဲတွင် German Development Cooperation (GIZ) အဖွဲ့က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စီမံချက်လေးခုနှင့် အစီအစဉ်တစ်ခုတို့အတွက် ဂျာမနီအစိုးရက ၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း အကူအညီ ယူရို ၁၁ ဒသမ ၅ သန်း ဖြည့်စွက်ထောက်ပံ့ရန် ညှိနှိုင်းရရှိခဲ့ပါကြောင်း။

မြန်မာနိုင်ငံနှင့် ဒိန်းမတ်နိုင်ငံတို့အကြား ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေး နိုင်ငံဆိုင်ရာ အစီအစဉ် (၂၀၁၆-၂၀၂၂)၏ ဒုတိယအကြိမ် အကဲဖြတ်အစည်းအဝေးကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့ပြီး ဒိန်းမတ်အကူအညီ ခရိုနာ ၅၀၅ သန်းဖြင့် ဆောင်ရွက်လျက်ရှိသည့် စီမံချက်များနှင့် တိုးချဲ့ဆောင်ရွက်ရန်လုပ်ငန်းတို့ကို ဆွေးနွေးညှိနှိုင်းခဲ့ပါကြောင်း။

အီးယူမှ မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍ တိုးတက်မြင့်မားလာစေရန် စုစုပေါင်း အကူအညီ ယူရို ၂၂၀ သန်း ထောက်ပံ့ရေးအတွက် မြန်မာနိုင်ငံနှင့် အီးယူတို့အကြား Financing Agreement လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း။

အီတလီနိုင်ငံ Italian Agency for Development Cooperation (AICS) အဖွဲ့မှလည်း ဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ အရည်အသွေးတိုးတက်စေရန် Capacity Development of Donor Coordination အစီအစဉ်အရ အင်္ဂလိပ်စာသင်တန်းများ ဖွင့်လှစ်ပေးခြင်းနှင့် နည်းပညာနှင့် ဆက်စပ်ပစ္စည်းများ ထောက်ပံ့ပေးခဲ့ပါကြောင်း။

ဒေသနှင့် ဒေသခွဲဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် မဟာမဲခေါင်ဒေသခွဲ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (Greater Mekong Subregion Economic Cooperation-GMSEC)၏ (၁၀)ကြိမ်မြောက် စီးပွားရေးစင်္ကြံများဖိုရမ် (10th Economic Corridors Forum, ECF-10)ကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအတွင်း နေပြည်တော်၌ Extending Corridors for Inclusive Connectivity in the GMS ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ပြီး Greater Mekong Subregion-GMS အဖွဲ့ဝင်နိုင်ငံများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ ပါဝင်တက်ရောက်ခဲ့ကြပြီး GMS တောင်-မြောက် စီးပွားရေးစင်္ကြံ (North-South Economic Corridor- NSEC) ထပ်မံတိုးချဲ့ရေးဆိုင်ရာကိစ္စရပ်များ၊ ကုန်သွယ်မှုလွယ်ကူချောမွေ့ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ပါကြောင်း။

### ညှိနှိုင်းရေးဆွဲ

အာရှဖွံ့ဖြိုးရေးဘဏ်နှင့် national နှင့် regional စီမံကိန်းများ မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်ရေးအတွက် Country Operational Business Plan (COBP) ၂၀၂၀-၂၀၂၂ ကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းရေးဆွဲခဲ့ပါကြောင်း။

အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုတွင် ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF) နှင့် နိုင်ငံဆိုင်ရာ အစီအစဉ်(၂၀၁၈-၂၀၂၂) ကို စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၀၇ ဒသမ ၅၀၈ သန်းဖြင့်လည်းကောင်း၊ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)၏ နိုင်ငံဆိုင်ရာ အစီအစဉ်မူဘောင်ကို ခန့်မှန်းရန်ပုံငွေ အမေရိကန်ဒေါ်လာ ၇၁ သန်းဖြင့်လည်းကောင်း စီမံချက်များ ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံကိုယ်စား ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ ဆက်လက်၍ ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ၏ နိုင်ငံဆိုင်ရာအစီအစဉ် (၂၀၁၈-၂၀၂၂)အား ခန့်မှန်းရန်ပုံငွေ အမေရိကန်ဒေါ်လာ သန်း ၂၀ ဖြင့် အကောင်အထည်ဖော်ရန် သဘောတူစာချုပ် (Letter of Agreement) ကို ၂၀၁၉ ခုနှစ် ဇွန်လအတွင်း လက်မှတ်ရေးထိုးရန် ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

### ရှင်းလင်းဖြေကြား

ထို့နောက် တက်ရောက်လာကြသည့် သတင်းမီဒီယာများက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ အိုင်ဗရီကို့စ်နိုင်ငံတွင် ဖြစ်ပွားခဲ့သည့် မြန်မာ့ဆန် အရည်အသွေး၊ အလေးချိန်တို့နှင့်စပ်လျဉ်း၍ အငြင်းပွားမှုကိစ္စ၊ နိုင်ငံတကာသို့ မြန်မာ့ဆန်များတင်ပို့ရာတွင် အရည်အသွေး၊ အလေးချိန်တို့နှင့်စပ်လျဉ်း၍ စံချိန်စံညွှန်းသတ်မှတ်ထားရှိမှုနှင့် လိုက်နာဆောင်ရွက်ရန် သတ်မှတ်ထားသည့် လုပ်ငန်းစဉ်များ အခြေအနေ၊ ဆင့်ပွားဈေးကွက် ဖြန့်ချိရေးလုပ်ငန်းဖြင့် လိမ်လည်မှုများဖြစ်ပေါ်ခဲ့မှုနှင့် ဖမ်းဆီးအရေးယူခဲ့မှု အခြေအနေ၊ ဝန်ကြီးဌာနအနေဖြင့် ယင်းသို့သောလိမ်လည်မှုများ ထပ်မံမဖြစ်ပွားအောင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ယခုနှစ်တွင် တောင်သူများထံမှ စပါးများကို အနိမ့်ဆုံးဈေးသတ်မှတ်၍ ဝယ်ယူရန် စီစဉ်ဆောင်ရွက်နေမှုအခြေအနေ၊ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံလမ်းစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အခြေအနေ၊ တရုတ်နိုင်ငံသို့ တင်သွင်းသည့် မြန်မာပို့ကုန်များနှင့်စပ်လျဉ်း၍ မြန်မာကုန်သည်များနှင့် ပြည်သူများ နစ်နာမှုမရှိစေရန် နှစ်နိုင်ငံ ညှိနှိုင်းဆောင်ရွက်နေမှု၊ တရုတ်-မြန်မာ နယ်စပ်စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုဇုန် အခြေအနေ၊ ဒေါ်လာဈေး အတက်အကျမဖြစ်စေရန် ထိန်းသိမ်းဆောင်ရွက်နေမှု၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံကိန်း အခြေအနေ၊ မော်တော်ယာဉ်တင်သွင်းမှုဆိုင်ရာမူဝါဒနှင့် အခွန်လျှော့ပေးရန် အစီအစဉ် ရှိ၊ မရှိ စသည်တို့ကို မေးမြန်းကြရာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ဆက်လက်၍ သတင်းမီဒီယာများက စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံပါ ရွှေဒင်္ဂါးများနှင့် ငွေစက္ကူများ ထုတ်လုပ်သွားမည့် အခြေအနေ၊ အောင်ဘာလေငွေကျပ် ၁၀၀၀ တန်ထီများကို ဈေးနှုန်းလျှော့ချသွားရန် အစီအစဉ် ရှိ၊ မရှိ၊ ဝင်ငွေခွန်နှင့် ကုန်သွယ်ခွန်ပေးဆောင်ရမှု၊ ပိုးလမ်းမကြီးစီမံကိန်း အခြေအနေ၊ မန္တလေး-မူဆယ် ရထားလမ်းစီမံကိန်း အခြေအနေ၊ အာမခံလုပ်ငန်း၊ အာမခံထားရှိမှုနှင့် လျော်ကြေးရရှိမှုအခြေအနေ၊ တရုတ်-မြန်မာ နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးထားရှိမှု၊ စီမံကိန်းများအား ပြန်လည်သုံးသပ်ဆောင်ရွက်သွားမည့် အခြေအနေ၊ ပင်စင်အသုံးစရိတ်ကို ဖြေရှင်းရန် ဆောင်ရွက်သွားမည့် အခြေအနေတို့နှင့်စပ်လျဉ်း၍ မေးမြန်းကြရာ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

### ကြိုတင်ပြင်ဆင်

ယင်းနောက် သတင်းမီဒီယာများက ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် ကမ်းလှမ်းထားသည့် ပြည်ပမော်တော်ယာဉ်ကုမ္ပဏီများ အခြေအနေ၊ မော်တော်ယာဉ်ဈေးနှုန်း လျှော့ချသွားမည့် အခြေအနေ ရှိ၊ မရှိ၊ မြန်မာနိုင်ငံတွင် တရုတ်နိုင်ငံထက်ကျော်လွန်ပြီး စင်ကာပူနိုင်ငံက ပိုမိုရင်းနှီးမြှုပ်နှံလာမှု အခြေအနေ၊ တရုတ်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ ဝင်ရောက်လာမည့် ရင်းနှီးမြှုပ်နှံမှုများအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန် လိုအပ်သည့် အခြေအနေများ၊ ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံဆိုင်ရာ အညွှန်းကိန်းများမြှင့်တင်ရန် စီစဉ်ဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံသို့ အနောက်ဥရောပနိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာစေရန် ကျင့်သုံးလျက်ရှိသည့် မူဝါဒ၊ တရုတ်-မြန်မာ နှစ်နိုင်ငံစီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှုစာချုပ်ကိစ္စ၊ မြန်မာ-ထိုင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု အခြေအနေ၊ မကြာမီထွက်ခွာမည့် နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့၏ ပြည်ပခရီးစဉ်များတွင် ပြုလုပ်သွားမည့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များ၊ အထူးကုန်စည်ခွန်နှင့် ပတ်သက်၍ လျှော့ချရန်အစီအစဉ် ရှိ၊ မရှိ၊ မြင့်တက်လျက်ရှိသည့် စက်သုံးဆီဈေးနှုန်းကို လျှော့ချနိုင်ရေး ဆောင်ရွက်သွားမည့် အခြေအနေတို့နှင့် စပ်လျဉ်း၍ မေးမြန်းကြရာ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

**ထွန်းနန္ဒာကျော်**

# ပြည်ကြီးတံခွန်မြို့နယ်တွင် တစ်ရက်လျှင် ရေဂါလန် ခုနစ်သန်း ဖြန့်ဝေပေးနိုင်မည့် ရေပေးဝေရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည်

**နေပြည်တော် မေ ၂၉**

ပြည်ကြီးတံခွန်မြို့နယ်၏ ရေပေးရန်ကျန်ရှိသည့် ၇၀ ရာခိုင်နှုန်းအတွက် တစ်ရက်လျှင် ရေဂါလန် ခုနစ်သန်း ဖြန့်ဝေပေးနိုင်မည့် ရေပေးဝေရေးစီမံကိန်းကို နယ်သာလန်နိုင်ငံ FMO နှင့် ING Bank တို့ထံမှ ချေးငွေနှင့် နယ်သာလန်နိုင်ငံအစိုးရ၏ ထောက်ပံ့ငွေတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြောကြားသည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့တွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ရေပေးဝေရေးစီမံကိန်း ဆောင်ရွက်ရန် နယ်သာလန်နိုင်ငံ FMO နှင့် ING Bank ထံမှ ယူရို ၂၉ ဒသမ ၉၆ သန်း ချေးငွေရယူရေးနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အထက်ပါအတိုင်း ရှင်းလင်းတင်ပြခဲ့ခြင်းဖြစ်သည်။




**အဆင့်နှစ်ဆင့်ဖြင့် ဆောင်ရွက်သွားမည်**

ထို့နောက် ဒုတိယဝန်ကြီးက "အဆိုပါစီမံကိန်းကို အဆင့်နှစ်ဆင့်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ပထမအဆင့်အနေနဲ့ တစ်ရက်လျှင် ရေဂါလန် ခုနစ်သန်း ဖြန့်ဖြူးပေးဝေနိုင်ရင် ဧရာဝတီမြစ်မှ ရေကိုယူ၍ အမရပူရမြို့နယ် တလင်းကြီးကျေးရွာတွင် ရေသန့်စင်စက်ရုံတည်ဆောက်ခြင်း၊ အချင်း ၆၃၀ မီလီမီတာ ရေပို့ပိုက်လိုင်းအရှည် ၁၃ ကီလိုမီတာ ဆက်သွယ်ခြင်း၊ ပြည်ကြီးတံခွန်မြို့နယ်တွင် ရေတွန်းစက်ရုံနဲ့ ဂါလန်တစ်သန်းဆံ့ ရေလှောင်ကန်တည်ဆောက်ခြင်းလုပ်ငန်းတွေကို ရာနှုန်းပြည့် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပင်မရေဖြန့် ပိုက်လိုင်းတွေ၊ ပထမအဆင့် ရေဖြန့်ဝေပိုက်တွေ၊ ဒုတိယဆင့်ပွားပိုက်လိုင်းတွေနဲ့ တတိယဆင့်ပွားပိုက်လိုင်းတွေ ဆက်သွယ်ချထားခြင်း၊ ရေလေလွင့်ဆုံးရှုံးမှုမရှိစေဖို့ District Meter Area ဇုန်တွေ တည်ဆောက်ခြင်း၊ အိမ်သွယ်ပိုက်လိုင်းတွေ ဆက်သွယ်ချထားခြင်းနဲ့ ရေမီတာအလုံး ၂၀၀၀၀ တပ်ဆင်ခြင်း၊ မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် မီးသတ်ငုတ် ၁၀၀ တပ်ဆင်ခြင်းတို့ကို ပထမအဆင့်မှာ ၅၀ ရာခိုင်နှုန်းနဲ့ ဒုတိယအဆင့် မှာ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်သွားမှာဖြစ်ပါတယ် "ဟု ပြောကြားခဲ့သည်။

ပြည်ကြီးတံခွန်မြို့ ရေပေးဝေရေးစီမံကိန်း၏ ခန့်မှန်းကုန်ကျစရိတ်မှာ ယူရို ၅၉ ဒသမ ၉၂ သန်းဖြစ်ကြောင်း၊ ယင်းစီမံကိန်းကုန်ကျစရိတ် ၅၀ ရာခိုင်နှုန်းဖြစ်သော ယူရို ၂၉ ဒသမ ၉၆ သန်းကို နယ်သာလန်နိုင်ငံ FMO နှင့် ING Bank တို့ထံမှ ချေးယူငွေဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး ကျန် ၅၀ ရာခိုင်နှုန်းဖြစ်သော ယူရို ၂၉ ဒသမ ၉၆ သန်းကို နယ်သာလန်နိုင်ငံအစိုးရ၏ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ချေးငွေ၏ စည်းကမ်းသတ်မှတ်ချက်များမှာ ဆိုင်းငံ့ကာလသုံးနှစ်၊ ပြန်ဆပ်ကာလ ၁၀ နှစ် စုစုပေါင်းချေးငွေသက်တမ်း ၁၃ နှစ်ဖြစ်ပြီး အတိုးနှုန်း တစ်နှစ်လျှင် ၂ ဒသမ ၃၆ ရာခိုင်နှုန်းဖြစ်ကြောင်း၊ Upfront Fee အဖြစ် ချေးငွေပမာဏ၏ သုည ဒသမ ၆ ရာခိုင်နှုန်းကိုလည်းကောင်း၊ ကတိခံကြေးအဖြစ် ချေးငွေထုတ်ယူရန်ကျန်ငွေအပေါ် သုည ဒသမ ၄ ရာခိုင်နှုန်းကို လည်းကောင်း၊ Facility Agent Fee အဖြစ် တစ်နှစ်လျှင် ယူရို ၁၅၀၀၀ ကိုလည်းကောင်း ပေးချေရမည်ဖြစ်ကြောင်း၊ အဆိုပါ စီမံကိန်းအတွက် ချေးငွေ ယူရို ၂၉ ဒသမ ၉၆ သန်းနှင့် ထောက်ပံ့ငွေ ယူရို ၂၉ ဒသမ ၉၆ သန်း စုစုပေါင်း ၅၉ ဒသမ ၉၂ သန်းပေါ်တွင် တွက်ချက်ပါက Grant Element ၅၉ ရာခိုင်နှုန်းခန့် တွက်ချက်ရရှိသဖြင့် သက်သာမှုရှိသော ချေးငွေ (Concessional Loan) ဖြစ်ကြောင်း ဒုတိယဝန်ကြီးက ရှင်းလင်းပြောကြားခဲ့သည်။

"စီမံကိန်းအတွက် ဖြစ်မြောက်နိုင်စွမ်းလေ့လာဆန်းစစ်မှုကို Ballast Neadam ကုမ္ပဏီရဲ့ကုန်ကျစရိတ်နဲ့ နယ်သာလန်နိုင်ငံ အခြေစိုက်ကုမ္ပဏီတစ်ခုဖြစ်တဲ့ Royal Haskoning DHV က ၂၀၁၈ ခုနှစ် ဇူလိုင် ၁၂ ရက်မှ ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၁၅ ရက်အထိ ပြုလုပ်ခဲ့ပါတယ်။ အစီရင်ခံစာကို ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၂၉ ရက်မှာ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီကို တင်ပြခဲ့ပြီးဖြစ်ပါတယ်။ စီမံကိန်းကို ၂၀၁၉ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ နှစ်နှစ်ကျော်ခန့် အကောင်အထည်ဖော်ဆောင်ရွက်ရန် လျာထားပါတယ်။ ဒီဇိုင်း Consultant အတွက် ကုန်ကျစရိတ် ယူရို သုည ဒသမ ၉ သန်းသုံးစွဲမှာဖြစ်တဲ့အတွက် စီမံကိန်းကုန်ကျစရိတ်ရဲ့ ၁ ဒသမ ၅ ရာခိုင်နှုန်းခန့်ရှိပါတယ်" ဟု ၎င်းကပြောကြားသည်။

အဆိုပါစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ပြည်ကြီးတံခွန်မြို့နယ်ရှိ လူဦးရေ နှစ်သိန်းကျော်အား ဘေးကင်းလုံခြုံစိတ်ချရသော ရေကောင်းရေသန့် တစ်ရက်လျှင် ရေဂါလန် ခုနစ်သန်း ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပြီး စက်မှုဇုန် (၁)၊ (၂)၊ (၃) ရှိစက်ရုံ၊ အလုပ်ရုံများနှင့် ရေသန့်စင်စက်ရုံအနီးရှိ ကျေးရွာသုံးရွာတို့တွင်လည်း ရေကောင်းရေသန့် ရရှိခံစားနိုင်မည်ဖြစ်ပြီး ရေသုံးစွဲသူပြည်သူများလည်း ရေကြောင့်ဖြစ်ပွားနိုင်သည့် ရောဂါများမှ ကာကွယ်ပေးနိုင်ခြင်း၊ ပြည်တွင်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ခြင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးမြင့်လာနိုင်ခြင်း၊ ဧရာဝတီမြစ်ရေကို သန့်စင်ရယူသုံးစွဲခြင်းဖြင့် မြေအောက်ရေထုတ်ယူသုံးစွဲမှုကို လျှော့ချနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း။

**၃၀ ရာခိုင်နှုန်းအထိသာ ရေပေးဝေနိုင်**

မန္တလေးမြို့တော်ကို Smart City အဖြစ် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ရေကောင်းရေသန့် လုံလောက်စွာပေးဝေနိုင်ရေးသည် Smart City ဖြစ်မြောက်လာရေးအတွက် အခြေခံလိုအပ်ချက် တစ်ခုဖြစ်ကြောင်း၊ ယင်းသို့ ရေကောင်းရေသန့်ပေးဝေရာတွင် မြောက်အောက်ရေထုတ်ယူသုံးစွဲမှုလျှော့ချကာ မြေပေါ်ရေသုံးစွဲမှုတိုးမြှင့်ရန်အတွက် ယခုစီမံကိန်းကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ယခုလက်ရှိတွင် မန္တလေးမြို့ ရေပေးဝေမှုစနစ်တွင် မြေအောက်ရေ ထုတ်ယူသုံးစွဲမှုမှာ ၈၅ ရာခိုင်နှုန်းရှိရာ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးပါက မြေအောက်ရေထုတ်ယူသုံးမှု ၇၀ ရာခိုင်နှုန်းအထိ လျော့ကျသွားမည်ဖြစ်ကြောင်း ဒုတိယဝန်ကြီးက ပြောကြားခဲ့သည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ နယ်နိမိတ်အတွင်းရှိ မြို့နယ်ပေါင်း ခြောက်မြို့နယ်အနက် ပြည်ကြီးတံခွန်မြို့နယ်၏ ရေပေးဝေရေးစီမံကိန်းကို ၂၀၁၈ ခုနှစ်မှ စတင်၍ JICA ထောက်ပံ့ငွေ ဂျပန်ယန်း ၁ ဒသမ ၇၉ ဘီလီယံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအချိန်တွင် ၃၀ ရာခိုင်နှုန်းအထိသာ ရေပေးဝေနိုင်သေးကြောင်း သိရသည်။ **ကိုမင်း၊ မာမာစိုး(ကြေးမုံ)**

# ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများပါဝင်သော သတင်းအဖွဲ့ မောင်တောဒေသ၌ သတင်းရယူ

**မောင်တော မေ ၂၉**

ရခိုင်ပြည်နယ် စစ်တွေမြို့၌ ရောက်ရှိနေသော ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများပါဝင်သော သတင်းမီဒီယာအဖွဲ့သည် ယနေ့ နံနက် ၈ နာရီ ၄၅ မိနစ်တွင် စစ်တွေမြို့မှ မောင်တောမြို့နယ် အင်းဒင်ကျေးရွာသို့ ရောက်ရှိပြီး သတင်းရယူကြသည်။

ထို့နောက် သတင်းအဖွဲ့သည် မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မောင်တောခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုးအောင်နှင့်တွေ့ဆုံပြီး မောင်တောဒေသတွင် ဖြစ်ပွားခဲ့သည့်ဖြစ်စဉ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြသည်။

ယင်းနောက် ပြန်လည်လက်ခံရေးစခန်း (ငါးခူရ)သို့ရောက်ရှိကြရာ စခန်းတာဝန်ခံ ညွှန်ကြားရေးမှူး ဦးကျော်စိန်က စခန်းဆိုင်ရာ အချက်အလက်များနှင့် ပြန်လည်လက်ခံရေးစခန်း၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သတင်းအဖွဲ့သည် ပြန်လည်လက်ခံရေးစခန်းအတွင်း ပြန်လည်လက်ခံရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုလေ့လာကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

ဆက်လက်၍ ကြိမ်ချောင်း(တောင်) ကျေးရွာရှိ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံထားရှိမည့်နေအိမ်များကို ကြည့်ရှုလေ့လာ သတင်းရယူကြသည်။ **သတင်းစဉ်**





# မြန်မာ - ယူကေ Motourlogue ခရီးသွား ဆိုင်ကယ်နှစ်စီး မင်းဘူးမြို့ရှိ မန်းရေနံမြေသို့ ဝင်ရောက်လည်ပတ်

**မင်းဘူး မေ ၂၉**

မေ ၂၆ ရက်က ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်နှင့် ပြည်သူ့ရင်ပြင်ရှေ့မှ စတင်ထွက်ခွာခဲ့သော မြန်မာ - ယူကေ Motourlogue ခရီးသွားဆိုင်ကယ်နှစ်စီးသည် မေ ၂၇ ရက်တွင် မကွေးတိုင်းဒေသကြီး မကွေးမြို့သို့ရောက်ရှိပြီး မင်းဘူးမြို့ရှိ မန်းရေနံမြေသို့ ဝင်ရောက်လည်ပတ်နှုတ်ဆက်သည်။ ကိုအောင်ကျော်ဝင်းနှင့် ကိုစိုင်းဇွန်ဖတို့ စီးနင်းလာသည့် ဆိုင်ကယ်နှစ်စီးသည် မေ ၂၆ ရက် ညနေပိုင်းတွင် ပြည်မြို့သို့ ရောက်ရှိပြီး ညအိပ်ရပ်နားခဲ့ကာ မေ ၂၇ ရက် နံနက်ပိုင်းတွင် တောင်တွင်းကြီး အောင်လံလမ်းမှတစ်ဆင့် မကွေးမြို့သို့ ရောက်ရှိလာခြင်းဖြစ်သည်။

ထို့နောက် မကွေးမြို့၌ ညအိပ်ရပ်နားခဲ့ပြီး မေ ၂၉ ရက် နံနက်ပိုင်းတွင် မန်းရေနံမြေရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် MPRL E&P Pte Ltd. မန်းရေနံမြေရုံးသို့ သွားရောက်ကာ မန်းရေနံမြေ ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး နှုတ်ဆက်တွေ့ဆုံ၍ မြန်မာ - ယူကေ Motourlogue ခရီးစဉ်စတင်ဖြစ်ပုံနှင့် ခရီးစဉ်အောင်မြင်အောင် စိတ်အားထက်သန်စွာ ဆောင်ရွက်သွားမည့် အစီအစဉ်များကို မိတ်ဆက်ပြောကြားခဲ့သည်။ ယင်းနောက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုတာဝန်သိ (CSR) လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ပြီး ဒေသခံများနှင့် ရင်းနှီးနွေးထွေးသည့် ဆက်ဆံရေးတစ်ရပ်ကို ထူထောင်ထားနိုင်သည့် မန်းရေနံမြေတစ်ခွင်သို့ လှည့်လည်ကြည့်ရှုလေ့လာသည်။

အဆိုပါ ခရီးစဉ်သည် ဆိုင်ကယ်နှစ်စီးဖြင့် နိုင်ငံပေါင်း ၃၀ ကျော်ကို ဖြတ်သန်းပြီး မိုင်ပေါင်း ၃၀၀၀၀ ကျော် စွန့်စားစီးနင်းရမည့် Motourlogue ခရီးစဉ်ကို မြန်မာအမျိုးသားများ ဦးဆောင်သည့် မြန်မာ့စွမ်းအင်ကုမ္ပဏီ MPRL E&P Pte Ltd. က Main Energy Partner အဖြစ် ခရီးစဉ်တစ်ခုလုံးအတွက် ပံ့ပိုးကူညီထားသည်ဖြစ်ရာ MPRL E&P မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မြန်မာ့စွမ်းအင် အနာဂတ်အခွင့်အလမ်းများကို ခရီးလမ်းတစ်လျှောက်ရှိ နိုင်ငံများနှင့် ကမ္ဘာတစ်ဝန်းသို့ မီဒီယာများမှတစ်ဆင့် ဖြန့်ကြက်သယ်ဆောင်သွားနိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

ဆိုင်ကယ်စီး မြန်မာလူငယ်နှစ်ဦး၏ မြန်မာ - ယူကေ Motourlogue ခရီးစဉ်တစ်လျှောက်လုံးတွင် တွေ့ကြုံရသည့် အတွေ့အကြုံသစ်များကို Motourlogue နှင့် MPRL E&P ၏ လူမှုကွန်ရက်စာမျက်နှာများတွင် အချိန်နှင့်တစ်ပြေးညီ မျှဝေသွားမည်ဖြစ်ကြောင်း သိရသည်။ **မိုးမိုး**

# ရေနံတင်သင်္ဘောများ တိုက်ခိုက်ခံရမှု နောက်ကွယ်တွင် အီရန်နိုင်ငံပါဝင်ဟု ဂျွန်ဘော်လ်တန်ပြောကြား

**အဘူဒါဘီ မေ ၂၉**

အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)နိုင်ငံ၏ ကမ်းလွန်ပင်လယ်ပြင်တွင် လွန်ခဲ့သည့်သီတင်းပတ်များအတွင်းက ဖြစ်ပွားခဲ့သည့် ရေနံတင်သင်္ဘောများ တိုက်ခိုက်ခံရသည့်ဖြစ်စဉ်၏နောက်ကွယ်တွင် အီရန်နိုင်ငံက ပါဝင်မှုမှာ သေချာလုနီးပါးရှိနေကြောင်း အမေရိကန်နှင့် အီရန်နိုင်ငံတို့အကြား တင်းမာမှုများပြင်းထန်နေချိန်တွင် ယူအေအီးနိုင်ငံသို့လာရောက်ခဲ့သည့် အမေရိကန်အမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ် ဂျွန်ဘော်လ်တန်က မေ ၂၉ ရက်တွင် စွပ်စွဲပြောကြားခဲ့သည်။

အီရန်နှင့်အမေရိကန်ပြည်ထောင်စုအကြား ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံနေမှုအနေအထားနှင့်ပတ်သက်၍ အီရန်နိုင်ငံ၏ဒေသတွင်း ခါးသီးသောပြိုင်ဘက်ဖြစ်သည့် ဆော်ဒီအာရေဗျနိုင်ငံက အာရပ်အဖွဲ့ချုပ်နှင့်ပင်လယ်ကွေ့နိုင်ငံများမှ ထိပ်သီးအစည်းအဝေးတစ်ရပ်ကျင်းပရန် နှိုးဆော်မှုများပြုလုပ်နေစဉ် အမေရိကန်အမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ်စွပ်စွဲမှု ထွက်ပေါ်လာခြင်းဖြစ်ပြီး ယင်းစွပ်စွဲမှုမှာ ပင်လယ်ကွေ့ဒေသ၌ အမေရိကန်က စစ်ရေးတည်ဆောက်မှုများအပြီးတွင် ထွက်ပေါ်လာခြင်းဖြစ်သည်။

အရှေ့အလယ်ပိုင်းဒေသအတွင်းသို့ အမေရိကန်မှတပ်ဖွဲ့ဝင်များ တိုးမြှင့်စေလွှတ်ခဲ့ခြင်းမှာ ယင်းဒေသတွင်း၌ ဖြစ်ပေါ်လာမည့် အရေးကိစ္စများအား ဟန့်တားရေးနှင့် အမေရိကန်က နှိုင်းချင့်မြော်မြင်သော တုံ့ပြန်မှုများလုပ်ဆောင်ရေးအတွက်ဖြစ်ကြောင်း ဂျွန်ဘော်လ်တန်ကပြောကြားသည်။

ဆော်ဒီအာရေဗျနိုင်ငံက ပိုင်ဆိုင်သော ရေနံတင်သင်္ဘောနှစ်စင်းအပါအဝင် ရေယာဉ်လေးစင်းအား ရေတပ်သုံးမိုင်းများဖြင့် တိုက်ခိုက်မှု၌ အီရန်နိုင်ငံပါဝင်ပတ်သက်သည်မှာ သေချာလုနီးပါးရှိကြောင်း အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံ မြို့တော်အဘူဒါဘီတွင် ပြုလုပ်သည့်သတင်းစာရှင်းလင်းပွဲ၌ ဂျွန်ဘော်လ်တန်က ပြောကြားသည်။

ယင်းလုပ်ရပ်နှင့် ပတ်သက်ပြီး အမေရိကန်ပြည်ထောင်စုမှ တခြားသူများအပေါ်တွင် သံသယမရှိဘဲ ယင်းလုပ်ရပ်တွင် မည်သူတာဝန်ရှိသည်ကို သိရှိကြောင်း ဂျွန်ဘော်လ်တတန်က ပြောကြားခဲ့ပြီး ၎င်း၏ပြောကြားချက်မှာ အီရန်နိုင်ငံအား ရည်ညွှန်းနေကြောင်း သိသာထင်ရှားနေသည်။

မေ ၁၂ ရက်က ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုအတွင်း ထိခိုက်ပျက်စီးခဲ့ရသော ရေယာဉ်လေးစင်း၏ပျက်စီးမှုများကို အမေရိကန်နိုင်ငံမှ ကျွမ်းကျင်သူများအပါအဝင် ငါးနိုင်ငံမှ ကျွမ်းကျင်သူများအဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိသည်။

ရေနံတင်သင်္ဘောများ တိုက်ခိုက်ခံရပြီး နှစ်ရက်အကြာတွင် ဆော်ဒီအာရေဗျနှင့် အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)တို့က အီရန်၏ ရုပ်သေးရုပ်အဖြစ် စွပ်စွဲထားသည့် ယီမင်နိုင်ငံတွင်းရှိ ဟူသီသူပုန်များက ဆော်ဒီအာရေဗျနိုင်ငံအတွင်းရှိ မဟာဗျူဟာကျသည့်ရေနံပိုက်လိုင်းကို မောင်းသူမဲ့ လေယာဉ်နှစ်စင်းအသုံးပြု၍ တိုက်ခိုက်ခဲ့သည်ဟု ပြောကြားခဲ့သည်။



ဆော်ဒီအာရေဗျနိုင်ငံ၏ အရှေ့နှင့် အနောက်အရပ်ဒေသများအား ဆက်သွယ်ထားသည့် ယင်းရေနံပိုက်လိုင်းသည် တစ်နေ့လျှင် ရေနံစည်ငါးသန်း ပို့လွှတ်နိုင်ပြီး ဆော်ဒီအာရေဗျနိုင်ငံအရှေ့ပိုင်းရှိ ရေနံမြေမှ ပင်လယ်နီကမ်းခြေ ပင်လယ်ဆိပ်ကမ်းသို့ သွယ်တန်းထားခြင်းဖြစ်သည်။ ဟူသီသူပုန်တို့၏ မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်မှုကြောင့် ယင်းရေနံပိုက်လိုင်းမှ ရေနံပို့လွှတ်မှုကို နှစ်ရက်ကြာရပ်နားခဲ့သည်။

**အေအက်ဖ်ပီ**

# အမေရိကန်ရှိ ပြည်နယ်များတွင် လေဆင်နှာမောင်း အကြိမ် ၅၀ ကျော်တိုက်ခတ်



**ဝါရှင်တန် မေ ၂၉**

အမေရိကန်ပြည်ထောင်စုအတွင်းရှိ ပြည်နယ်အများစုတွင် လေဆင်နှာမောင်း အကြိမ် ၅၀ ကျော်ဝင်ရောက်တိုက်ခတ်ခဲ့ရာ အနည်းဆုံး တစ်ဦးသေဆုံးပြီး ၁၃၀ ကျော် ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း ယနေ့ အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

မေ ၂၇ ရက်ညပိုင်းအချိန်တွင် အိုဟိုင်းယိုး၊ ကိုလိုရာဒိုနှင့်အခြားပြည်နယ်ခြောက်ခုတို့၌ အင်အားပြင်းမုန်တိုင်းနှင့် လေဆင်နှာမောင်းများဝင်ရောက်တိုက်ခတ်ခဲ့ကြောင်း သိရသည်။

အိုဟိုင်းယိုးပြည်နယ် ဒေတန်မြို့၌ လေဆင်နှာမောင်းတိုက်ခတ်စဉ် မော်တော်ယာဉ်တစ်စီး ကောင်းကင်ယံသို့ မြင့်တက်သွားပြီး လူနေအိမ်တစ်လုံးပေါ်သို့ ပြုတ်ကျခဲ့ရာ အဆိုပါအိမ်အတွင်းရှိ အသက် ၈၀ အရွယ်အဘိုးအိုတစ်ဦး သေဆုံးသွားခဲ့သည်။

ထို့ပြင် အိုဟိုင်းယိုးပြည်နယ်၌ အင်အားပြင်းမုန်တိုင်းနှင့် လေဆင်နှာမောင်းများ တိုက်ခတ်မှုကြောင့် လူနေအိမ်ထောင်နှင့်ချီကာ လျှပ်စစ်မီးပြတ်တောက်မှုများနှင့် ရင်ဆိုင်နေရပြီး ဒေသခံပြည်သူများ ဘေးလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်ရကြောင်း သိရသည်။

လူနေအိမ်များနှင့် အဆောက်အအုံအများအပြား သွပ်အမိုးများ လွင့်စင်ပြုတ်ကျခဲ့ပြီး သစ်ပင်ကြီးများ လဲကျခဲ့သည့် မှတ်တမ်းဗွီဒီယိုများကို ဒေသန္တရရုပ်သံလိုင်းများက သတင်းတင်ဆက် ထုတ်လွှင့်ကြသည်။

လွန်ခဲ့သော ရက်သတ္တပတ်အနည်းငယ်အတွင်းမှစပြီး အဆိုပါပြည်နယ်များသည် ရာသီဥတုဆိုးရွားမှုဒဏ်ကို ခံစားခဲ့ရပြီး လေဆင်နှာမောင်း တိုက်ခတ်မှုများကြောင့် လူများသေဆုံးကာ အများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

# လွန်ခဲ့သည့် သီတင်းပတ်အတွင်းက ဂျပန်နိုင်ငံတစ်ဝန်းလုံး၌ အပူလျှပ်ဝေဒနာခံစားရသူ ၂၀၀၀ ကျော်ရှိခဲ့

**တိုကျို မေ ၂၉**

ဂျပန်နိုင်ငံတစ်ဝန်းတွင် အပူချိန်များ စံချိန်တင်မြင့်တက်ခဲ့ခြင်းကြောင့် လွန်ခဲ့သည့် သီတင်းပတ်အတွင်း အပူလျှပ်ဝေဒနာ ခံစားရသူဦးရေ ၂၀၀၀ ကျော်ရှိခဲ့ကြောင်းနှင့် ၎င်းတို့အား ဆေးရုံများ၌ ကုသမှုခံယူစေရန် ပို့ဆောင်ပေးခဲ့ရကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

ဂျပန်နိုင်ငံတစ်ဝန်းတွင် မေ ၂၆ ရက်အထိ အပူလျှပ်ဝေဒနာခံစားရမှု ၂၀၅၃ ဦးရှိကြောင်း မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဌာနမှ ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြသည်။

အပူလျှပ်ဝေဒနာခံစားရသူများထဲတွင် သေဆုံးသူလေးဦးရှိကာ ဆေးရုံများ၌ အတွင်းလူနာအဖြစ် လူပေါင်း ၅၃၂ ဦး တက်ရောက်ကုသမှုခံယူနေပြီး ၁၄၇၆ ဦးမှာ ရောဂါလက္ခဏာပြင်းထန်ကြောင်း အစီရင်ခံစာတွင် ဖော်ပြသည်။

အပူလျှပ်ဝေဒနာခံစားရသည့် လူနာများ၏ ၄၀ ရာခိုင်နှုန်းမှာ အသက် ၆၅ နှစ်အထက်ရှိလူများဖြစ်ပြီး ၆၁၈ ဦးမှာ အသက် ၁၈ နှစ်မှ ၆၄ နှစ်အတွင်းရှိသူများဖြစ်ကာ အသက် ၁၈ နှစ်အောက် ၅၃၇ ဦးပါဝင်ကြောင်း ယင်းအဖွဲ့၏ အစီရင်ခံစာတွင် ဖော်ပြသည်။

လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်းက ဂျပန်နိုင်ငံတစ်ဝန်းလုံးတွင် အပူချိန်များ သိသိသာသာ မြင့်တက်ခဲ့ကြောင်း အပူလျှပ်ဝေဒနာခံစားရသူအချို့ကို ဆေးရုံသို့ တင်ပို့ရသည့် အရေအတွက်တိုးမြင့်လာသည်ဟု မီးဘေးနှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအဖွဲ့က ပြောကြားသည်။

ဂျပန်နိုင်ငံ၏မြောက်ဘက်စွန်းရှိ ဟော့ကိုင်းဒိုးကျွန်းတွင် မေလ၏ အပူချိန်မှာ ၃၉ ဒီဂရီဆဲလ်စီးယပ်စ်အထိ မြင့်တက်ခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး အီရန်နိုင်ငံသို့ ဇွန်လအတွင်းသွားမည်

**တီဟီရန် မေ ၂၉**

အီရန်နိုင်ငံသို့ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး အလည်အပတ်ခရီးလာရောက်မည့် ခရီးစဉ်နှင့်ပတ်သက်ပြီး နှစ်နိုင်ငံတာဝန်ရှိသူများ ညှိနှိုင်းဆွေးနွေးလျက်ရှိသည်ဟု အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ၁၉၇၉ ခုနှစ်နောက်ပိုင်း အီရန်နိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်သည့် ဂျပန်ဝန်ကြီးချုပ်တစ်ဦး ဖြစ်လာမည်ဖြစ်သည်။

အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဆေရက်အာဘာစ်မိုဆော်ဗီက ဂျပန်နှင့်အီရန်နိုင်ငံတာဝန်ရှိသူများသည် ဝန်ကြီးချုပ်ရှင်ဇိုအာဘေး လာရောက်မည့်ခရီးစဉ်နှင့်ပတ်သက်ပြီး အသေးစိတ်ဆွေးနွေးလျက်ရှိကြောင်း ပြောကြားခဲ့သည်။

ဂျပန်ဝန်ကြီးချုပ်အာဘေးက မေ ၂၆ ရက်၌ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် တွေ့ဆုံရာတွင် အမေရိကန်နှင့် အီရန်နှစ်နိုင်ငံအကြား တင်းမာမှုများကို ပြေလျော့စေရန် ကြားဝင်ဖျန်ဖြေပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ အဆိုပါအစည်းအဝေးပြီးနောက် ဂျပန်တာဝန်ရှိသူများက အီရန်နိုင်ငံသို့ ဝန်ကြီးချုပ်အာဘေး အလည်အပတ်ခရီးစဉ်နှင့်ပတ်သက်ပြီး စီစဉ်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါခရီးစဉ်သည် ဇွန်လလယ်ပိုင်းလောက်တွင် စတင်နိုင်ဖွယ်ရှိကြောင်း သိရသည်။

၂၀၁၅ ခုနှစ် အီရန်နျူကလီးယား လက်နက်ပပျောက်ရေး သဘောတူညီစာချုပ်မှ အမေရိကန်နုတ်ထွက်မှုနှင့် အီရန်နိုင်ငံအား စီးပွားရေးပိတ်ဆို့ချမှတ်မှုများအပေါ် အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူက ထောက်ပြပြောဆိုခဲ့ပြီး ယခုဖြစ်ပေါ်လျက်ရှိသည့် နှစ်နိုင်ငံအကြား တင်းမာမှုများနှင့်ပတ်သက်ပြီး အမေရိကန်အား ပြစ်တင်ဝေဖန် ပြောကြားခဲ့သည်။

ထို့ပြင် အမေရိကန်အနေဖြင့် အီရန်နိုင်ငံအပေါ်ချမှတ်ထားသော စီးပွားရေးပိတ်ဆို့မှုများကို ကနဦးဖယ်ရှားသင့်သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ယခုအချိန်တွင် အီရန်နိုင်ငံ၏ စီးပွားရေးအခြေအနေသည် အမေရိကန်၏ စီးပွားရေးပိတ်ဆို့မှုများကြောင့် ပိုမိုဆိုးရွားလျက်ရှိသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် ချစ်ခင်ရင်းနှီးမှုရှိသည့် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၏ ခရီးစဉ်သည် အမေရိကန်နှင့် အီရန်နှစ်နိုင်ငံအကြား တင်းမာမှုများကို ပြေလျော့သွားရန်နှင့် အီရန်အပေါ် အမေရိကန်၏ ခြိမ်းခြောက်မှုများလည်း လျော့ကျသွားနိုင်ရန် အီရန်အစိုးရက မျှော်လင့်ထားကြောင်း သိရသည်။

ဂျပန်ဝန်ကြီးချုပ်ဟောင်း တာကီယို ဖူကူဒါသည် အီရန်နိုင်ငံသို့ ၁၉၇၈ ခုနှစ်တွင် အလည်အပတ်ရောက်ရှိခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# မဟာတံတိုင်းသို့လာရောက်သည့် ခရီးသွားအရေအတွက် တစ်ရက်လျှင် ၆၅၀၀၀ ထိ ကန့်သတ်မည်


**ပေကျင်း မေ ၂၉**
ပေကျင်းမြို့တော်ရှိ မဟာတံတိုင်း၏ နာမည်ကျော် ဘာဒါလင်းအပိုင်းသည် တစ်နေ့လျှင် ခရီးသွားဧည့်သည် ၆၅၀၀၀ ထိ ကန့်သတ်သွားမည်ဖြစ်ကြောင်း The Beijing Youth သတင်းစာက ယနေ့ ဖော်ပြခဲ့သည်။

မဟာတံတိုင်း၏ ဘာဒါလင်းအပိုင်းမှာ ပေကျင်းမြို့လယ်ကောင်၏ အနောက်မြောက်ဘက် ကီလိုမီတာ ၆၀ အကွာ ရန်ကျင်းစီရင်စုတွင် တည်ရှိသည်။ ထိုအပိုင်းမှာ မဟာတံတိုင်းတွင် အစောဆုံးဖွင့်လှစ်သော အပိုင်းဖြစ်ပြီး ပြည်ပခရီးသွားအများဆုံး လာရောက်သည့်နေရာဖြစ်သည်။ ၁၉၅၀ ပြည့်နှစ်များနောက်ပိုင်း မဟာတံတိုင်း၏ ဘာဒါလင်းအပိုင်းသို့ ပြည်ပမှ နိုင်ငံနှင့် အစိုးရအကြီးအကဲများစွာ လာရောက်လည်ပတ်ခဲ့သည်။ ထို့အပြင် လာမည့်လမှစ၍ လက်မှတ်ဝယ်ယူရာတွင် နာမည်အစစ်ဖြင့် မှတ်ပုံတင်သည့်စနစ် ဆောင်ရွက်မည်ဖြစ်ပြီး အွန်လိုင်းလက်မှတ်ကြိုတင်မှာကြားမှုကို အားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာလှည့်ခရီးသွားများအနေဖြင့် ဝက်ဘ်ဆိုက်နှင့် We Chat အကောင့်မှတစ်ဆင့် ခုနစ်ရက်ကြိုတင်၍ လက်မှတ်မှာကြားနိုင်မည်ဖြစ်သည်။ မဟာတံတိုင်း၏ ဘာဒါလင်းအပိုင်းသို့ ပြီးခဲ့သည့်နှစ်က ခရီးသွားဧည့်သည် ၁၀ သန်းကျော် လည်ပတ်ခဲ့သည်။ ခရီးသွားများစွာ လာရောက်လည်ပတ်မှုကြောင့် ရှေးဟောင်းအမွေအနှစ်များ၊ ကမ္ဘာလှည့်ခရီးသွားများ၏ ဘေးကင်းလုံခြုံရေးအတွက် ကြီးမားသောဖိအားဖြစ်စေခဲ့ပြီး ကြိုတင်လက်မှတ်မှာယူခြင်းနှင့် ခရီးသွားအရေအတွက်ကန့်သတ်ခြင်းမှာ လိုအပ်ကြောင်း မဟာတံတိုင်းမှ ဝန်ထမ်းတစ်ဦး၏ ပြောကြားချက်ကို ကိုးကား၍ အဆိုပါ သတင်းစာက ဖော်ပြသည်။

မဟာတံတိုင်း၏ ဘာဒါလင်းအပိုင်းမှာ ခရီးသွားအရေအတွက်ကန့်သတ်မှုကို အကောင်အထည်ဖော်ဆောင်သည့် ပေကျင်းမြို့ရှိ ပထမဆုံးသော ခရီးသွားများဆွဲဆောင်ရာ နေရာတစ်ခုမဟုတ်ပေ။ ၂၀၁၅ ခုနှစ်နောက်ပိုင်း Palace Museum သို့မဟုတ် Forbidden City သည် တစ်နေ့လျှင် ခရီးသွားဧည့်သည် ၈၀၀၀၀ သာ ဝင်ရောက်ခွင့်ပြုရန် ကန့်သတ်ခဲ့သည်။ ယခုနှစ် ဧပြီလမှစတင်ကာ တရုတ်အမျိုးသားပြတိုက်က နေ့စဉ် ခရီးသွားဧည့်သည် ၃၀၀၀၀ သာ လာရောက်လည်ပတ်ရန် သတ်မှတ်ခဲ့သည်။

ထို့အပြင် မဟာတံတိုင်း၏ ဘာဒါလင်းအပိုင်းသည် ခရီးသွားဧည့်သည်များအတွက် အဆင့်သုံးဆင့်ပါ ကြိုတင်အချက်ပေးစနစ်တစ်ခုကို သတ်မှတ်ခဲ့သည်။ ထိုစနစ်အရ ခရီးသွားအရေအတွက် ၃၉၀၀၀ ရောက်ရှိပါက အဝါရောင်သတိပေးချက်၊ ခရီးသွားဧည့်သည် ၅၂၀၀၀ ဆိုလျှင် လိမ္မော်ရောင်သတိပေးချက်၊ ခရီးသွားဧည့်သည် ၆၅၀၀၀ ဆိုပါက အနီရောင်သတိပေးချက် ထုတ်ပြန်မည်ဖြစ်သည်။




**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- ကျော်ထိုက်စိုး**

# နရန်ဒရာမိုဒီ၏ ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားသို့ ဧည့်သည်တော် ၆၀၀၀ ကျော် တက်ရောက်မည်ဟု မျှော်လင့်

**နယူးဒေလီ မေ ၂၉**
အိန္ဒိယဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသော နရန်ဒရာမိုဒီ၏ နိုင်ငံ့ခေါင်းဆောင်အဖြစ် ဆက်တိုက်ဒုတိယသက်တမ်း ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားအတွက် နယူးဒေလီမြို့ရှိ သမ္မတအိမ်တော် (Rashtrapati Bhawan)မျက်နှာစာ၌ မေ ၂၉ ရက်တွင် အသေးစိတ်ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**မျှော်လင့်**

ကျမ်းသစ္စာကျိန်ဆိုပွဲသို့ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် ဘင်္ဂလားဒေ့ရှ်၊ မြန်မာ၊ သီရိလင်္ကာ၊ ထိုင်း၊ နီပေါနှင့် ဘူတန်နိုင်ငံတို့မှ နိုင်ငံ့ခေါင်းဆောင်ကြီးများအပါအဝင် ဧည့်သည်တော် ၆၀၀၀ ကျော် တက်ရောက်မည်ဟု မျှော်လင့်ထားကြောင်း တရားဝင်သတင်းရင်းမြစ်အရ သိရသည်။

**အတိုက်အခံပါတီခေါင်းဆောင်အားလုံးပါဝင်**

အဆိုပါ ဧည့်သည်တော်များစာရင်းထဲတွင် အိန္ဒိယအမျိုးသားကွန်ဂရက်ပါတီဥက္ကဋ္ဌ ရာဟူးလ်ဂန္ဒီနှင့် အိန္ဒိယအမျိုးသားကွန်ဂရက်ပါတီဥက္ကဋ္ဌဟောင်း ဆိုနီယာဂန္ဒီတို့အပါအဝင် ထင်ရှားသောအိန္ဒိယအတိုက်အခံပါတီ ခေါင်းဆောင်အားလုံးတို့လည်း ပါဝင်ကြောင်း သိရသည်။

ထို့အပြင် အိန္ဒိယနိုင်ငံရှိ ပြည်နယ်အားလုံးမှ ပြည်နယ်အစိုးရခေါင်းဆောင်ကြီးများ၊ ပြည်နယ်အုပ်ချုပ်ရေးမှူးများ၊ ဘီဂျေပီပါတီခေါင်းဆောင်ကြီးများ၊ လွှတ်တော်နှစ်ရပ်စလုံးမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်နယ်များရှိ ဘီဂျေပီပါတီဝင်အရာရှိကြီးများလည်း အဆိုပါ ကျမ်းသစ္စာကျိန်ဆိုပွဲသို့ တက်ရောက်ကြမည်ဟု မျှော်လင့်ရသည်။

**ဖိတ်စာများပေးပို့**

ထို့အပြင် အိန္ဒိယဝန်ကြီးချုပ်ဟောင်းများဖြစ်ကြသည့် မန်မိုဟန်ဆင်းနှင့် အိပ်ချ်ဒီ ဒီဗီဂေါ်ဒါ၊ အိန္ဒိယသမ္မတဟောင်းများဖြစ်ကြသည့် ပရာနာ့ဘ်မူခါဂျီနှင့် ပရာတီဘာပါတီလ်တို့ကိုလည်း ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားသို့ တက်ရောက်ကြရန် ဖိတ်စာများပေးပို့ထားကြောင်း တရားဝင်သတင်းရင်းမြစ်က အတည်ပြုဖော်ပြထားသည်။ **ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- ဂျေတီ**

# ခရီးသွားတားမြစ်မှု ဖြေလျှော့ခြင်းနှင့်အတူ ယခုနှစ်အတွင်း ကမ္ဘာလှည့်ခရီးသည် ၂ ဒသမ ၅ သန်း သီရိလင်္ကာမျှော်မှန်း

**ကိုလံဘို မေ ၂၉**
သီရိလင်္ကာနိုင်ငံသည် ဧပြီ ၂၁ ရက် အကြမ်းဖက်တိုက်ခိုက်မှုနောက်ပိုင်း နိုင်ငံအများအပြားက သီရိလင်္ကာနိုင်ငံသို့ ခရီးသွားရာတွင် အန္တရာယ်ရှိမှု သတိပေးချက်များ ထုတ်ပြန်မှု ဖြေလျှော့လာခြင်းနှင့်အတူ ယခုနှစ်တွင် ကမ္ဘာလှည့်ခရီးသည် အနည်းဆုံး ၂ ဒသမ ၅ သန်းခန့် မျှော်မှန်းထားကြောင်း သီရိလင်္ကာဝန်ကြီးတစ်ဦးက ပြောကြားသည်။

တရုတ်နိုင်ငံသည် သီရိလင်္ကာ အကြမ်းဖက်တိုက်ခိုက်မှုနောက်ပိုင်း သီရိလင်္ကာနိုင်ငံသို့ ခရီးသွားရာတွင် အန္တရာယ်ရှိမှု သတိပေးချက်များကို ပြီးခဲ့သည့် သီတင်းပတ်က ပထမဦးဆုံး ဖြေလျှော့ခဲ့သည့် နိုင်ငံဖြစ်လာပြီး သီရိလင်္ကာနိုင်ငံအနေဖြင့် ယခုလမှစ၍ သီရိလင်္ကာနိုင်ငံသို့ လာရောက်လည်ပတ်မည့် တရုတ်ကမ္ဘာလှည့်ခရီးသည်ဦးရေ အများအပြား တိုးပွားလာမည်ဟု မျှော်လင့်ထားကြောင်း သီရိလင်္ကာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး၊ တောရိုင်းတိရစ္ဆာန်နှင့် ခရစ်ယာန်ဘာသာရေးဆိုင်ရာဝန်ကြီး ဂျွန်အာမရာတူငါက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

သီရိလင်္ကာ လုံခြုံရေးတပ်ဖွဲ့က အီစတာပွဲတော်နေ့ အကြမ်းဖက်တိုက်ခိုက်မှုတွင် ပါဝင်ပတ်သက်သည့် သံသယရှိသူ ၉၈ ရာခိုင်နှုန်းကျော်ကို ဖမ်းဆီးထိန်းသိမ်းခဲ့ပြီးနောက် သီရိလင်္ကာနိုင်ငံသည် လုံခြုံသော ခရီးတစ်ထောက်ရပ်နားရန် နေရာတစ်ခုဖြစ်လာခဲ့ကြောင်း ဂျွန်အာမရာတူငါက ပြောကြားသည်။

ယမန်နှစ်က တရုတ်ကမ္ဘာလှည့်ခရီးသည် ၂၇၀၀၀၀ ကျော် သီရိလင်္ကာနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့ခြင်းနှင့်အတူ တရုတ်နိုင်ငံသည် သီရိလင်္ကာခရီးသွားလုပ်ငန်းအတွက် အကြီးမားဆုံးဈေးကွက်များအနက် တစ်ခုအပါအဝင်ဖြစ်လာခဲ့ကြောင်း ဝန်ကြီးက ပြောသည်။

ယခုနှစ် ဧပြီလအထိ သီရိလင်္ကာနိုင်ငံသို့ လာရောက်လည်ပတ်သည့် တရုတ်ကမ္ဘာလှည့်ခရီးသည် ဦးရေမှာ ၉၈၀၀၀ ကျော်ရှိရာ ယမန်နှစ်အလားတူကာလက သီရိလင်္ကာနိုင်ငံသို့ လာရောက်လည်ပတ်သည့် တရုတ်ကမ္ဘာလှည့်ခရီးသည် ဦးရေနှင့် နှိုင်းယှဉ်ကြည့်ပါက ပိုမိုများပြားလာကြောင်း ဂျွန်အာမရာတူငါက ဆက်လက်ပြောကြားသည်။

ဧပြီ ၂၁ ရက်က ခရစ်ယာန်ဘုရားကျောင်းများနှင့် ဇိမ်ခံဟိုတယ်များကို ပစ်မှတ်ထားသည့် သီရိလင်္ကာ အကြမ်းဖက် တိုက်ခိုက်မှုများတွင် နိုင်ငံခြားသား ၄၀ ကျော် အပါအဝင် လူ ၂၅၀ ကျော် အသက်ဆုံးရှုံးခဲ့သည်။ **ကိုးကား- ဆင်ဟွာ ဘာသာပြန်- ဂျေတီ**



**ဗိုလ်ချုပ်အောင်ဆန်းဒိုင်းမှ »»**
ပထမအကျော့တွင် ပြတ်သားသည့်ရလဒ်ထွက်ပေါ်ထားသည်မှာ ရှမ်းယူနိုက်တက်နှင့် ရခိုင်တစ်ပွဲသာရှိသော်လည်း ဘောလုံးတွင် ဘာမဆိုဖြစ်နိုင်သောကြောင့် ရခိုင်အသင်းအနေဖြင့် အိမ်ကွင်း၌ မထင်မှတ်သည့် ရလဒ်ရယူနိုင်ရန် အခွင့်အရေးရှိနေသေးသည်။ ထို့ကြောင့် ရှမ်းယူနိုက်တက်အသင်းအနေဖြင့်လည်း ပထမအကျော့တွင် ဂိုးပြတ်အနိုင်ရထားသော်လည်း ပေါ့ဆ၍မရဘဲ အဝေးကွင်း၌ ရလဒ်ကောင်းရရန် ကြိုးပမ်းရမည်ဖြစ်သည်။

ရန်ကုန်နှင့် စစ်ကိုင်းအသင်းမှာလည်း ပထမအကျော့တွင် သရေကျထားသောကြောင့် ဒုတိယအကျော့တွင် ဆက်လက်အားပြိုင်ရမည်ဖြစ်ပြီး နှစ်သင်းစလုံး အခွင့်အရေးရှိနေဆဲဖြစ်သည်။ နှစ်သင်းစလုံး နိုင်ပွဲရယူနိုင်ရန် လိုအပ်နေပြီး သရေကျပါက အဝေးဂိုးရထားသည့် ရန်ကုန်အသင်းအနေဖြင့် ဂိုးမရှိသရေကျပါက ဗိုလ်လုပွဲတက်ရောက်နိုင်မည် ဖြစ်ပြီး တစ်ဂိုးစီသရေ ထပ်ကျပါက အချိန်ပို ဆက်ကစားရမည်ဖြစ်သည်။ စစ်ကိုင်းအသင်းသည် သရေကျပါက နှစ်ဂိုးနှင့်အထက် သရေကျမှသာ အဝေးဂိုးစည်းမျဉ်းဖြင့် ဗိုလ်လုပွဲတက်ရောက်နိုင်မည်ဖြစ်သည်။ ဒုတိယအကျော့တွင် ရန်ကုန်အသင်းမှ ရန်အောင်ကျော်နှင့် မင်းကျော်ခန့်၊ ရခိုင်အသင်းမှ ကယ်ဗင်တို့ ပွဲပယ်ခံထားရပြီး ဒဏ်ရာရကစားသမား အချို့လည်းရှိနေသည်။

ယခုရာသီရှုံးထွက်ပြိုင်ပွဲတွင် အသင်းကြီးနှစ်သင်းပဲ ဗိုလ်လုပွဲတက်ရောက်နိုင်မလား၊ ရခိုင်နှင့် စစ်ကိုင်းအသင်းတို့ကပဲ မထင်မှတ်သည့် စွမ်းဆောင်ရည်ပြသနိုင်မလားဆိုတာ စောင့်ကြည့်ရမည်ဖြစ်သည်။

**သတင်း- ရှိုင်းထက်ဇော်၊ ဓာတ်ပုံ- ဘုန်းသော်**

**❍ ကျောဖုံးမှ**

အသစ်ပြေးဆွဲမည့် လေကြောင်းခရီးစဉ်မှာ ခရီးစဉ်တစ်ကြောင်းလျှင် ခရီးသွားကြာချိန် ၄ နာရီခွဲ ကြာမြင့်မည်ဖြစ်ပြီး ယခင်ခရီးသွားကြာချိန်ထက် ထက်ဝက်နီးပါး သက်သာ စေမည်ဖြစ်သည်။ မကြာသေးမီနှစ်များအတွင်း ရှန်ဟိုင်းအခြေစိုက် Spring Group သည် မန္တလေး၊ ပဲခူးနှင့် ပုဂံအပါအဝင် မြန်မာနိုင်ငံရှိ ကမ္ဘာလှည့်ခရီးသွားများအတွက် ထင်ရှားကျော်ကြားသော ရှေးဟောင်းနယ်မြေသုံးခုသို့ ခရီးစဉ်လမ်းကြောင်းသစ်များ ဖွင့်လှစ်ခဲ့သည်။

ဗီဇာမူဝါဒများ၊ သယ်ယူပို့ဆောင်ရေးနှင့် ငွေကြေးပေးချေသည့် လမ်းကြောင်းများ တိုးတက်လာမှုကြောင့် ရန်ကုန်မြို့တော်မှာ တရုတ်ခရီးသွားများအတွက် အားကောင်းသော ဆွဲဆောင်ရာနေရာသစ်တစ်ခု ဖြစ်လာခဲ့ကြောင်း ရှန်ဟိုင်းမြို့တော်အခြေစိုက် Spring Group ၏ ခရီးသွားလုပ်ငန်းတစ်ခုဖြစ်သော Spring Tour က ပြောကြားခဲ့သည်။

**ကိုးကား- CGTN၊ ဘာသာပြန်-ကျော်ထိုက်စိုး**

# မူဆယ်မြို့နယ်တွင် ဆီဘောက်ဆာယာဉ်ထဲမှ ဆိုင်ယာနိုက်ဟု ယူဆရသော ဓာတုပစ္စည်းများ သိမ်းဆည်းရမိ

**မူဆယ် မေ ၂၉**
ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့(၁၀၅)မိုင် ကုန်သွယ်ရေးဇုန် လားရှိုးမောင်းတံအနီးတွင် မေ ၂၈ ရက် ညနေ ၄ နာရီခန့်က ဆီဘောက်ဆာယာဉ်အတွင်းမှ ဆိုင်ယာနိုက်(Benzyl Cyanide) အဆိပ်ပြင်းသည့် ဓာတ်ပေါင်းပစ္စည်းအရည်ဟု ယူဆရသည့် ဓာတုပစ္စည်းများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၈ ရက်တွင် မူဆယ်မှ မန္တလေးသို့ ထွက်ခွာလာသည့် (ယာဉ်မောင်းနှင့် နေရပ်လိပ်စာ စုံစမ်းစစ်ဆေးနေဆဲ) ယာဉ်သည် မူဆယ်မြို့မှ မန္တလေးသို့ ပြည်ထောင်စုလမ်းမကြီးအတိုင်း မောင်းနှင်လာစဉ် ကုန်သွယ်ရေးဇုန် လားရှိုးမောင်းတံအနီးတွင် တာဝန်ကျဝန်ထမ်းများက ရပ်တန့်စစ်ဆေးရာ ယာဉ်မောင်းဖြစ်သူမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြောင်း သိရသည်။ ကုန်သွယ်ရေးဇုန်အတွင်း တာဝန်ကျအကောက်ခွန်ဝန်ထမ်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များဦးစီး၍ ကုန်တင်၊ ကုန်ချလုပ်သားများဖြင့် ယာဉ်၏အပေါ်အဖုံးကို ဖွင့်ဖောက်ကြည့်ရှုစစ်ဆေးခဲ့ရာ အတွင်းအံခွက်များထဲ၌ ပလတ်စတစ်ကော်ပုံး(အပြာရောင်)များဖြင့် ထည့်ထားသည့် ဆိုင်ယာနိုက်



အဆိပ်ပြင်းသည့် ဓာတ်ပေါင်းပစ္စည်းအရည်များဟု ယူဆရသော ဓာတုပစ္စည်းများအား စစ်ဆေးတွေ့ရှိပြီး တာဝန်ရှိသူများက ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဆလိုင်းဗန်ရှိုးထန်(ပြန်/ဆက်)**

# အမြန်လမ်းရဲတပ်ဖွဲ့ဝင်တစ်ဦးအားသတ်၍ ပစ္စည်းလုယက်မှုဖြစ်ပွား

**နေပြည်တော် မေ ၂၉**
ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးရဲတပ်ဖွဲ့ ဇီးပင်သာ အမြန်လမ်းရဲစခန်းအပိုင်တွင် တာဝန်ထမ်းဆောင်နေသော ရဲတပ်ဖွဲ့ဝင်တစ်ဦးအား သတ်၍ ဆိုင်ကယ်နှင့်ဖုန်းအား လုယက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၉ ရက် နံနက် ၆ နာရီခွဲခန့်က ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၁၅၂ အနီး လမ်း၏ယာဘက်ခြံစည်းရိုးအပြင်တွင် တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးနေကြောင်း အကြောင်းကြားသဖြင့် တာဝန်ရှိသူများက သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ရွာသစ်ရဲကင်းတွင် တာဝန်ထမ်းဆောင်နေသော ရဲတပ်သား အောင်စိုးဝေဖြစ်ပြီး ဝဲဘက် လည်ပင်းတွင် လေးလက်မကျော် ပြတ်ရှဒဏ်ရာတစ်ချက်ဖြင့် သေဆုံးနေကာ ၎င်းစီးနင်းသွားသော ဆိုင်ကယ်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့မှာ ပျောက်ဆုံးနေသည်ကို စစ်ဆေးတွေ့ရှိခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး ရဲတပ်ဖွဲ့ဝင်အား သေဆုံးအောင်ပြုလုပ်၍ ပစ္စည်း လုယက်သွားသူအား ဇီးပင်သာအမြန်လမ်းမကြီး ရဲစခန်းက အမှုဖွင့်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**

# လှည်းကူး၌ ပျဉ်းကတိုးခွဲသားများ တင်ဆောင်လာသောယာဉ်တစ်စီး သိမ်းဆည်းရမိ

**ရန်ကုန် မေ ၂၉**
လှည်းကူးမြို့နယ် သစ်တောဦးစီးအရာရှိ ဦးတင်ထွဏ်း ဦးစီးသောအဖွဲ့နှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၈ ရက် ညနေ ၃ နာရီခန့်က လှည်းကူးမြို့နယ် အမှတ်(၃)လမ်းဆုံရှိ စစ်ဆေးဂိတ်နေရာတွင် သတင်းအရစောင့်ဆိုင်းနေစဉ် ကျိုက်ထိုမြို့နေ ဦးကျော်ဝင်း မောင်းနှင်ပြီး ဦးကျော်ကျော် လိုက်ပါလာသော ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်မှ တရားမဝင်ပျဉ်းကတိုးခွဲသား ဆိုဒ်စုံ ၇၇ ချောင်း (သုည ဒသမ ၈၀၉၆ တန်) အား ရှာဖွေစစ်ဆေးတွေ့ရှိရသဖြင့် လှည်းကူးမြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

# အပူချိန်ပြင်းထန်မှုနှင့် အခြားရောဂါတွဲဖက်၍ မကွေးပြည်သူ့ဆေးရုံသို့ လူနာ ၂၇ ဦး တက်ရောက်ခဲ့ပြီး လေးဦးသေဆုံး

**မကွေး မေ ၂၉**
ဒေသတွင်း၌ ဖြစ်ပေါ်နေသော အပူချိန်ပြင်းထန်မှုနှင့်အတူ အခြားရောဂါများ တွဲဖက်ခံစားရ၍ မကွေးပြည်သူ့ဆေးရုံကြီးသို့ တက်ရောက်ကုသခဲ့သည့် လူနာအရေအတွက်သည် ဇန်နဝါရီမှ မေ ၂၈ ရက်အထိ ၂၇ ဦးရှိပြီး ၎င်းတို့အနက်မှ သွေးတိုးနှင့်ဆီးချိုရောဂါအခံရှိသူ လေးဦး သေဆုံးခဲ့ကြောင်း ဆေးရုံတာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

၂၀၁၈ ခုနှစ် နွေရာသီကာလက အပူဒဏ်ကြောင့် ပြည်သူ့ဆေးရုံကြီးသို့ လူနာခြောက်ဦး တက်ရောက်ခဲ့ပြီး သေဆုံးသူမရှိခဲ့ကြောင်း၊ ယခုနှစ်အပူဒဏ်ကြောင့် ဆေးကုသမှုခံယူရသူများထဲတွင် အသက် ၅၀ နှင့်အထက် လူနာအများစုပါဝင်နေပြီး လမ်းလုပ်သားများကဲ့သို့ နေပူထဲတွင်အလုပ်လုပ်ရသူများလည်း ပါဝင်ကြောင်း သိရသည်။

"Heat Stroke ပုံစံမျိုးနဲ့ ရောက်လာတာမျိုးမဟုတ်ဘဲ အခြားရောဂါဥပမာ - ဆီးချိုနဲ့သွေးတိုးတို့ကြောင့် ရောက်လာကြတာက များပါတယ်။ ဒီနေ့အထိ ၂၇ ယောက် ရှိပါပြီ။ အဲဒီထဲက လေးယောက် အသေအပျောက် ရှိပါတယ်။ ဒါကလည်း သွေးတိုးတို့၊ ဆီးချိုတို့ တွဲပြီးရှိနေကြသူတွေပါ" ဟု ဆေးရုံအုပ် ဒေါက်တာဇင်မင်းဖွေးက ပြောသည်။

**ဇေယျာတု(မကွေး)**





ရွှေလမင်းဆေးရုံများတွင် မိုးရာသီကာလ(၁.၆.၂၀၁၉ မှ ၃၁.၈.၂၀၁၉) ရက်နေ့အတွင်း အခန်းခများကို 20% Discount နှင့် ကျန်းမာရေး စစ်ဆေးခြင်း (Medical Check Up Package) များကို အထူးလျှော့ဈေး ပေးမည် ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ရွှေလမင်းဆေးရုံ(မြောက်ဥက္ကလာပမြို့နယ်)း အမှတ်(၁၂၅၄)၊ သုဓမ္မာလမ်းမကြီး၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ Hot Line : 01-655612

ရွှေလမင်းဆေးရုံ(လမ်းမတော်မြို့နယ်) : အမှတ်(၁၅/၁၉)၊ ဖော်ဂျီလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ Hot Line : 01-2301949

ရွှေလမင်းဆေးရုံ(ဟသ္သာတမြို့) : အမှတ်(၃၂)၊ ဗိုလ်စောမောင်လမ်း၊ ရုံးကြီးရပ်ကွက်၊ ဟသ္သာတမြို့။ Ph:044-2021375,2022799,2022800,2022801,2022802

ရွှေလမင်းဆေးရုံ(မော်လမြိုင်မြို့) : အမှတ်(၁)၊ မြို့ရှောင်လမ်း၊ ဒိုင်းဝန်ကွင်း၊ မော်လမြိုင်မြို့။ Ph-057-2026202,2026855,2026387,2026709

# နှလုံးသွေးကြောကျဉ်းရောဂါဖြစ်နိုင်ခြေအလားအလာ

ပါမောက္ခဒေါက်တာမောင်

**သုံးဆယ့်လေးစက္ကန့်တိုင်း တစ်ဦးနှုန်း သေဆုံးနေသောရောဂါ**
ထိတ်လန့်ဖွယ် သတင်းတစ်ပုဒ်။

နှလုံးနှင့်သွေးကြောဆိုင်ရာရောဂါများကြောင့် ကမ္ဘာပေါ်တွင် အချိန် ၃၄ စက္ကန့်တိုင်း လူတစ်ဦးနှုန်း အသက်ဆုံးရှုံးလျက်ရှိပြီး ယင်းသေဆုံးသူများ အနက် နှလုံးသွေးကြောကျဉ်းရောဂါကြောင့် သေဆုံးမှုသည် အများဆုံးဖြစ် ကြောင်း ဧပြီလ ၂၉ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ဖော်ပြခဲ့သည်။

ကုလသမဂ္ဂ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံ တွင် ၂၀၁၇ ခုနှစ်အတွင်း နှလုံးသွေးကြောကျဉ်းရောဂါဖြင့် သေဆုံးသူပေါင်းမှာ ၃၀၂၉၅ ရှိပြီး စုစုပေါင်းသေဆုံးသူများ၏ ၇ ဒသမ ၆ ရာခိုင်နှုန်းဖြစ်ကြောင်း ဖော်ပြထားသည်။ လေဖြတ်ခြင်းပြီးလျှင် ဒုတိယအသေအပျောက်အများဆုံး ရောဂါဖြစ်ကြောင်းလည်း ဖော်ပြထားသည်။

ဒေါက်တာဦးကိုကိုဇော် (ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန)ဦးဆောင်သောအဖွဲ့၏ မြန်မာနိုင်ငံ မြို့နယ်လေးခု (ကျောက်တန်း၊ မော်လမြိုင်၊ ပုသိမ်၊ ပြည်) တို့တွင် လူဦးရေစုစုပေါင်း ၉၆၀၈၆၇ ဦးအပေါ်တွင် လေ့လာခဲ့သော တွေ့ရှိချက်အရ သွေးတိုးရောဂါရှိနေ သူများမှာ ၅၁ ရာခိုင်နှုန်းရှိပြီး နှလုံးသွေးကြောကျဉ်းရောဂါဖြစ်ပေါ်လာနိုင် သော အခွင့်အလမ်းမှာ ၇ ဒသမ ၅ ရာခိုင်နှုန်းရှိကြောင်း ဖော်ပြထားသည်။

မြန်မာနိုင်ငံတွင်သာမက ကမ္ဘာနှင့်တစ်ဝန်းတွင်လည်း နှလုံးသွေးကြော ကျဉ်းရောဂါသည် အသေအပျောက်အများဆုံးရောဂါတစ်ခု ဖြစ်နေသည်။

ဆိုးရွားလှသော ထိုရောဂါ၏အကြောင်းရင်းမှာ တစ်စတစ်စကျဉ်းမြောင်း လာသော သွေးကြောများကြောင့် ဖြစ်သည်။

**ကျဉ်းမြောင်းလာသော သွေးကြောများ**

သွေးကြောများအတွင်း နံရံထူထပ်မာကျောလာပြီး တစ်စတစ်စ ကျဉ်းမြောင်းလာခြင်း (Atherosclerosis) သည် အကြောင်းရင်းဖြစ်သည်။

အဓိကလက်သည်မှာ ခြေလေးချောင်းသားနှင့် ထောပတ်မှရသောအဆီ (Cholesterol) ဖြစ်သည်။ အစားအသောက်တွင်ပါသော ထိုအဆီသည် အာဟာရဓာတ်တစ်မျိုးဖြစ်သော်လည်း လိုသည်ထက်ပိုစားသောအခါ ဒုက္ခ ပေးတော့သည်။ သွေးထဲတွင် ပိုလျှံနေသော ထိုအဆီများသည် သွေးကြော များ၏ အတွင်းနံရံတွင် တွယ်ကပ်စုပုံလာကြသည်။ ထိုအခါ ပုံမှန်အားဖြင့် သွေးလှည့်ပတ်မှု လွယ်ကူစေရန် ချောမွတ်နေသော သွေးကြောအတွင်းသားနံရံ ပျက်စီးသွားပြီး အမာရွတ်တစ်သျှူးများဖြစ်သောအမျှင်များ အစားထိုး ဝင်ရောက်လာသည်။ ထိုအမျှင်များသည် အလွှာအချပ်များ (Plaques) အသွင်ဖြင့် ဖြစ်ပေါ်လာကြပြီး သွေးကြောကို တစ်စတစ်စ ကျဉ်းမြောင်း လာစေတော့သည်။ သွေးကြောပိတ်ခြင်း၊ သွေးကြောပေါက်ခြင်း၊ သွေးကြော အတွင်း သွေးခဲခြင်းများ နောက်ဆက်တွဲအဖြစ် ဖြစ်ပေါ်လာကြသည်။ ထိုဖြစ်စဉ်သည် နှလုံးသွေးကြောကျဉ်းရောဂါ၊ လေဖြတ်သောရောဂါနှင့် ခြေလက်များတွင် သွေးမလျှောက်သောရောဂါတို့၏ အကြောင်းရင်းခံ ဖြစ်သည်။

စင်စစ် ထိုဖြစ်စဉ်သည် မလွှဲမရှောင်သာသော ဇရာ၏ ပြယုဂ်တစ်ခု ဖြစ်သည်။ ရောဂါဖြစ်သောအဆင့်သို့ ရောက်မလာသော်လည်း လူတိုင်းတွင် ရှိနေသည်။ တွေ့ရှိချက်များအရ ဆယ်ကျော်သက်အရွယ်များတွင် ၁၇ ရာခိုင် နှုန်း၊ သက်လတ်ပိုင်းအရွယ်တွင် ၅၂ ရာခိုင်နှုန်းနှင့် အသက် ၅၀ အထက်အရွယ် တွင် ၈၅ ရာခိုင်နှုန်းရှိနေသည်။ အသက်ကြီးသည်နှင့်အမျှ သွေးကြောများ ကျဉ်းမြောင်းလာခြင်းသည် မလွဲမသွေရောက်ရှိလာမည့် ဇရာဖြစ်စဉ်တစ်ခု ဖြစ်သည်။ သို့ရာတွင် အသက်ကိုဉာဏ်စောင့်ခြင်းဖြင့် ရောဂါအဆင့်သို့ရောက်ရှိ မလာစေရန် ကာကွယ်တားဆီးထားနိုင်သည်။

ထိုဖြစ်စဉ်ကို ဖြစ်လွယ်စေသောအကြောင်းများကို သိနားလည်ခြင်းနှင့် လိုအပ်သလို အစားအသောက်၊ အနေအထိုင် ပြောင်းလဲခြင်းသည် ကာကွယ် တားဆီးခြင်းဖြစ်သည်။

**ရောဂါဖြစ်လွယ်စေသောအကြောင်းများ (Risk factors)**

နှလုံးသွေးကြောကျဉ်းရောဂါကို ဖြစ်လွယ်စေသောအကြောင်းများ ရှိနေသည်။ ဆေးလိပ်ငွေ့တွင်ပါဝင်သော နီကိုတင်းဓာတ်သည် သွေးကြော နံရံများကို ပျက်စီးစေသည်။ သွေးကြောပိတ်ခြင်းကို အလွယ်တကူဖြစ်ပေါ် စေသည်။ ဆေးလိပ်သောက်သူများသည် မသောက်သူများထက် ရောဂါ ဖြစ်နိုင်ခြေ လေးဆပိုမိုများနေပြီး ထိုရောဂါနှင့် သေဆုံးနိုင်သော အခွင့်အလမ်း မှာ ၇၀ ရာခိုင်နှုန်း ပိုမိုမြင့်မားနေသည်။ တစ်ဆင့်ခံဆေးလိပ်ငွေ့ ရှူနေရသူ များတွင်လည်း တူညီသောဆိုးကျိုး ဖြစ်ပေါ်စေသည်။

သွေးတိုးရောဂါရှိနေသည်ကို မသိခြင်း၊ မကုသခြင်းတို့သည်လည်း အကြောင်းတစ်ရပ်ဖြစ်သည်။ သွေးပေါင်ချိန် အပေါ်သွေး ၂၀ (mmHg) နှင့်အောက်သွေး ၁၀ (mmHg) တိုးလာတိုင်း နှလုံးသွေးကြောကျဉ်းရောဂါ ဖြစ်နိုင်ခြေ နှစ်ဆတိုးလာကြောင်း လေ့လာမှုများက ဖော်ပြထားသည်။

အစားအသောက်မှ ရရှိသောအဆီ (cholesterol)သည် ထင်ရှားသော အကြောင်းတစ်ရပ်ဖြစ်သည်။ ထောပတ်၊ ခြေလေးချောင်းသားအဆီ၊ ပြောင်းလဲဆီ (သို့မဟုတ်) ပြန်ကြော်ဆီများသည် အဆိုးဆုံးဖြစ်သည်။ နှလုံး သွေးကြောကျဉ်းရောဂါရှိနေသူများ၏ ၆၀ ရာခိုင်နှုန်းသည် သွေးထဲတွင် cholesterol ပမာဏ မြင့်မားနေကြောင်း တွေ့ရှိရသည်။

ဝခြင်းနှင့် အဝလွန်ခြင်းသည် နှလုံးသွေးကြောကျဉ်းရောဂါသာမက အခြားရောဂါများစွာတို့နှင့်လည်း ဆက်စပ်နေသည်။ ခန္ဓာကိုယ်ဒြပ်ထုညွှန်း ကိန်း (Body Mass Index) ၂၅ မှ ၃၀ သည် ဝနေသူများဖြစ်ပြီး ၃၀ ထက် များခြင်းသည် အဝလွန်နေခြင်းဖြစ်သည်။ [ခန္ဓာကိုယ်ဒြပ်ထု ညွှန်းကိန်းသည် ကိုယ်အလေးချိန်(ကီလိုဂရမ်)ကို အရပ်(မီတာ) နှစ်ထပ်ကိန်းဖြင့် စား၍ ရသောကိန်း ဖြစ်သည်]

ဆီးချိုရောဂါရှိသူများသည် မရှိသူများထက် ရောဂါဖြစ်နိုင်ခြေ လေးဆ ပိုမိုမြင့်မားသည်။ ဆီးချိုရောဂါသည် သွေးထဲရှိအဆီပမာဏကို မြင့်မားစေ



ရုံမက သွေးတိုးရောဂါကိုပါ ဖြစ်လွယ်စေသည်။

ကျန်းမာရေးနှင့် မညီညွတ်သော စားသောက်ပုံအလေ့အထသည်လည်း အကြောင်းတစ်ရပ် ဖြစ်သည်။ အငန်၊ အဆီနှင့် အချိုများကို နှစ်ခြိုက်ခြင်း၊ ဟင်းသီးဟင်းရွက်နှင့် အသီးအနှံ စားသောက်မှုနည်းပါးခြင်း၊ အရန်သင့် အစား အစာများ စားလေ့ရှိခြင်းသည် အကြောင်းတစ်ရပ်ဖြစ်သည်။

ကိုယ်လက်လှုပ်ရှားမှုမရှိခြင်းသည် အထက်ပါအကြောင်းအားလုံးကို ပိုမိုဆိုးရွားစေသောကြောင့် အရေးအကြီးဆုံးနှင့် အဓိကအကျဆုံးအကြောင်း တစ်ရပ်ဖြစ်နေသည်။ လေ့ကျင့်ခန်းပြုလုပ်ခြင်းဖြင့် သွေးလှည့်ပတ်မှု မြန်ဆန် လာပြီး သွေးကြောများ ပြန်လည်ကျယ်ပြန့်လာကြောင်း တွေ့ရှိရသည်။ ပျက်စီး နေသော သွေးကြောအတွင်းနံရံများကိုလည်း ပြန်လည်ပြုပြင်ပေးနိုင်ကြောင်း တွေ့ရှိရသည်။ ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်းကြောင့် နှလုံးရောဂါနှင့် ဆီးချိုရောဂါတို့ဖြင့် သေဆုံးနိုင်သောအခွင့်အလမ်း ၃၀ ရာခိုင်နှုန်းပိုများကြောင်း ကုလသမဂ္ဂ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၂၀၁၈ အစီရင်ခံစာတွင် ဖော်ပြထားသည်။

အထက်ပါအကြောင်းများသည် နှလုံးသွေးကြောကျဉ်းရောဂါကို ဖြစ်လွယ်စေသော အကြောင်းများဖြစ်သည်။ ထိုအကြောင်းများရှိနေလျှင် နှလုံးသွေးကြောကျဉ်းရောဂါဖြစ်နိုင်ခြေ ပိုများမည် ဖြစ်သည်။

စာရှုသူ ဤဆောင်းပါးကိုဖတ်နေသော ၁၀ မိနစ်ခန့်အချိန်အတွင်းတွင် ကမ္ဘာအနှံ့တွင် လူ ၂၀ ခန့် နှလုံးသွေးကြောကျဉ်းရောဂါကြောင့် အသက်ဆုံးရှုံးသွား ကြပြီဖြစ်သည်။ နောက် ၁၀ မိနစ် (သို့မဟုတ်) ၁၀ ရက် (သို့မဟုတ်) ၁၀ လအကြာ တွင် မိမိအလှည့်ရောက်မလာနိုင်ဟု မည်သို့သေချာပေါက်သိနိုင်မည်နည်း။

**ရောဂါဖြစ်နိုင်ခြေ အလားအလာ**

မိမိတွင် နှလုံးသွေးကြောကျဉ်းရောဂါဖြစ်နိုင်ခြေ မည်မျှရှိသည်ကို ဩစတြေးလျနိုင်ငံ Heart Foundation မှ ထုတ်ပြန်သော မေးခွန်း ၁၂ ခုကို ဖြေဆိုခြင်းဖြင့် ရမှတ်အပေါ်မူတည်၍ အကြမ်းဖျင်းခန့်မှန်းနိုင်သည်။ (အတိအကျမဟုတ်ပါ)

**မေးခွန်းနှင့် ရမှတ်များ**

၁။ ဆေးလိပ်သောက်တတ်ပါသလား
- ၁၊ မသောက်တတ်ပါ................................. ၁ မှတ်
- ၂၊ တစ်ခါတစ်ရံသောက်တတ်ပါသည်............. ၂ မှတ်
- ၃၊ တစ်ပတ်လျှင် နှစ်ကြိမ်ခန့်သောက်ပါသည်.....၃ မှတ်
- ၄၊ နေ့စဉ်သောက်ပါသည်.................................၄ မှတ်

၂။ သင်၏အသက်
- ၁၊ ၃၀ နှစ် အောက်..........................................၁ မှတ်
- ၂၊ ၃၀ မှ ၄၄ နှစ် ...........................................၂ မှတ်
- ၃၊ ၄၅ မှ ၆၀ နှစ် ...........................................၃ မှတ်
- ၄၊ ၆၀ နှစ်အထက်...........................................၄ မှတ်

၃။ တစ်ရက်အတွင်း ဟင်းသီးဟင်းရွက်စားဖြစ်သောအကြိမ်
- ၁၊ ငါးကြိမ်နှင့်အထက်..................................... ၁ မှတ်
- ၂၊ ၃-၄ ကြိမ်................................................. ၂ မှတ်
- ၃၊ ၁-၂ ကြိမ်................................................. ၃ မှတ်
- ၄၊ မစားဖြစ်ပါ.............................................. ၄ မှတ်

၄။ တစ်ရက်အတွင်း အသီးအနှံစားဖြစ်သောအကြိမ်
- ၁၊ ၃-၄ ကြိမ်.................................................. ၁ မှတ်
- ၂၊ နှစ်ကြိမ်....................................................၂ မှတ်
- ၃၊ တစ်ကြိမ်................................................... ၃ မှတ်
- ၄၊ မစားဖြစ်ပါ................................................၄ မှတ်

၅။ ရက်သတ္တပတ်အတွင်း လေ့ကျင့်ခန်းပြုလုပ်သည့်ရက်များ
- ၁၊ နေ့စဉ်ပြုလုပ်ပါသည်.................................. ၁ မှတ်
- ၂၊ ၄-၅ ရက် ပြုလုပ်ပါသည်............................ ၂ မှတ်
- ၃၊ ၂-၃ ရက် ပြုလုပ်ပါသည်............................ ၃ မှတ်
- ၄၊ တစ်ရက် ပြုလုပ်ပါသည်............................ ၄ မှတ်

၆။ ရက်သတ္တပတ်အတွင်း ဆီများသော အစားအစာများစားဖြစ်သောအကြိမ်
- ၁၊ မစားဖြစ်ပါ................................................၁ မှတ်
- ၂၊ တစ်ခါတစ်ရံ............................................. ၂ မှတ်
- ၃။ မကြာခဏ...................................................၃ မှတ်
- ၄၊ နေ့စဉ်.......................................................၄ မှတ်

၇။ သင်၏သွေးတွင်းအဆီပမာဏသည် ပုံမှန်ထက်များနေသည်ဟု ဆရာဝန်ကပြောဖူးပါသလား
- ၁၊ မပြောဖူးပါ................................................၁ မှတ်
- ၂၊ မမှတ်မိပါ........ ........................................ ၂ မှတ်
- ၃၊ လွန်ခဲ့သောငါးနှစ်ခန့်က ပြောဖူးပါသည်.......... ၃ မှတ်
- ၄၊ မကြာသေးမီအချိန်က ပြောဖူးပါသည်.......... ၄မှတ်

၈။ သွေးပေါင်ကျဆေး၊ သွေးတွင်းအဆီချဆေး၊ ဆီးချိုဆေးများ သောက်နေရပါသလား
- ၁၊ မသောက်ရပါ................................................ ၁ မှတ်
- ၂၊ ယခင်က သောက်ခဲ့ဖူးပါသည်........................ ၂ မှတ်
- ၃၊ ဆေးဖြတ်ခဲ့သည်မှာ တစ်နှစ်ရှိပါပြီ.................... ၃ မှတ်
- ၄၊ ယခုသောက်နေရပါသည်................................ ၄ မှတ်

၉။ သွေးတိုးရောဂါရှိနေပါသလား
- ၁၊ မရှိပါ..........................................................၁ မှတ်
- ၂၊ မသိပါ..........................................................၂ မှတ်
- ၃၊ လွန်ခဲ့သောငါးနှစ်ကျော်က ရှိခဲ့ဖူးပါသည်............ ၃ မှတ်
- ၄၊ ယခုရှိနေပါသည်.............................................၄ မှတ်

၁၀။ မိသားစုအတွင်း နှလုံးသွေးကြောကျဉ်းရောဂါရှိသူများရှိနေ ပါသလား
- ၁၊ မရှိပါ..........................................................၁ မှတ်
- ၂၊ အဖျားအနားဆွေမျိုးများတွင် ရှိနေပါသည် ......... ၂ မှတ်
- ၃။ နီးစပ်သောဆွေမျိုးများတွင် ရှိနေပါသည်........... ၃ မှတ် (တစ်ဝမ်းကွဲမောင်နှမ၊ ဦးလေး ၊အဒေါ်)
- ၄၊ အဖေ၊ အမေ၊ မောင်နှမအရင်း(တစ်ဦးဦး) တွင် ရှိနေပါသည်..........................................၄ မှတ်

၁၁။ သင်၏နှလုံးကျန်းမာရေးကို ဆရာဝန်နှင့် စစ်ဆေးဖူးပါသလား
- ၁၊ စစ်ဆေးဖူးပါသည်....................................... ၁ မှတ်
- ၂၊ လွန်ခဲ့သော နှစ်နှစ်ကျော်က စစ်ဆေးဖူးပါသည်.....၂ မှတ်
- ၃။ လွန်ခဲ့သော ငါးနှစ်ကျော်က စစ်ဆေးဖူးပါသည်..... ၃ မှတ်
- ၄၊ မစစ်ဆေးဖူးပါ.............................................. ၄ မှတ်

၁၂။ နှလုံးရောဂါကြောင့်ဟု ထင်ရသော လက္ခဏာများ (ရင်ဘတ်အောင့်ခြင်း၊ အသက်ရှူမဝခြင်း) ခံစားရဖူးပါသလား
- ၁၊ မခံစားရဖူးပါ.............................................. ၁ မှတ်
- ၂၊ လွန်ခဲ့သော ငါးနှစ်ကျော်က ခံစားရဖူးပါသည်....... ၂ မှတ်
- ၃၊ လွန်ခဲ့သော သုံးနှစ်ကျော်က ခံစားရဖူးပါသည်....... ၃ မှတ်
- ၄၊ လွန်ခဲ့သော နှစ်နှစ်အတွင်း ခံစားရဖူးပါသည်....... ၄ မှတ်

**ရမှတ်များနှင့် ရောဂါဖြစ်နိုင်ခြေအလားအလာ**

ရမှတ် ၁၂-၂၀ အတွင်းရလျှင် သင်၏နှလုံးကျန်းမာရေးကောင်းမွန်နေ သည်ဟု ပြောနိုင်ပါသည်။ ယခုအတိုင်း ဆက်လက်နေထိုင်သွားသင့်ပါသည်။

ရမှတ် ၂၁-၃၀ အတွင်းရလျှင် ဖြစ်လွယ်သောအကြောင်း အနည်းငယ် ရှိနေပြီဖြစ်သည်။ အသက် ၄၅ နှစ်အထက်ဖြစ်လျှင် သင်၏ နှလုံးကျန်းမာရေးကို ဆရာဝန်နှင့် စစ်ဆေးသင့်ပြီဖြစ်သည်။ ရောဂါဖြစ်နိုင်ခြေအနည်းငယ်ရှိနေပြီ ဖြစ်သည်။

ရမှတ် ၃၁-၄၀ အတွင်းရလျှင် ဖြစ်လွယ်သောအကြောင်းများ အတော် အတန်ရှိနေပြီ ဖြစ်သည်။ အချိန်မဆိုင်းဘဲ ဆရာဝန်နှင့်ပြသင့်ပြီး ညွှန်ကြား ချက်များအတိုင်း လိုက်နာရမည်ဖြစ်သည်။ ရောဂါဖြစ်နိုင်ခြေအတော်အတန် ရှိနေပြီ ဖြစ်သည်။

ရမှတ် ၄၁-၄၈ အတွင်းရလျှင် ဖြစ်လွယ်သောအကြောင်းများ များစွာ ရှိနေပြီဖြစ်သည်။ မည်သည့်အကြောင်းများဖြစ်သည်ကို မေးခွန်းများကို ပြန်လည်ဆန်းစစ်၍ လိုအပ်သလို အချိန်မီ အစားအသောက်၊ အနေအထိုင် ပြုပြင်ရမည်ဖြစ်သည်။ ရောဂါဖြစ်နိုင်ခြေများစွာရှိနေပြီ ဖြစ်သည်။ ဆရာဝန်နှင့် မပြတ်ထိတွေ့၍ လိုအပ်သလိုကုသမှုခံယူရမည် ဖြစ်သည်။

**အဓိကအချက်များ**

နှလုံးသွေးကြောကျဉ်းရောဂါသည် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာနှင့် တစ်ဝန်း အသေအပျောက်အများဆုံးရောဂါတစ်ခုဖြစ်သည်။

ဩစတြေးလျနိုင်ငံ Heart Foundation ၏ မေးခွန်း ၁၂ ခုကို ဖြေဆို ခြင်းဖြင့် မိမိတွင် ရောဂါဖြစ်နိုင်ခြေ မည်မျှရှိသည်ကို ခန့်မှန်းသိရှိနိုင်သည်။

ရောဂါဖြစ်လွယ်စေသောအကြောင်းများကိုသိနားလည်ပြီး အစား အသောက်၊ အနေအထိုင် ပြုပြင်ပြောင်းလဲခြင်းဖြင့် ထိုရောဂါကို အချိန်မီ ကာကွယ်တားဆီးနိုင်မည်ဖြစ်ပြီး မိမိအသက်ကို ဉာဏ်ဖြင့် စောင့်ရှောက်ထား နိုင်မည်ဖြစ်ကြောင်း တင်ပြလိုရင်း ဖြစ်ပါသည်။

အသက်ကို ဉာဏ်စောင့်နိုင်ကြပါစေ။ ။

**ကျမ်းကိုး**

1. Cardiovascular diseases(CVDs). WHO Report. 17 May 2017.
2. Prevalence of cardiovascular morbidities in Myanmar. KoKoZaw, New New and Su Su Hlaing. BMC Research Notes. Published online 2017 Feb 15.
3. Mechanism of beneficial effects of physical activity on atherosclerosis and coronary heart disease. J.ApplPhysiol 2011 Jul; 111(1): 308-310.
4. Coronary Heart Disease in Myanmar. World Life Expectancy. https://www.worldlifeexpectancy.com/myanmar
5. Are you at risk of heart disease? Australia Heart Foundation. https://www.heartfoundation.org.au
6. Understanding Your Risk for heart Disease. UCSF Medical center. https://www.ucsfhealth.org/education
7. Atherosclerosis. National Heart, Lung and Blood Institute. https://www.nhlbi.nih.gov/health-topics/atherosclerosis

# စာပေနှင့်အနုပညာ မူပိုင်ခွင့်ဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှ အဆက်**

၂၉။ ပုဒ်မ ၁၈၊ ပုဒ်မခွဲ(က)၊ (စ) နှင့် (ဆ) တို့တွင် မည်သို့ပင်ပါရှိစေကာမူ စာပေ သို့မဟုတ် အနုပညာလက်ရာ၏ အထောက်အထားနှင့် မူလလက်ရာရှင်၏ အမည်ပါရှိလျှင် ယင်း၏အမည်ကိုပါ ရည်ညွှန်းဖော်ပြပါက အခွင့်အရေးရရှိသူ၏ ခွင့်ပြုချက်ရယူရန်မလိုဘဲ အောက်ပါတို့ကို ပြုလုပ်နိုင်သည် -

(က) ထုတ်ဝေပြီးသည့်သတင်းစာတွင်ဖြစ်စေ၊ပုံမှန်ထုတ်ဝေသည့် စာစောင်တွင်ဖြစ်စေ ပါရှိသည့်မျက်မှောက်ကာလ နိုင်ငံရေး၊ စီးပွားရေး၊ ဘာသာရေးဆိုင်ရာသတင်းဆောင်းပါးများ သို့မဟုတ် အလားတူ သတင်းဆောင်းပါးထုတ်လွှင့်ချက်များကို သတင်းစာနှင့် ပုံမှန်ထုတ်ဝေသည့်စာစောင်တွင် မူပွားခြင်း သို့မဟုတ် ထုတ်လွှင့်ခြင်း၊ အများပြည်သူသို့ ဆက်သွယ်ပို့လွှင့်ခြင်း။

ခြွင်းချက်။ ဤသို့ ပြုလုပ်ပိုင်ခွင့်သည် မူပွားခြင်းအတွက် သော်လည်းကောင်း၊ ထုတ်လွှင့်ခြင်း သို့မဟုတ် အခြားနည်းဖြင့် အများပြည်သူသို့ ဆက်သွယ်ပို့လွှင့်ခြင်းအတွက်သော်လည်းကောင်း အတိအလင်းတားမြစ်ထားပါက ထိုသို့ မူပွားခြင်းမပြုရ။

(ခ) လတ်တလော အဖြစ်အပျက်များကို တင်ပြရန်အလို့ငှာ ထုတ်လွှင့်ဖြန့်ချိပြီးဖြစ်သော စာပေ သို့မဟုတ် အနုပညာလက်ရာများ၏ ကောက်နုတ်ချက် တစ်စိတ်တစ်ဒေသကို သင့်လျော်စွာ မူပွားခြင်း သို့မဟုတ် ထုတ်လွှင့်ခြင်း သို့မဟုတ် အခြားနည်းဖြင့် အများပြည်သူသို့ ဆက်သွယ်ပို့လွှင့်ခြင်း။

(ဂ) လတ်တလော သတင်းအချက်အလက်များကို ဖော်ပြရန် ရည်ရွယ်ချက်ဖြင့် အများပြည်သူသို့ဟောကြားခဲ့သည့် နိုင်ငံရေးပြောကြားချက်၊ ပို့ချချက်၊ မိန့်ခွန်းပြောကြားချက်၊ တရားဓမ္မဟောကြားချက် သို့မဟုတ် အခြားအလားတူ စာပေ သို့မဟုတ် အနုပညာဆိုင်ရာ ဇာတ်လမ်းဇာတ်ကွက် သုတရသ ဟောပြောချက်များကို သတင်းစာတွင်ဖြစ်စေ၊ ပုံမှန်ထုတ်ဝေသည့် စာစောင်တွင်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ပုံနှိပ်ထုတ်ဝေခြင်း၊ မူပွားခြင်း သို့မဟုတ် ထုတ်လွှင့်ခြင်း၊ အခြားနည်းဖြင့် အများပြည်သူသို့ ဆက်သွယ်ပို့လွှင့်ခြင်း။ သို့ရာတွင် ဤသို့ပြုလုပ်ခြင်းသည် စီးပွားရေးအလို့ငှာ မဟုတ်ဘဲ လိုအပ်သမျှအတိုင်းအတာထိသာ ဖြစ်ရမည်။

၃၀။ ကွန်ပျူတာပရိုဂရမ်နှင့်စပ်လျဉ်း၍ -

(က) ပုဒ်မ ၁၈၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့တွင် မည်သို့ပင်ပါရှိစေကာမူ ကွန်ပျူတာပရိုဂရမ်မိတ္တူ၏တရားဝင်ပိုင်ရှင်သည် အောက်ဖော်ပြပါ အချက်တစ်ခုခုနှင့် ညီညွတ်ပါက အခွင့်အရေးရရှိသူ၏ ခွင့်ပြုချက်မပါဘဲ ကွန်ပျူတာပရိုဂရမ်၏ မိတ္တူတစ်ခုကို မူပွားခြင်း သို့မဟုတ် မှီငြမ်းခြင်းပြုနိုင်သည် -

(၁) ကွန်ပျူတာပရိုဂရမ်ကို ရယူခဲ့ပြီးသည့် ရည်ရွယ်ချက်နှင့် အတိုင်းအတာအထိ ယင်းကွန်ပျူတာပရိုဂရမ်အား အသုံးပြုခြင်း၊

(၂) ကွန်ပျူတာပရိုဂရမ်မိတ္တူကို မှတ်တမ်းအဖြစ်ထားရှိရန်နှင့် ကွန်ပျူတာ ပရိုဂရမ်မိတ္တူမှာ ပျောက်ဆုံးခြင်း၊ ပျက်စီးခြင်း၊ အသုံးမပြုနိုင်သည့် အခြေအနေရောက်ရှိခြင်းတို့ ဖြစ်ပေါ်သည့်အခါ တရားဝင်ပိုင်ဆိုင်သည့် ကွန်ပျူတာပရိုဂရမ်မိတ္တူကို ပြန်လည်အစားထိုးရန်လိုအပ်ခြင်း၊

(၃) မိမိကိုယ်တိုင်အသုံးပြုရန်အတွက် အရန်အဖြစ်ထားရှိရန် ကွန်ပျူတာပရိုဂရမ်ကို မူပွားခြင်း။

(ခ) ပုဒ်မခွဲ(က)တွင် ဖော်ပြထားသည့်ကိစ္စများမှအပ အခြားရည်ရွယ်ချက်တစ်ခုခုအတွက် ကွန်ပျူတာပရိုဂရမ်၏ မည်သည့် မိတ္တူ သို့မဟုတ် မူရင်းလက်ရာကိုမျှ မှီငြမ်းခြင်းမပြုရ။ ထို့ပြင် ယင်းကွန်ပျူတာပရိုဂရမ်၏ မိတ္တူကို ဆက်လက်၍ တရားဝင်လက်ဝယ်ထားပိုင်ခွင့်ရပ်စဲသည့်အခါ အဆိုပါမိတ္တူကိုဖြစ်စေ၊ မှီငြမ်းထားသည့်ကွန်ပျူတာပရိုဂရမ်ကိုဖြစ်စေ ဖျက်ဆီးရမည်။

၃၁။ လူပုဂ္ဂိုလ်တစ်ဦးဦးသည် စီးပွားရေးအကျိုးအမြတ်အတွက် မဖြစ်စေဘဲ အခွင့်အရေးရရှိသူ၏ ခွင့်ပြုချက်ရယူရန်မလိုဘဲ စာပေ သို့မဟုတ် အနုပညာလက်ရာ၏မိတ္တူကို ပြည်တွင်းသို့ တင်သွင်းခြင်းပြုနိုင်သည်။

၃၂။ (က) ပုဒ်မ၁၈၊ ပုဒ်မခွဲ (က) တွင် မည်သို့ပင် ပါရှိစေကာမူ ထုတ်လွှင့်သည့် အဖွဲ့အစည်းသည် ကိုယ်ပိုင်အထောက်အကူပစ္စည်းကိရိယာများဖြင့် ကိုယ်ပိုင်ထုတ်လွှင့်ခြင်းအတွက် ခွင့်ပြုထားသည့် စာပေ သို့မဟုတ် အနုပညာလက်ရာတစ်ခုခု၏ ယာယီမှတ်တမ်းတင်ခြင်းကို ပြုလုပ်နိုင်သည်။

(ခ) ထူးခြားသော လက္ခဏာရှိသည့် စာပေ သို့မဟုတ် အနုပညာလက်ရာဖြစ်ပါက အဆိုပါ ယာယီမှတ်တမ်းအား အစိုးရမော်ကွန်းတိုက်သို့ ထိန်းသိမ်းထားရန် ပေးပို့နိုင်သည်။

၃၃။ (က) ပုဒ်မ ၁၈၊ ပုဒ်မခွဲ (က)၊ (ဂ)၊ (င)၊ (ဆ) ပါ ပြဋ္ဌာန်းချက်များတွင် မည်သို့ပင်ပါရှိစေကာမူ အခွင့်အရေးရရှိသူ၏ ခွင့်ပြုချက်မရှိဘဲ စာပေ သို့မဟုတ် အနုပညာလက်ရာ၊ ဖျော်ဖြေတင်ဆက်မှု၊ ဖိုနိုဂရမ်နှင့်ထုတ်လွှင့်ချက်ကို အသုံးပြု၍ရသော ပုံစံမိတ္တူပြုလုပ်ရန်၊ အမြင်အာရုံချို့တဲ့မှုဆိုင်ရာ အကျိုးခံစားခွင့်ရှိသည့်ပုဂ္ဂိုလ်များအတွက် ဆောင်ရွက်ပေးသောတာဝန်ရှိ အဖွဲ့အစည်းတစ်ခုခုထံမှ ယင်းပုံစံမိတ္တူကိုရရှိရန်နှင့် စီးပွားရေးအလို့ငှာ မဟုတ်ဘဲ ငှားရမ်းခြင်း၊ ဝါယာကြိုးဖြင့် သို့မဟုတ် ဝါယာကြိုးမဲ့နည်းဖြင့်ဆက်သွယ်ခြင်းအပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို အမြင်အာရုံချို့တဲ့မှုဆိုင်ရာ အကျိုးခံစားခွင့်ရှိသည့် ပုဂ္ဂိုလ်များအား အဆိုပါ မိတ္တူများကို ထောက်ပံ့နိုင်ရေးအတွက် အောက်ဖော်ပြပါအချက်များနှင့်ကိုက်ညီပါက တာဝန်ရှိအဖွဲ့အစည်းအား ခွင့်ပြုရမည်-

(၁) ပုဒ်မခွဲ(က)ပါ လုပ်ငန်းများကို ဆောင်ရွက်ရန် ဆန္ဒရှိသော တာဝန်ရှိ အဖွဲ့အစည်းသည် ယင်းစာပေ သို့မဟုတ် အနုပညာလက်ရာ သို့မဟုတ် မိတ္တူကို တရားဝင်အသုံးပြုခွင့်ရှိခြင်း၊

(၂) စာပေ သို့မဟုတ် အနုပညာလက်ရာများကို အသုံးပြု၍ရသော ပုံစံမိတ္တူသို့ပြောင်းလဲရာတွင် အမြင်အာရုံချို့တဲ့မှုဆိုင်ရာ အကျိုးခံစားခွင့်ရှိသည့် ပုဂ္ဂိုလ်နားလည်စေရန် ဆောင်ရွက်ခြင်းမှတစ်ပါး အခြားပြောင်းလဲခြင်းများ မပါဝင်ဘဲ အသုံးပြု၍ရသောပုံစံတွင် ပါဝင်သည့် အချက်အလက်များကို လမ်းညွှန်ပေးခြင်း၊

(၃) ယင်းပုံစံမိတ္တူများကို အမြင်အာရုံချို့တဲ့မှုဆိုင်ရာ အကျိုးခံစားခွင့်ရှိသည့်ပုဂ္ဂိုလ်များ သီးသန့်အသုံးပြုနိုင်စေရန် ထောက်ပံ့ပေးခြင်း၊

(၄) အကျိုးအမြတ်မပါဘဲ လှူပ်ရှားဆောင်ရွက်ခြင်း။

(ခ) အမြင်အာရုံချို့တဲ့မှုဆိုင်ရာ အကျိုးခံစားခွင့်ရှိသည့် ပုဂ္ဂိုလ်ကိုယ်တိုင်ကဖြစ်စေ၊ အုပ်ထိန်းသူ သို့မဟုတ် ပြုစုစောင့်ရှောက်သူအပါအဝင် ကိုယ်စားဆောင်ရွက်ပေးနေသော ပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ ၎င်းပုဂ္ဂိုလ်များ ကိုယ်ပိုင်အသုံးပြုရေးအတွက် ပုံစံမိတ္တူကို ပြုလုပ်နိုင်သည့်အပြင် တရားဝင်အသုံးပြုခွင့်ရှိသည့် လက်ရာကိုလည်းကောင်း၊ လက်ရာ၏ မိတ္တူကိုလည်းကောင်း အသုံးပြု၍ရသော ပုံစံမိတ္တူပြုလုပ်ရန်နှင့် အသုံးပြုရန်တို့ကို ကူညီနိုင်သည်။

(ဂ) ထုတ်ဝေပြီးသည့် လက်ရာများကို အမြင်အာရုံချို့တဲ့မှုဆိုင်ရာ အကျိုးခံစားခွင့်ရှိသည့် ပုဂ္ဂိုလ်များ ရယူသုံးစွဲနိုင်စေရန် အခွင့်အရေးပေးသည့် မာရာကက်ရှ် သဘောတူစာချုပ် (Marrakesh Treaty) အဖွဲ့ဝင်ဖြစ်သော အခြားနိုင်ငံတစ်ခုရှိ တာဝန်ရှိအဖွဲ့အစည်းထံ ၎င်းပုဂ္ဂိုလ်များ အသုံးပြု၍ရသော ပုံစံမိတ္တူများကို ဖြန့်ချိရန် သို့မဟုတ် ၎င်းပုဂ္ဂိုလ်များ သီးသန့်အသုံးပြုခွင့်ရရန် အခွင့်အရေးရရှိသူ၏ ခွင့်ပြုချက်မပါဘဲ တာဝန်ရှိအဖွဲ့အစည်းအား ခွင့်ပြုရမည်။

(ဃ) ထုတ်ဝေပြီးသည့် လက်ရာများကို အမြင်အာရုံချို့တဲ့မှုဆိုင်ရာ အကျိုးခံစားခွင့်ရှိသည့်ပုဂ္ဂိုလ်များ ရယူသုံးစွဲနိုင်စေရန် အခွင့်အရေးပေးသည့် မာရာကက်ရှ်သဘောတူစာချုပ်၏ အဖွဲ့ဝင်ဖြစ်သော အခြားနိုင်ငံတစ်ခုရှိ အမြင်အာရုံချို့တဲ့မှုဆိုင်ရာ အကျိုးခံစားခွင့်ရှိသည့် ပုဂ္ဂိုလ်များထံ အသုံးပြု၍ရသော ပုံစံမိတ္တူများကို ဖြန့်ချိရန် သို့မဟုတ် အဆိုပါပုံစံမိတ္တူများကို သီးသန့်အသုံးပြုခွင့်ရရန် အခွင့်အရေးရရှိသူ၏ ခွင့်ပြုချက်မပါဘဲ တာဝန်ရှိအဖွဲ့အစည်းအား ခွင့်ပြုရမည်။

(င) အမြင်အာရုံချို့တဲ့မှုဆိုင်ရာ အကျိုးခံစားခွင့်ရှိသည့် ပုဂ္ဂိုလ်များ အသုံးပြု၍ရသောပုံစံမိတ္တူကို ဖြန့်ချိခြင်း သို့မဟုတ် အသုံးပြုနိုင်ရန် ပြုလုပ်ခြင်းများမပြုမီ ပုဒ်မခွဲ (ဂ) နှင့် (ဃ) တို့ပါ စတင်ဆောင်ရွက်သော တာဝန်ရှိအဖွဲ့အစည်းသည် ယင်းပုံစံမိတ္တူကို အခြားသူများပါ အသုံးပြုနိုင်ကြောင်း မသိ၍ဖြစ်စေ၊ သိရန်အကြောင်းတစ်စုံတစ်ရာမရှိ၍ဖြစ်စေ ဆောင်ရွက်ခြင်းအား ခွင့်ပြုနိုင်သည်။ ယင်းသို့ ဆောင်ရွက်ခြင်းသည် သီးသန့်ကိစ္စရပ်များအတွက် ဖြစ်ရမည်ဖြစ်ပြီး သာမန်အသုံးပြုမှုနှင့် မဆန့်ကျင်စေဘဲ အခွင့်အရေးရရှိသူတစ်ဦးဦး၏ တရားဝင်အကျိုးခံစားခွင့်ကို မလျော်ကန်သောနည်းဖြင့် ထိခိုက်ခြင်းမရှိသည့် ဆောင်ရွက်ချက်ဖြစ်ရမည်။

## အခန်း(၁၃)
## စီးပွားရေးဆိုင်ရာ အခွင့်အရေးများကိုလွှဲပြောင်းခြင်း

၃၄။ (က) စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင်သည် စီးပွားရေးဆိုင်ရာ အခွင့်အရေးတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ အခြားပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် တရားဝင်တည်ထောင်ထားသောအဖွဲ့အစည်းအား လွှဲပြောင်းခြင်းပြုနိုင်သည်။

(ခ) စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင်သည် စီးပွားရေးဆိုင်ရာ အခွင့်အရေးကို အခြားပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် တရားဝင်တည်ထောင်ထားသော အဖွဲ့အစည်းအား အောက်ပါနည်းလမ်းတစ်ရပ်ရပ်ဖြင့် လွှဲပြောင်းခြင်းပြုနိုင်သည် -

(၁) တည်ဆဲဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ အမွေဆက်ခံခြင်း၊

(၂) သေတမ်းစာရေးခွင့်ရှိသူက သေတမ်းစာဖြင့်ပေးခြင်း၊

(၃) ပေးကမ်းခြင်း သို့မဟုတ် လှူဒါန်းခြင်း၊

(၄) ပိုင်ဆိုင်ခွင့်ကို တည်ဆဲဥပဒေတစ်ရပ်ရပ်အရ လွှဲပြောင်းခြင်း၊

(၅) ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်း။

(ဂ) ဆက်နွှယ်သည့်အခွင့်အရေးပိုင်ရှင်သည် ယင်းနှင့်သက်ဆိုင်သည့် စီးပွားရေးဆိုင်ရာ အခွင့်အရေးအား အခြားပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် တရားဝင်တည်ထောင်ထားသော အဖွဲ့အစည်းကို ဆက်နွှယ်သည့်အခွင့်အရေးတွင် ပါဝင်သူအားလုံး၏ သဘောတူညီချက်ဖြင့် ပုဒ်မခွဲ (ခ)ပါ နည်းလမ်းတစ်ရပ်ရပ်အရ လွှဲပြောင်းခြင်းပြုနိုင်သည်။

(ဃ) စီးပွားရေးဆိုင်ရာအခွင့်အရေးကို စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးပိုင်ရှင်က လွှဲပြောင်းခြင်းကို စာဖြင့် ရေးသားလက်မှတ်ရေးထိုး၍ ပြုလုပ်ရမည်။

၃၅။ မှတ်ပုံတင်ထားသော စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးများကို လွှဲပြောင်းခြင်း ပြုလုပ်သည့်အခါ -

(က) လွှဲပြောင်းပေးခြင်းခံရသူသည် ထိုသို့ လွှဲပြောင်းခြင်းကို မှတ်တမ်းတင်ပေးရန် သတ်မှတ်ထားသော အခကြေးငွေ ပေးသွင်းပြီး မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

(ခ) လွှဲပြောင်းခြင်းပြုသည့် မှတ်တမ်းများအား ပြင်ဆင်ရန် သို့မဟုတ် ပယ်ဖျက်ရန်ရှိသည့်အခါ နှစ်ဦးနှစ်ဖက်က အထောက်အထား စာရွက်စာတမ်းများနှင့်အတူ သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၃၆။ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၃၅အရ မှတ်တမ်းတင်ပေးရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ အဆိုပါ လွှဲပြောင်းခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းကို မှတ်တမ်းတင်ပြီး သတ်မှတ်ထားသော နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

## အခန်း(၁၄)
## ဖျော်ဖြေသူ၊ ဖိုနိုဂရမ် ထုတ်လုပ်သူနှင့် ထုတ်လွှင့်သည့် အဖွဲ့အစည်းများ၏ ဆက်နွှယ်သည့် အခွင့်အရေးများနှင့် အကာအကွယ်ပေးသည့် သက်တမ်းများ

၃၇။ ဖျော်ဖြေသူသည် အောက်ပါပြုလုပ်မှုတစ်ခုခုကို ကိုယ်တိုင်ဆောင်ရွက်ရန် သို့မဟုတ် အခြားပုဂ္ဂိုလ်တစ်ဦးဦးအား ဆောင်ရွက်ခွင့်ပြုရန် စီးပွားရေးဆိုင်ရာ သီးသန့်အခွင့်အရေးကို ရရှိစေရမည် -

(က) အောက်ပါအချက်တစ်ရပ်ရပ်ကိုပြုလုပ်၍ ထုတ်လွှင့်ခြင်း သို့မဟုတ် အများပြည်သူသို့ဆက်သွယ်ပို့လွှင့်ခြင်းမှတစ်ပါး အရုပ်အသံပေါင်းစပ်ထည့်သွင်းခြင်းမပြုရသေးသည့် မိမိ၏ဖျော်ဖြေတင်ဆက်မှုကို ထုတ်လွှင့်ခြင်း သို့မဟုတ် အများပြည်သူသို့ ဆက်သွယ်ပို့လွှင့်ခြင်း-

(၁) ဖျော်ဖြေသူ၏ ခွင့်ပြုချက်ဖြင့် ဖျော်ဖြေတင်ဆက်မှုကို အရုပ်အသံပေါင်းစပ်ထည့်သွင်းခြင်း သို့မဟုတ် သက်ဆိုင်ရာ ဖျော်ဖြေသူ၏ ခွင့်ပြုချက်မပါဘဲ ပုဒ်မ၄၁ပါ ကိစ္စရပ်များကို ပြုလုပ်ခြင်း၊

(၂) ဖျော်ဖြေတင်ဆက်မှုကို စတင်ထုတ်လွှင့်သည့် အဖွဲ့အစည်းက ကိုယ်တိုင်ဖြစ်စေ၊ ယင်း၏ ခွင့်ပြုချက်ဖြင့်ဖြစ်စေ ထုတ်လွှင့်ခြင်း၊

(ခ) အရုပ်အသံ ပေါင်းစပ်ထည့်သွင်းခြင်းမပြုရသေးသည့် မိမိ၏ ဖျော်ဖြေတင်ဆက်မှုကို အရုပ်အသံပေါင်းစပ်ထည့်သွင်းခြင်း၊

(ဂ) မိမိ၏ဖျော်ဖြေတင်ဆက်မှုအား အရုပ်အသံပေါင်းစပ်ထည့်သွင်းခြင်းကို နည်းလမ်း သို့မဟုတ် ပုံစံတစ်မျိုးမျိုးဖြင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မူပွားခြင်း၊

(ဃ) ဖျော်ဖြေသူက မိမိ၏ ဖျော်ဖြေတင်ဆက်မှုအား အရုပ်အသံပေါင်းစပ်ထည့်သွင်းထားသည့် မိတ္တူကို ယင်း၏ ခွင့်ပြုချက်ဖြင့် မည်သည့်နိုင်ငံတွင်မဆို ရောင်းချခြင်း သို့မဟုတ် ပိုင်ဆိုင်ခွင့်ကိုလွှဲပြောင်းခြင်းပြုလုပ်ထားသည်မှတစ်ပါး မိမိ၏ဖျော်ဖြေတင်ဆက်မှုအား အရုပ်အသံပေါင်းစပ်ထည့်သွင်းခြင်းကိုဖြစ်စေ၊ ယင်း၏ မိတ္တူများကိုဖြစ်စေ အများပြည်သူသို့ ဖြန့်ချိခြင်း၊

(ဆက်လက်ဖော်ပြပါမည်)



## အသေးစားစက်မှုလက်မှုထုတ်ကုန်နှင့် လက်မှုအနုထည်ပြပွဲကျင်းပ

**မုံရွာ မေ ၂၉**
မုံရွာမြို့တွင် ပထမအကြိမ် အသေးစား စက်မှုလက်မှုထုတ်ကုန်နှင့် လက်မှုအနုထည်ပြပွဲကို မေ ၂၉ ရက်မှ ၃၁ ရက်အထိ မုံရွာမြို့ မြို့တော်ခန်းမ၌ လုပ်ငန်းရှင် ၇၈ ဦး၏ ပြခန်းပေါင်း ၇၈ ခန်းကို မေ ၂၉ ရက် နံနက် ၉ နာရီက ဖွင့်ပွဲကျင်းပကာ ခင်းကျင်းပြသလျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ လုပ်ငန်းများအပြင် မန္တလေး၊ မကွေး၊ ရှမ်းပြည်နယ်၊ ဧရာဝတီ၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်စသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လုပ်ငန်းရှင်ကြီးများ လာရောက်ပူးပေါင်းရောင်းချကြကြောင်း တွေ့ရသည်။

"အသေးစားစက်မှုလက်မှုလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့ နည်းပညာငွေကြေးအရင်းအနှီးဈေးကွက်များ ရအောင် လုပ်ဆောင်ပေးနေသလို လုပ်ငန်းရှင်များဘက်ကလည်း မိမိတို့ထုတ်လုပ်တဲ့ပစ္စည်းများ ဘေးထွက်ဆိုးကျိုးများမရှိစေရေး၊ ဘေးအန္တရာယ်ကင်းရှင်းစေရေး အဆင့်အတန်းမြင့် ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ဖို့ ကြိုးစားဆောင်ရွက်သွားကြမှာဖြစ်ပါတယ်။ အသေးစားအလတ်စားစက်မှုလက်မှုလုပ်ငန်း ၁၃ ခုမှာ မှတ်ပုံတင်ထားတဲ့လုပ်ငန်းက ၁၈၆၇၇ ခုရှိပြီး လုပ်ငန်းတွေကို လေ့လာကြည့်ရင် စစ်ကိုင်းတိုင်းဒေသကြီးဟာ စက်မှုလက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်နေတဲ့ တိုင်းဒေသကြီးဖြစ်ပါတယ်" ဟု တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အသေးစား စက်မှုလက်မှုလုပ်ငန်းများမှ ထုတ်ကုန်များဖြစ်သည့် ဂစ်တာ၊ ကျောက်စိမ်း၊ ရက်ကန်းအထည်၊ ခေါင်းလျှော်ရည်၊ သနပ်ခါး၊ အလှကုန်ပစ္စည်းများ၊ အဝတ်အထည်များ၊ လူသုံးကုန် ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းပြခန်းပေါင်း ၇၈ ခန်း ပြသရောင်းချလျက်ရှိသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

## ရေရှားပါးသည့် ညောင်လယ်ရွာသို့ သောက်သုံးရေလှူဒါန်း

**ဂန့်ဂေါ မေ ၂၉**
ဂန့်ဂေါမြို့နယ် ရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြစ်သာရေလှောင်တမံ ဘက်စုံစီမံကိန်းတို့ ပူးပေါင်း၍ ယမန်နေ့က ရေရှားပါးသည့် ဂန့်ဂေါမြို့နယ် ညောင်လယ်ရွာ၌ သောက်သုံးရေများ လှူဒါန်းခဲ့ကြသည်။

ထိုသို့ ထောက်ပံ့လှူဒါန်းရာတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးမိုးကျော်၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးရဲရင့်ကျော်တို့က ဦးဆောင်၍ ကျေးရွာနေ အိမ်ထောင်စု ၂၃၀ ရှိ လူဦးရေ ၁၃၀၂ ဦးအတွက် ငါးဂါလန်ဆံ့ ရေသန့်ဘူး ၁၅၀၊ မီးသတ်ရေသယ်ယာဉ်ဖြင့် မြစ်သာမြစ်ရေ ဂါလန် ၁၆၀၀ တို့ကို ထောက်ပံ့လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**၄၆၅**

## တရုတ်နိုင်ငံသို့ ဆန်တန်ချိန်တစ်သိန်း တင်ပို့ရောင်းချမည်

**ရန်ကုန် မေ ၂၉**
မြန်မာနိုင်ငံ၏ အဓိက ကုန်သွယ်ဖက်နိုင်ငံဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တရားဝင်ဆန်တင်ပို့ရောင်းချရေးအတွက် မြန်မာ့ဆန် တင်ပို့နိုင်ရေး လုပ်ငန်းကြီးကြပ်ရေးလုပ်ငန်းအဖွဲ့က ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး ၂၀၁၉ ခုနှစ်တွင် ဆန်တန်ချိန်တစ်သိန်းကို တရားဝင်တင်ပို့ ရောင်းချသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါး အသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဦးက ပြောကြားသည်။

**ဆွေးနွေးဆောင်ရွက်**

၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ နယ်စပ်မှတစ်ဆင့် ဆန်တင်ပို့မှုပမာဏမှာ ဆန်တန်ချိန် ၁ ဒသမ ၈ သန်းရှိခဲ့ကာ ယခုနှစ်လက်ရှိ ဆန်စပါးဈေးနှုန်းကျဆင်းသွားမှုကြောင့် ဈေးကွက်ပြန်လည်ရရှိရန်နှင့် တရားဝင်တင်ပို့နိုင်ရန်အတွက် ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

ဝန်ကြီးဌာနအသီးသီးရှိသက်ဆိုင်ရာ စစ်ဆေးရေးအဖွဲ့များမှ ဆန်စက်များရှိ ပိုးမွှားသန့်စင်ကင်းရှင်းမှုများ၊ လုပ်သားသန့်ရှင်းမှုများ၊ ဆန်အရည်အသွေးနှင့်ပတ်သက်သည့် စစ်ဆေးမှုများကို ဆောင်ရွက်လျက်ရှိရာ ယခုအခါစစ်ဆေးဆောင်ရွက်မှုမှာ ၇၀ ရာခိုင်နှုန်းစစ်ဆေးဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်သွင်းနိုင်မည့် ဆန်စက်များအနေဖြင့် ပိုးမွှားကာကွယ်ရေးဌာန၏ အသိအမှတ်ပြုမှုကို ရရှိမှသာ တင်ပို့နိုင်ကြမည်ဖြစ်ကြောင်းသိရသည်။

**တောင်သူအခက်အခဲ**

၂၀၁၉ ခုနှစ် နွေစပါးပေါ်ချိန်တွင် စပါးဈေးကျဆင်းနေခြင်းနှင့် တောင်သူများ အခက်အခဲဖြစ်နေခြင်း ကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် လုပ်သင့်သော၊ စီစဉ်သင့်သော ကိစ္စများကို လုပ်ဆောင်လျက်ရှိကြောင်း၊ ကွင်းဆင်းဝယ်ယူခြင်းများ ဆောင်ရွက်လျက်ရှိပြီး ယင်းသို့ ဆောင်ရွက်ရာတွင် သိုလှောင်ရုံ အခက်အခဲ၊ အစိုဓာတ်ရှိသည့် စပါးများအား အခြောက်ခံရန် အခက်အခဲ၊ သယ်ပို့ယာဉ် အခက်အခဲများရှိ၍ လုပ်ငန်းတွင်ကျယ်မှု အားနည်းရခြင်းဖြစ်ကြောင်း၊ ဝယ်ယူသည့်စပါးများမှာလည်း အရည်အသွေးမျိုးစုံ၊ အခြေအနေမျိုးစုံ၊ အမျိုးအစားမျိုးစုံဖြစ်၍ ဝယ်ယူသည့်စပါးများ လေလွင့်ပျက်စီးဆုံးရှုံးမှု မဖြစ်စေရေးအတွက် လုပ်ဆောင်ရာတွင် အခက်အခဲများစွာနှင့် ကြုံတွေ့ရသော်လည်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် အစွမ်းကုန် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပွင့်သစ္စာ**

ရှမ်းပြည်နယ်(အရှေ့) အမှတ် (၁၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့စုမှူး ဒုရဲမှူး ကျော်ဇောအောင်သည် မေ ၂၇ ရက် နံနက်ပိုင်းက ကျိုင်းတုံမြို့ အဝေးပြေးယာဉ်ရပ်နားစခန်းတွင် ခရီးသည်ယာဉ်များ အရေးပေါ် ထွက်ပေါက်အတွက် မှန်ခွဲကိရိယာများဖြစ်သည့် တူ၊ ပုဆိန်များ အသုံးပြုရေး၊ မီးသတ်ဆေးဘူးထားရှိစေရေး၊ သတ်မှတ်လမ်းညွှန်အမှတ်သားများနှင့် အချက်ပြများ သိရှိလိုက်နာရေးတို့အတွက် အသိပညာပေးဟောပြောပြီး လက်ကမ်းစာစောင်များ ဝေငှခဲ့ကြောင်း သိရသည်။



မင်းမင်းလတ်(ရှုပဗေဒ)

## လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဥပဒေရှင်းလင်းပွဲပြုလုပ်

**ရန်ကုန် မေ ၂၉**
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနနှင့် ပြင်ပအဖွဲ့အစည်းများပူးပေါင်း၍ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဥပဒေ ရှင်းလင်းဆွေးနွေးပွဲကို မေ ၂၆ ရက် နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဆွေးနွေးပွဲကို လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဥပဒေအား စတင်အာဏာတည်ပြီး အကောင်အထည်ဖော်ရာတွင် ဥပဒေနှင့် အကျုံးဝင် သက်ဆိုင်သူများအနေဖြင့် နားလည်သဘောပေါက်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လာစေရေး၊ လုပ်ငန်းအဆင့်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်မည့်သူများအဖြစ် လုပ်ဆောင်ပေးလာစေရေးနှင့် အများပြည်သူများ ရှင်းရှင်းလင်းလင်း နားလည်သိမြင်လာစေရေး စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။


"အလုပ်ရုံနှင့်အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနကနေပြီးတော့ ပြဋ္ဌာန်းရေးဆွဲပြီးတော့မှ မတ် ၁၅ ရက်က ပြည်ထောင်စုလွှတ်တော်ကနေပြီးတော့ ထုတ်ပြန်ကြေညာခဲ့တဲ့ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေးဆိုင်ရာ ဥပဒေတွေနဲ့ပတ်သက်ပြီးတော့ သိသင့်တာတွေ ဆွေးနွေးတာပါ" ဟု အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဝင်းက ပြောသည်။

မြန်မာနိုင်ငံတွင် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကို ၁၉၅၁ ခုနှစ် အလုပ်ရုံများ အက်ဥပဒေနှင့် အကျုံးဝင်သည့် စက်မှုကုန်ထုတ်ကဏ္ဍတစ်ခုတည်းကိုသာ ကျင့်သုံး ဆောင်ရွက်ခဲ့ကြောင်း၊ ယင်းနေ့ ဆွေးနွေးသည့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဥပဒေသည် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနက ခေတ်ကာလနှင့် လျော်ညီစွာ အသစ်ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းထားသည့် ဥပဒေဖြစ်ကြောင်း ယင်းနေ့အခမ်းအနားမှ သိရသည်။

"ဒီဥပဒေက အသစ်ပြဋ္ဌာန်းရေးဆွဲထားတာဖြစ်တဲ့အတွက် လိုအပ်ချက်တွေလည်းရှိမှာပါ။ စတင်ကျင့်သုံးဖို့ အာဏာတည်ဖို့ အမြန်ဆုံးဆောင်ရွက်နိုင်အောင် ကြိုးပမ်းဆောင်ရွက်မှာပါ။ ဒါပေမယ့် ဦးစီးဌာနတစ်ခုတည်းလုပ်လို့ မရပါဘူး၊ အားလုံးရဲ့အားတွေလိုအပ်ပါတယ်၊ အထူးသဖြင့် အလုပ်ရှင်၊ အလုပ်သမားနဲ့ ပညာရပ်ကျွမ်းကျင်သူတွေ အားလုံး ပူးပေါင်းပါဝင်ပေးကြပါ။ ဒါမှ ပြီးပြည့်စုံတဲ့ နည်းဥပဒေတွေ၊ လုပ်ထုံးလုပ်နည်းတွေ ရေးဆွဲဖို့ ပိုမိုပြည့်စုံသွားမှာဖြစ်ပါတယ်" ဟု အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဝင်းက ပြောသည်။

ယင်းနေ့ပြုလုပ်သည့် ဆွေးနွေးပွဲတွင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဌာန၊ တာဝန်ရှိသူများက ဥပဒေအကောင်အထည်ဖော် ကျင့်သုံးမည့် အဆင့်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်း ရှင်းရေးနှင့် ကျန်းမာရေးသင်တန်းကျောင်း တာဝန်ခံများက လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဥပဒေ အပေါ်သဘောထားအမြင်များကိုလည်းကောင်း လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ပြင်ပကျွမ်းကျင်သူများက ၎င်းတို့ ပါဝင်ရမည့် အခန်းကဏ္ဍများအပေါ် အသီးသီး ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သီသီမင်း**




## တာလေဒေသ ဖွံ့ဖြိုးတိုးတက်ရေး ပြည်သူများနှင့်တွေ့ဆုံ

**တာလေ မေ ၂၉**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာလေမြို့နားယောင်းအုပ်စု ရန်ကင်း(၁)ကျေးရွာ ခန်းမဆောင်၌ ရှမ်းပြည်နယ် အာခါတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးအာဗေလှနှင့် လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဂူဆာတို့သည် မေ ၂၈ ရက် နံနက် ၁၀ နာရီက တာလေဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူများနှင့် တွေ့ဆုံခဲ့သည်။

အာခါတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက အမှာစကားပြောကြားပြီး ဒေသခံ တိုင်းရင်းသားများနှင့် ရပ်မိရပ်ဖများက မိမိကျေးရွာအလိုက် လိုအပ်ချက်များကို တင်ပြခဲ့ရာ အာခါတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့် လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးတို့က သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တာလေ(ပြန်/ဆက်)**

# မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် အိမ်ခြံမြေဆုပေးပွဲ ကျင်းပမည်

**ရန်ကုန် မေ ၂၉**

မြန်မာနိုင်ငံ၏ အိမ်ခြံမြေကဏ္ဍများဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ပြုလုပ်သော အိမ်ခြံမြေဆုပေးပွဲ (Myanmar National Real Estate Awards 2019) ကို မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် ကျင်းပသွားမည်ဖြစ်ကြောင်း မေ ၂၈ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့နိုဗိုတယ်ဟိုတယ်၌ပြုလုပ်သည့် အဆိုပါပွဲမိတ်ဆက်အခမ်းအနားမှ သိရသည်။

အဆိုပါပွဲသည်မြန်မာနိုင်ငံ၏ အိမ်ခြံမြေကဏ္ဍ တိုးတက်မှုနယ်ပယ်တွင် အကျိုးပြု ကူညီဆောင်ရွက်ပေးနေသည့် ပြည်တွင်းပြည်ပမှ ထိပ်တန်း အိမ်ခြံမြေလုပ်ငန်းရှင်များနှင့် ဆောက်လုပ်ရေးကုမ္ပဏီများအားလုံး ပါဝင်ယှဉ်ပြိုင်ရေးအစီအစဉ်တစ်ခုဖြစ်ရာ ၎င်းတို့၏ အောင်မြင်မှု၊ ကြိုးပမ်းအားထုတ်မှုနှင့် တီထွင်ဖန်တီးမှုများကို အသိအမှတ်ပြုပေးအပ်မည့် ဆုပေးပွဲဖြစ်ပြီး အကဲဖြတ်ဒိုင်များအဖြစ် ပြည်တွင်းပြည်ပမှ အိမ်ခြံမြေကျွမ်းကျင်ပညာရှင်ကြီးများက အကဲဖြတ်ကာ ဆုများချီးမြှင့်သွားမည်ဖြစ်သည်။

ယင်းပွဲအတွက် ယှဉ်ပြိုင်ခွင့်လျှောက်ထားမှုကို မေ ၂၉ ရက်မှ ဇူလိုင် ၃၁ ရက်အထိ လျှောက်ထားနိုင်မည်ဖြစ်ပြီး လျှောက်ထားရာတွင် ကဏ္ဍ ၂၃ ခုခွဲခြားထားရာ ယှဉ်ပြိုင်မည့်ကဏ္ဍတစ်ခုအတွက် အမေရိကန်ဒေါ်လာ ၇၀ ပေးသွင်းရမည်ဖြစ်သည်။ ပြိုင်ပွဲတွင် ကဏ္ဍပေါင်း ၂၃ ခုမှ ဆုအမျိုးအစား ၅၃ မျိုး ချီးမြှင့်သွားမည်ဖြစ်ပြီး နောက်ဆုံးဆုပေးပွဲကြီးကို အောက်တိုဘာ ၄ ရက်တွင် ကျင်းပသွားမည်ဖြစ်ရာ ဆုရရှိသူများအား ယင်းနေ့တွင် ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

"အဓိကလုပ်တဲ့ရည်ရွယ်ချက်ကတော့ စီမံကိန်းတွေတည်ဆောက်တဲ့နေရာမှာ ကောင်းမွန်တဲ့ပြိုင်ဆိုင်မှုတွေ ဖြစ်လာစေဖို့ပါ။ ဆုရသွားတဲ့အခါ ဒီဆုကိုရထားတဲ့ ကုမ္ပဏီပါ၊ စီမံကိန်းပါဆိုပြီးတော့ ဈေးကွက်ချဲ့ထွင်တဲ့နေရာမှာလည်း အသုံးပြုလို့ရမယ်။ အာဆီယံနိုင်ငံတွေကိုသွားတဲ့အခါမှာလည်း ဈေးကွက်ဖော်ဆောင်တဲ့နေရာမှာ အသုံးပြုလို့ရမယ်။ နောက်တစ်ခုက အိမ်ရာဝယ်ယူသူတွေအနေနဲ့လည်း ဒီဆုရထားတဲ့ စီမံကိန်းတွေကို ဝယ်ယူတဲ့နေရာမှာ ယုံကြည်မှုပိုမိုရရှိစေမှာဖြစ်ပါတယ်" ဟု Shwe Property ၏ ဒါရိုက်တာ ဦးကောင်းသူဝင်းက ပြောသည်။

**အေးမင်းသူ**

# မြန်မာဘောလုံးအကယ်ဒမီ (မန္တလေး)မှ သင်တန်းသားသစ်ကျောင်းသားများနှင့် မိဘများ တွေ့ဆုံ

**မန္တလေး မေ ၂၉**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများသည် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် မန္တလေး-မြန်မာဘောလုံးအကယ်ဒမီကျောင်း၌ တက်ရောက်သင်ယူကြမည့် ဘောလုံးကျောင်းသားသစ်များ ၎င်းတို့၏မိဘအုပ်ထိန်းသူများနှင့်တွေ့ဆုံသည့်အခမ်းအနားကို မေ ၂၇ ရက် နံနက်ပိုင်းက အဆိုပါ ဘောလုံးအကယ်ဒမီကျောင်းတွင် ကျင်းပခဲ့သည်။



မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်ဒါရိုက်တာ မစ္စတာအဲရစ်၊ လူငယ်ဖွံ့ဖြိုးရေးဒါရိုက်တာ ဦးညီညီလတ်၊ ဘောလုံးအကယ်ဒမီကျောင်းအုပ်ကြီး ဦးစိုးညွန့်၊ ဘောလုံးနည်းပြဆရာများ၊ တာဝန်ရှိသူများတက်ရောက်ကြပြီး ကျောင်းသားသစ်များ၊ မိဘများနှင့် တွေ့ဆုံ၍ မန္တလေးဘောလုံးအကယ်ဒမီတွင် သင်ကြားပို့ချမည့်အစီအစဉ်များ၊ ဘောလုံးသင်တန်းသားများလိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ ကျောင်းသားများအတွက် ဘောလုံးအားကစားဆိုင်ရာ ဖွံ့ဖြိုးတိုးတက်နိုင်မည့် ကဏ္ဍစုံတို့နှင့် ဘောလုံးအားကစားတွင်သာမက ပညာရေး၊ ကျန်းမာရေး ကောင်းမွန်သောစာရိတ္တတို့ဖြင့် ဘက်စုံထူးချွန်သော နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် အားကစားသမားကောင်းများဖြစ်လာစေရန် လုပ်ကိုင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ကျောင်းသားများကလည်း စည်းကမ်းတကျ ကြိုးစားလေ့ကျင့်သင်ယူသွားကြရန် ရှင်းလင်းပြောကြားသည်။

အဆိုပါကဲ့သို့ ကျောင်းသားသစ်များ ၎င်းတို့၏ မိဘအုပ်ထိန်းသူများတွေ့ဆုံဆွေးနွေးပွဲများကို အမျိုးသားအကယ်ဒမီ(ရန်ကုန်)နှင့် ပုသိမ်ဘောလုံးအကယ်ဒမီကျောင်းတို့တွင်လည်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ပြုလုပ်သွားမည်ဖြစ်ကြောင်း ကျောင်းအုပ်ကြီးဦးစိုးညွန့်ထံမှ သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**

# မိုးသက်လေပြင်းတိုက်ခတ်၍ပျက်စီးခဲ့သည့်အိမ်ထောင်စုများသို့ ထောက်ပံ့ငွေပေးအပ်



**နေပြည်တော် မေ ၂၉**

ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ နေပြည်တော် ဇေယျာသီရိမြို့နယ်အတွင်း မေ ၂၄ ရက်တွင် မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့်လူနေအိမ်များပျက်စီးခဲ့သည့်အိမ်ထောင်စုများထံသို့ မေ ၂၇ ရက် မွန်းလွဲ ၃ နာရီက သွားရောက်၍ ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ဇေယျာသီရိမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဆွေ၊ နေပြည်တော် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးကျော်ကျော်ထွန်း၊ ဇေယျာသီရိမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်၊ ဌာနဆိုင်ရာများနှင့် မြို့နယ်အဆင့် ပါတီဥက္ကဋ္ဌများက သွားရောက်ကာ မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားခဲ့သည့် ခေတ်အေးကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာခုနစ်ရွာမှ အိမ်ထောင်စု ၉၉ စုအတွက် အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေကျပ် ၃၅၇၆၀၀၀၊ လူဦးရေ ၃၉၈ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၈၃၅၈၀၀ နှင့် တဲကုန်းဘုန်းတော်ကြီးကျောင်းအတွက်ငွေကျပ်၅၀၀၀၀ စုစုပေါင်းကျပ်၄၄၆၁၈၀၀ ကိုလည်းကောင်း၊ နန်းဩကျေးရွာအုပ်စု နန်းဩကျေးရွာရှိ လေဘေးသင့်အိမ်ထောင်စု ၂၀ အတွက် အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေကျပ် ၈၀၂၀၀၀၊ လူဦးရေ ၇၀ အတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၁၄၇၀၀၀ နှင့် နန်းဩကျေးရွာဘုန်းတော်ကြီးကျောင်းအတွက်ငွေကျပ် ၉၀၀၀၀ စုစုပေါင်းငွေကျပ် ၁၀၃၉၀၀၀ ကိုလည်းကောင်း သွားရောက်ထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့ ကျင်းပ

**ပေါင်**

မွန်ပြည်နယ် ပေါင်မြို့နယ်တွင် ၂၀၁၉-၂၀၂၀ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၈ ရက် နံနက် ၉ နာရီက အထက (ပေါင်) ရွှေရတုခန်းမ၌ ကျင်းပသည်။

မြို့နယ်ပညာရေးမှူး ဒေါ်စန်းစန်းအေးက "ကျောင်းအပ်ရက်ကုန်ဆုံးသွားတဲ့နေ့မှ ကျောင်းလာမအပ်တဲ့ကလေးတွေကို ဆရာ ဆရာမတွေ၊ ကျေးရွာအုပ်ချုပ်ရေးမှူးတွေ၊ ကျောင်းအကျိုးဆောင်အဖွဲ့တွေနဲ့ ပူးပေါင်းပြီး ဘာအခက်အခဲရှိလဲ သွားမေးမယ်၊ ကလေးတွေ ကျောင်းနေနိုင်ဖို့အတွက် ထောက်ပံ့ပေးမယ်၊ သူတို့မိဘတွေက တကယ်အခက်အခဲရှိတယ်ဆိုရင်၊ နေ့ကျောင်းကိုမတက်နိုင်ဘူးဆိုရင် ကလေးတွေကို ကျောင်းပြင်ပ ပညာရေးနဲ့ ချိတ်ဆက်ပြီးတော့ ပညာသင်သွားပေးဖို့ရှိပါတယ်" ဟု ပြောသည်။

ယင်းနောက် နိုင်ငံတော်အစိုးရက ထောက်ပံ့ပေးသော ပုံနှိပ်စာအုပ်များကို တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများထံ ပေးအပ်ခဲ့သည်။ **ကိုဟိန်း(ပေါင်)**

**ဘူးသီးတောင်**

ရခိုင်ပြည်နယ် မောင်တောခရိုင် ဘူးသီးတောင်မြို့ အထက(၁) မေယုရတနာဆောင်ခန်းမ၌ မေ ၂၇ ရက် ညနေပိုင်းက မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းထွန်းက ကလေးသူငယ်များအား ငယ်ရွယ်စဉ်ကပင် ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးအောင် လေ့ကျင့်ပေးရမှာဖြစ်ပါကြောင်း၊ အတွေးအခေါ်ကောင်းသော၊ စာရိတ္တမြင့်မားသော၊ ကျန်းမာကြံ့ခိုင်သော နိုင်ငံ့သားကောင်းများဖြစ်အောင် ပညာရေးဝန်ကြီးဌာနအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ချို့တဲ့ကလေးများအား တာဝန်ရှိသူများက စာရေးကိရိယာ၊ ဗလာစာအုပ်နှင့် ကျောင်းဝတ်စုံများ ထောက်ပံ့ပေးခဲ့ကြသည်။ **မြို့နယ် (ပြန်/ဆက်)**

## တိုတိုထွာထွာဖတ်စရာ

### မှုခင်းကျဆင်းရေး CCTV ၈၄ လုံး တပ်ဆင်

**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီးအတွင်း မှုခင်းဖြစ်ပွားမှု အများဆုံးမြို့နယ်တစ်ခုဖြစ်သည့် လှိုင်သာယာမြို့နယ်တွင် မှုခင်းကျဆင်းရေးကို အထောက်အကူဖြစ်စေမည့် CCTV များကို မြို့နယ်အတွင်းရှိ အဓိကနေရာတို့တွင် တပ်ဆင်သွားမည်ဖြစ်ရာ ကနဦးတပ်ဆင်မှုအဖြစ် CCTV ၈၄ လုံးကို စတင်တပ်ဆင်လျက်ရှိသည်။

"လမ်းစုံတွေ၊ အများပြည်သူသွားလာမှုများတဲ့ နေရာတွေနဲ့ မှုခင်းဖြစ်နိုင်တဲ့နေရာတွေမှာ CCTV တပ်ဆင်တာပါ။ ယခု ၈၄ ခု တပ်ဆင်ပြီးရင် မြို့မရဲစခန်းမှာ အထိုင်မော်နီတာထားပြီး စောင့်ကြပ်ကြည့်ရှုမှာပါ" ဟု လှိုင်သာယာမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးမြတ်ခိုင်ကိုက ပြောသည်။

လှိုင်သာယာမြို့နယ်တွင် မှုခင်းဖြစ်ပွားမှုကျဆင်းရန်၊ နယ်မြေရဲစခန်းတိုးချဲ့ဖွင့်လှစ်ရန် ပြင်ဆင်လျက်ရှိပြီး မြို့မရဲစခန်း၊ သောင်ကြီးရဲစခန်းနှစ်ခုအပြင် ရွှေလင်ဗန်းရဲစခန်း၊ ရှမ်းကျောင်းရဲစခန်းတို့ကို တိုးချဲ့တည်ဆောက်ရန်ရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံးမှ သိရသည်။ **သစ္စာ**

### ရမည်းသင်းမြို့နယ်တွင် မိုးဦးသီးနှံစိုက်ပျိုးကြ

**ရမည်းသင်း**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် မိုးရေဖြင့် စိုက်ပျိုးရေရရှိကာ ဒေသခံတောင်သူများ မိုးဦးသီးနှံစိုက်ပျိုးကြပြီဖြစ်ကြောင်း သိရသည်။ အများအားဖြင့် ပဲတီစိမ်းနှင့် မြေပဲကို အဓိကထားစိုက်ပျိုးကြပြီး ကန်စွန်း၊ နေကြာနှင့် နှမ်း၊ ငရုတ်တို့ကိုလည်း စိုက်ပျိုးကြကြောင်း သိရသည်။

"ထယ်ရေးကကြိုလုပ်ထားကြတယ်။ လယ်ယာလုပ်သားရှားတော့ ထွန်စက်နဲ့ထွန်ပြီး ထယ်ရေးပြင်ထားကြတယ်။ မိုးရွာတာနဲ့ စမ်းဆွဲပြီး စိုက်ကြတယ်၊ ပဲတီစိမ်း၊ မြေပဲအများဆုံး စိုက်ကြတယ်။ ယခုနှစ် ကျွန်တော်တို့ဘက်မှာ ကန်စွန်းလည်း တိုးချဲ့စိုက်ကြတယ်" ဟု စိုက်ပျိုးတောင်သူတစ်ဦးကပြောသည်။ **လှိုင်သန်းတင့်(ရမည်းသင်း)**

### ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်ချိန်တွင် ငါးမဖမ်းဆီးရေးနှိုးဆော်

**ဓနုဖြူ**

ဓနုဖြူမြို့နယ် ဧရာဝတီမြစ်ကမ်းတစ်လျှောက်တွင် မေ ၂၈ ရက် နံနက်ပိုင်းက ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်ချိန် ငါးများမဖမ်းဆီးရေး မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ လိုက်လံနှိုးဆော်ခဲ့သည်။

ငါးရစ်ငါးသန်ကာလတွင် ငါးများသည် မျိုးဥများနှင့်ဖြစ်သောကြောင့်၊ ငါးအကောင်ရေထောင်ချီ ဆုံးရှုံးမှုများဖြစ်ပေါ်သောကြောင့် မဖမ်းဆီးကြရန် နှိုးဆော်ထားခြင်းဖြစ်ပြီး ငါးရစ်ငါးသန်ကာလအတွင်း ငါးများမဖမ်းဆီးဘဲနေခြင်းဖြင့် ငါးသယံဇာတများ တိုးပွားလာပြီး လူသားများအတွက် စားနပ်ရိက္ခာဖူလုံလာမည်ဖြစ်သည်။ ယင်းကာလအတွင်း ငါးများဖမ်းဆီးမှုများတွေ့ရှိပါက ရေချိုငါးလုပ်ငန်းဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်သူဟိဏ်း(ဓနုဖြူ)**




# ဂျူဗင်တပ်အသင်းတွင် အထိုင်မကျဖြစ်နေသည့် ဒိုင်ဘာလာအား ဘိုင်ယန်မြူးနစ်အသင်းက ပေါင်သန်း ၈၀ ဖြင့် ကမ်းလှမ်း

အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းတွင် အထိုင်မကျဖြစ်နေခြင်းကြောင့် အသင်းနှင့် လမ်းခွဲရန်စီစဉ်နေသည့် တိုက်စစ် မှူး ဒိုင်ဘာလာအား ဘိုင်ယန်မြူးနစ်အသင်းက ပြောင်းရွှေ့ကြေး ပေါင်သန်း ၈၀ ဖြင့် ကမ်းလှမ်းထားကြောင်း သိရသည်။

ဂျူဗင်တပ်အသင်းတွင် ပုံမှန်ပွဲထွက် ကစားခွင့်ပျောက်ဆုံးနေသော်လည်း ဒိုင်ဘာလာ၏ ပြောင်းရွှေ့ကြေးကို ဂျူဗင်တပ်အသင်းက ပေါင်သန်း ၁၀၀ ဝန်းကျင်အထိ တောင်းဆိုထားကြောင်း သိရသည်။

တိုက်စစ်မှူး စီရိုနယ်လ်ဒို ရီးယဲလ်မက်ဒရစ်အသင်းမှ ဂျူဗင်တပ်အသင်းသို့ ရောက်ရှိလာခဲ့ပြီးနောက် ဒိုင်ဘာလာသည် အသင်း၏ တိုက်စစ်ပိုင်းတွင် ဒုတိယဦးစားပေးကစားသမားတစ်ဦးအနေဖြင့်သာ ပွဲထွက်ကစားနေရခြင်းကြောင့် ပါလာမိုအသင်းတွင် ကစားခဲ့သည့် ၂၀၁၃-၂၀၁၄ ဘောလုံးရာသီနောက်ပိုင်း ဂိုးသွင်းစွမ်းရည်လည်း အနိမ့်ဆုံးသို့ ကျဆင်းခဲ့ရသည်။

ထို့ကြောင့် ဒိုင်ဘာလာသည် ဂျူဗင်တပ်အသင်းမှ ထွက်ခွာရန် ဆန္ဒရှိနေသည့်အပြင် ဘိုင်ယန်မြူးနစ်အသင်းကလည်း တိုက်စစ်ပိုင်းက ရော့ဘင်နှင့် ရီဘာရီတို့ ထွက်ခွာသွားခြင်းကြောင့် တိုက်စစ်ပိုင်းကို အားဖြည့်ရန် ဒိုင်ဘာလာကို ပစ်မှတ်ထားလာခဲ့ခြင်းဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် တိုက်စစ်မှူးဒိုင်ဘာလာအပြင် မန်စီးတီးအသင်း၏တောင်ပံကစားသမား ဆာနေးနှင့် ချယ်လ်ဆီးအသင်းလူငယ်ကစားသမား အိုဒိုအီတို့ကိုလည်း ပစ်မှတ်ထားလျက်ရှိသည်။

**ငွေကြယ် - ရေးသားသည်**

# ဟာဇက်အား ရီးယဲလ်မက်ဒရစ်သို့ ပေါင် ၁၁၅ သန်းဖြင့် ရောင်းချရန် ချယ်လ်ဆီး သဘောတူညီထား

ချယ်လ်ဆီးအသင်းသည် တိုက်စစ်မှူး ဟာဇက်အား ရီးယဲလ် မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၁၁၅ သန်းဖြင့် ရောင်းချရန် သဘောတူညီမှုရရှိထားကြောင်း သိရသည်။

အဆိုပါသဘောတူညီချက်အရ တိုက်စစ်မှူးဟာဇက်သည် ရီးယဲလ်မက်ဒရစ် အသင်းတွင် တစ်ပတ်လုပ်ခလစာပေါင် လေးသိန်းရရှိမည်ဖြစ်ကြောင်းလည်း သိရသည်။

ချယ်လ်ဆီးတိုက်စစ်မှူး ဟာဇက်သည် ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားရန် လွှန်ခဲ့သည့်အပြောင်းအရွှေ့ကာလများကတည်းက ချိတ်ဆက်မှုများပြုလုပ်ထားခြင်းဖြစ်ပြီး ယခုနှစ် ဘောလုံးရာသီကုန်တွင် ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားရန် ဆုံးဖြတ်ထားခြင်းလည်းဖြစ်သည်။

အေဒင်ဟာဇက်သည် ၂၀၀၇ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ပြင်သစ် ကလပ်လိုင်လီအသင်းတွင် ကစားခဲ့သူဖြစ်ပြီး ၁၄၇ ပွဲတွင် ၃၆ ဂိုးအထိ သွင်းယူနိုင်ခဲ့သူဖြစ်သည်။ ထို့နောက် ၂၀၁၂ ခုနှစ်မှ လက်ရှိအချိန် အထိ အင်္ဂလန်ကလပ် ချယ်လ်ဆီးအသင်းတွင် ကစားခဲ့ရာ ၂၄၅ ပွဲတွင် သွင်းဂိုး ၈၅ ဂိုး သွင်းယူနိုင်ခဲ့သည်။

ယခုနှစ်ဘောလုံးရာသီတွင် ချယ်လ်ဆီးအသင်းနှင့်အတူ ပရီမီယာလိဂ်ပွဲစဉ် ၃၇ ပွဲအထိ ပါဝင်ကစားပေးခဲ့ပြီး သွင်းဂိုး ၁၆ ဂိုးသွင်းယူ ထားနိုင်ခဲ့ကာ ၁၅ ဂိုးအထိ ဂိုးဖန်တီးမှုပေးနိုင်ခဲ့ကြောင်း သိရသည်။




# ကာရိုးလ်၊ အက်ဒရီယန်နှင့် နာဆရီ ဝက်စ်ဟမ်းအသင်းမှ ထွက်ခွာမည်

အန်ဒီကာရိုးလ်၊ အက်ဒရီယန်နှင့် နာဆရီတို့သည် ယခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလတွင် လက်ရှိကလပ်ဝက်စ်ဟမ်းအသင်းမှ ထွက်ခွာမည်ဖြစ်ကြောင်းသိရသည်။

အသက် ၃၀ အရွယ်ရှိ တိုက်စစ်မှူးကာရိုးလ်သည် လီဗာပူးအသင်းမှ ဝက်စ်ဟမ်းအသင်းသို့ ရောက်ရှိခဲ့သည်မှာ ဘောလုံးရာသီ ခုနစ်ရာသီကြာမြင့်ခဲ့ပြီဖြစ်ပြီး ၁၄၂ ပွဲပါဝင်ကစားပေးထားကာ သွင်းဂိုး ၃၄ ဂိုးအထိ သွင်းယူပေးထားနိုင်ခဲ့သူဖြစ်သည်။ ထို့ပြင် ဂိုးသမားအက်ဒရီယန်သည်လည်း ဝက်စ်ဟမ်းအသင်းနှင့်အတူ ခြောက်နှစ်ကြာဖြတ်သန်းခဲ့ရာတွင် ပွဲပေါင်း ၁၅၀ အထိ ပါဝင်ကစားခွင့်ရရှိခဲ့သူဖြစ်သည်။

ပြင်သစ်ကြယ်ပွင့်နာဆရီမှာမူ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်က ဝက်စ်ဟမ်းအသင်းသို့ ရောက်ရှိလာခဲ့သူဖြစ်ပြီး လက်ရှိတွင် ဝက်စ်ဟမ်းအသင်းနှင့်အတူ ခြောက်ပွဲ ပါဝင်ကစားပေးထားကြောင်းသိရသည်။

အဆိုပါကစားသမားသုံးဦးသည် ယခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလအတွင်း အသင်းမှ ထွက်ခွာမည်ဖြစ်သော်လည်း ၂၀၁၇ ခုနှစ်က လေဗာကူဆင်အသင်းမှ ခေါ်ယူထားသည့် မန်ယူတိုက်စစ်မှူးဟောင်း ဟာနန်ဒက်ဇ်မှာ ဝက်စ်ဟမ်းအသင်းတွင် ဆက်ရှိနေမည်ဖြစ်ကြောင်း သိရသည်။

## အနုပညာ



# တေးဂီတ ဖျော်ဖြေပွဲတွေကို ရွှေ့ဆိုင်းခဲ့တဲ့ အရီရန်နာဂရန်းဒ်

ကျော်ကြားတဲ့ အမေရိကန်ပေါ့ပ်ကြယ်ပွင့် အရီရန်နာဂရန်းဒ်ဟာ လတ်တလောမှာတော့ သူ့ရဲ့ တေးဂီတဖျော်ဖြေပွဲနှစ်ပွဲကို ရွှေ့ဆိုင်းလိုက်ကြောင်း တရားဝင်ပြောကြားခဲ့တာ ဖြစ်ပါတယ်။ ဒီလို ဖျက်ခဲ့ရတဲ့အကြောင်းကတော့ သူ့ရဲ့ ကျန်းမာရေးအခြေအနေကြောင့် ဖြစ်တယ်လို့ အီးအွန်လိုင်းဒေ့ါကွန်းရဲ့ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လက်ရှိမှာ အသက် ၂၅ နှစ်အရွယ်ရှိပြီဖြစ်တဲ့ “ Thank U, Next” တေးသံရှင် အရီရန်နာဂရန်းဒ်က ပြီးခဲ့တဲ့ အင်္ဂါနေ့မှာ တေးဂီတဖျော်ဖြေပွဲတွေကို ရွှေ့ဆိုင်းလိုက်ကြောင်း သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာမှာ ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။ ပေါ့ပ်ကြယ်ပွင့်က သူ့အနေနဲ့ အိပ်ရာကနိုးလာချိန်မှာ နေမကောင်းတာကြောင့် ဆရာဝန်နဲ့ ပြသခဲ့ကြောင်း၊ ယနေ့နဲ့ မနက်ဖြန်မှာ ပြုလုပ်သွားမယ့် ဖျော်ဖြေပွဲတွေ ရွှေ့ဆိုင်းလိုက်သည်ကို ပြောကြားလိုကြောင်း ရေးသားဖော်ပြခဲ့တယ်လို့လည်း သိရပါတယ်။

အရီရန်နာဂရန်းဒ်ရဲ့ ရွှေ့ဆိုင်းလိုက်တဲ့ ဖျော်ဖြေပွဲတွေကတော့ တမ်ပါနဲ့ အော်လန်ဒိုတို့မှာ ပြုလုပ်သွားမယ့် ဖျော်ဖြေပွဲတွေဖြစ်ပြီး ဒီဖျော်ဖြေပွဲတွေကိုတော့ လာမယ့် နိုဝင်ဘာ ၂၄ ရက်မှာ တမ်ပါမှာလည်းကောင်း၊ ၂၅ ရက်မှာ အော်လန်ဒိုမှာလည်းကောင်း ပြန်လည်ပြုလုပ်ပေးသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

ပြီးခဲ့တဲ့ လအတွင်းမှာတော့ အရီရန်နာဂရန်းဒ်က တိုက်ရိုက်ဖျော်ဖြေတင်ဆက်မှုတွေဟာ သူ့အတွက်တော့ အလွန်ကို ပင်ပန်းစေကြောင်း၊ ဒီလို ဖျော်ဖြေပွဲတွေဟာ ငရဲလို့ပင် ဆိုရလောက်ကြောင်း ပရိသတ်တစ်ဦးရဲ့ဝေဖန်ရေးသားမှုအပေါ် ပြန်လည်ရေးသားဖော်ပြခဲ့ကာ နောက်ပိုင်းမှာတော့ လူမှုကွန်ရက်မီဒီယာပေါ်က သူ့ရဲ့ပြန်လည်ရေးသားဖော်ပြမှုတွေကို ဖျက်ပစ်ခဲ့တယ်လို့လည်း သိရပါတယ်။

# ပြန်လည်ထူထောင်ရေးစခန်းမှာ ဆေးစစ်မှုခံယူခဲ့ရတဲ့ ကစ်ထ်ဟာရင်တန်

HBO ရုပ်သံလိုင်းက ထုတ်လွှင့်ပြသခဲ့ပြီး ကြည့်ရှုသူပရိသတ် များပြားခဲ့တဲ့ အောင်မြင်တဲ့ဇာတ်လမ်းတွဲ “ Game of Thrones ” ရဲ့ အဓိကဇာတ်ဆောင်မင်းသားတစ်ဦးဖြစ်သူ ကစ်ထ်ဟာရင်တန်ဟာ ဇာတ်လမ်းတွဲထုတ်လွှင့်မှုအပြီးမှာတော့ စိတ်ဖိစီးမှုတွေကြောင့် ပြန်လည်ထူထောင်ရေးစခန်းမှာ ဆေးစစ်မှုတွေခံယူခဲ့ရကြောင်း ဟောလိဝုဒ်လိုက်ဖ်ဒေ့ါကွန်းရဲ့ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ကစ်ထ်ဟာရင်တန်အနေနဲ့ “Game of Thrones” ဇာတ်လမ်းတွဲတွေ ရိုက်ကူးနေစဉ်အတွင်းမှာ စိတ်ဖိစီးမှုတွေရှိခဲ့တာကြောင့် ပြန်လည်ထူထောင်ရေးစခန်းမှာ ကျန်းမာရေးစစ်ဆေးမှုတွေ ခံယူခဲ့ရတာဖြစ်ပြီး အရက်စွဲတာကြောင့်လည်း ယခုလို ပြန်လည်ကုသခဲ့ရတာဖြစ်တယ်လို့ သိရပါတယ်။ ဒီသတင်းတွေဟာ ဇာတ်လမ်းတွဲတွေရဲ့နောက်ဆုံးသောအပိုင်းကို ထုတ်လွှင့်ခဲ့ပြီးနောက် ရက်သတ္တပတ်အကြာမှာ ပေါ်ထွက်လာတာ ဖြစ်တယ်လို့လည်း သိရပါတယ်။

**အေးပြည့် - စုစည်းသည်**



# လက်ထပ်ပြီးနောက် ပိုမိုတည်ငြိမ်လာကြောင်း ဆောင်းဂျွန်ကီဆို

တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်သူ ဆောင်းဂျွန်ကီက သူ့အနေနဲ့ မင်းသမီး ဆောင်းဟေကိုနဲ့ လက်ထပ်ခဲ့ပြီးနောက် အိမ်ထောင်သည်ဘဝမှာတော့ စိတ်ပိုင်းဆိုင်ရာ ပိုမိုတည်ငြိမ်လာခဲ့ကြောင်းကို ဖွင့်ဟခဲ့တယ်လို့အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

တောင်ကိုရီးယားရဲ့ အလွန်ကို ကျော်ကြားတဲ့ ကြယ်ပွင့်စုံတွဲ ဆောင်း-ဆောင်းစုံတွဲ လက်ထပ်ခဲ့တာ လက်ရှိမှာတော့ နှစ်နှစ်ခန့်ကြာခဲ့ပြီဖြစ်ပါတယ်။ ဒီလို အိမ်ထောင်ရှင်တစ်ဦးဖြစ်လာခဲ့ပြီးနောက် သူ့ရဲ့ ပြောင်းလဲလာခဲ့တဲ့ အကြောင်းအရာတွေကို ဆောင်းဂျွန်ကီက လတ်တလောမှာ ပြုလုပ်ခဲ့တဲ့ သူ့ရဲ့ရုပ်သံဇာတ်လမ်းတွဲသစ် “ Arthdal Chronicles” အတွက် သတင်းစာရှင်းလင်းပွဲမှာ ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပြီး သူဟာ ပိုမိုတည်ငြိမ်သူတစ်ဦးဖြစ်လာခဲ့တယ်လို့ ရင်ဖွင့်ခဲ့ပါတယ်။

ဆောင်းဂျွန်ကီက သူ့အနေနဲ့ ထူးထူးခြားခြား ပြောင်းလဲသွားတာမျိုးမရှိသော်လည်း စိတ်တွေ ပိုမိုတည်ငြိမ်ခဲ့ရကြောင်း၊ ဒီလိုခံစားမှုမျိုးကို အိမ်ထောင်သည် အမျိုးသားတွေနားလည်မှာဖြစ်ကြောင်းလည်း ပြောကြားခဲ့တယ်လို့ သိရပါတယ်။

C B BANK

လေးစားအပ်ပါသော CB Bank ၏ မိတ်ဟောင်း၊ မိတ်သစ် Customer များအား CB Bank ဟားခါး(မြို့သစ်) ဘဏ်ခွဲ အသစ်ကိုဖွင့်လှစ်၍ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများအားဆောင်ရွက်ပေးနေပြီဖြစ်ပါကြောင်းသတင်းကောင်းပါးအပ်ပါသည်။




## ဟားခါး(မြို့သစ်) ဘဏ်ခွဲ

အမှတ်(၉၈)၊ မြို့သစ်ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ ဟားခါးမြို့နယ်၊ ချင်းပြည်နယ်။

Tel : (95) **070 21318**
Fax : (95) **070 22206 / 22072**
Email : **contact@cbbank.com.mm** /Contact Center : **(01) 2317770**

# ကြော်ငြာ

**သန်းဌေးနှင့်ရောင်းရင်းများ ၅ ကျိုက်ထီးရိုး(အငြိမ့်၊ သောကြာ)**
* တောင်ကြီး၊ အင်းလေး၊ ပင်းတယ (၄)ရက်။ ရွှေဥမင်ကော်ပါ (၅)ရက်။
* ပုဂံ၊ စွယ်တော်လေးဆူ ပုပ္ပါး၊ ပခုက္ကူ (၄)ရက်။
* မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ (၄)ရက်။
* မန္တလေး၊ မိုးကုတ်၊ အင်းဝ၊ ကျောက်ဆည် (၄)ရက်။
* မြဝတီ၊ မဲဆောက်၊ ဘားအံ (၃)ရက်။ (Hotel တည်း)
* ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်၊ မျှော်ရစ် (၅)ရက်။ မြိတ် ပါ (၆)ရက်။

Motel တည်း အပတ်စဉ် သောကြာနေ့တိုင်း

ရေကြောင်း ● မြည်း၊ အနေကောက်တောင် ● ရွှေနိုင်ငြည်တော်ပြန် ● နေပြည်တော်

၄၁၆(ပထပ်)၊ရွှေဘုံသာလမ်း 01-380141, 01-241863, 09-43043109, 09-30284810

**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။**

09784728316,09771681316

**ဖခင်အမည်မှန်**

လောင်းလုံးမြို့နယ်၊ အလက-ခွဲ(အောက်ကျောက်ဝပ်ကျောင်း)၊ အဋ္ဌမတန်းအောင်မှ မအိသီရိမေ၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ ဦးယုအေး၊၆/မမန(နိုင်)၁၂၁၀၄၀)ဖြစ်ပါကြောင်း။

**ဦးယုအေး**

**ကိုသန့်ဇင်**
CAR RENTAL
ကားမျိုးစုံ ငှားနိုင်ပါသည်။
09 - 5059821
09 - 43117680

**GW** 0973226006 0973133528 0973077569
အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ်အိမ်ပြောင်း ကားငှားနိုင်သည်။
09401505559

အဆောက်အဦ တစ်ခုလုံးသော်၎င်း တစ်လွှာချင်းသော်၎င်း
**ငှားမည်**
09 515 7160
09 96 515 7160
09 76 515 7160
New World Office Page
ထဲသို့ အသေးစိတ် သိရှိနိုင်ရန် ဝင်ရောက်ကြည့်ရှုစေလိုပါသည်
တစ်ဦးချင်းသော်၎င်း အကျိုးဆောင် ကုမ္ပဏီများ အနေဖြင့်သော်၎င်း ဆက်သွယ်နိုင်သည်
4RC 85' x 47' (Sq-ft 14000)
ကားပါကင် ၁၅ စီးစာ
ကမ္ဘာအေးဘုရားလမ်း ၊ ဗဟန်းမြို့နယ် ၊ ရန်ကုန်



**သန်လျင် Star City B4 မှ**
**မြေညီထပ်ရောင်းရန်ရှိသည်**
**၁၅၁၁ Sqf ရှိပါသည်။**
**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**
**ဆက်သွယ်ရန်**
**09-776755449**

## ပညာရေးဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ အစိုးရနည်းပညာကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများအတွက် လိုအပ်သော သင်ကြားရေးသုံး သင်ထောက်ကူစက်ပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများနှင့် ရုံးသုံးပရိဘောဂများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ Open Tender ပုံစံများကို ၂၉-၅-၂၀၁၉ရက်မှစ၍ ရုံးချိန်အတွင်း နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ဘဏ္ဍာရေးဌာနစိတ်၊ ရုံးအမှတ်(၂၁)တွင် တစ်စုံလျှင် ကျပ်(၁၀၀၀၀ိ/)နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၂၁-၆-၂၀၁၉ရက်၊ ညနေ ၄း၀၀နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အဆိုပါ သင်ကြားရေးသုံးသင်ထောက်ကူစက်ပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများနှင့် ရုံးသုံးပရိဘောဂများအား သက်ဆိုင်ရာဌာနနှင့် ကျောင်းများအရောက်ပေးပို့ တပ်ဆင်ပေးနိုင်ရမည်။

၄။ Open Tender ပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၄၃၈၉၊ ၀၆၇-၄၀၄၀၂၀နှင့် website ဖြစ်သော www.tvetmyanmar.gov.mm တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

**ဝင်ငွေကောင်းအဆင့်မြင့်တည်းခိုခန်းရောင်းမည်**
အခန်း၂၂ခန်း၊ RC ၃ထပ်၊ ပေ၄၀×ပေ၆၀၊ ဒလမြို့နယ်၊ ဗိုလ်ချုပ်လမ်း၊ ညီနှိုင်းဈေး (သိန်း၅၅၀၀)
0943021001 (တိုက်ရိုက်အဝယ်များဆက်သွယ်ရန်)
0943081013 (အကျိုးဆောင်များဆက်သွယ်ရန်)

**YGN Real Estate Service**
နိုင်ငံခြားသားများ နေထိုင်ရန်အတွက် တိုက်ခန်းနှင့် Condoများငှားရမ်းလိုပါသည်။ စမ်းချောင်း ၊ မြို့တွင်း၊ ရန်ကင်းနှင့် ဗဟန်းမြို့နယ် သီးသန့်သာငှားလိုပါသည်။
09 252922207

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## Agriculture Development Support Project
## ဈေးနှုန်းအဆိုပြုလွှာဖိတ်ခေါ်ခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသော Agriculture Development Support Project (ADSP)အတွက် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာ(RFQ)များ ဖိတ်ခေါ်အပ်ပါသည်။

| Reference No | Description of Project |
|---|---|
| W-17A,W-18A,W-19A,W-20A and W-21 | Deformed Steel Round Bar |
| W-17A,W-18A,W-19A,W-20A and W-21 | Cement |
| W-17A,W-18A,W-19A,W-20A and W-21 | Diesel |

၂။ အထက်ပါပစ္စည်းများဝယ်ယူခြင်းအတွက် World Bank Procurement Guideline ပါ စည်းမျဉ်း၊ စည်းကမ်းအတိုင်း ဆောင်ရွက်မည် ဖြစ်ပါသည်။

၃။ ကြော်ငြာပါသည့်နေ့မှစ၍ ဈေးနှုန်းအဆိုပြုလွှာပုံစံ (RFQ)များကို E-mail No.tlwin4.irr@gmail.com သို့ မိမိတို့တင်သွင်းလိုသော ပစ္စည်းနှင့်ဈေးနှုန်းအဆိုပြုလွှာ (Reference No)ကို အတိအကျဖော်ပြပြီး ယှဉ်ပြိုင်မည့် ကုမ္ပဏီအမည်ဖြင့် ရုံးချိန်အတွင်း အခမဲ့ လျှောက်ထားတောင်းခံနိုင်ပါသည်။ (လာရောက်ဝယ်ယူရန်မလိုပါ။)

၄။ ဈေးနှုန်းအဆိုပြုလွှာ(RFQ)များကို ၁၁-၆-၂၀၁၉ရက်၊ (၁၄း၀၀)နာရီ နောက်ဆုံးထားပြီး အောက်ဖော်ပြပါလိပ်စာသို့ လူကိုယ်တိုင် လာရောက်တင်သွင်းရမည် ဖြစ်ပါသည်။

**လိပ်မူရန်**
**U Tint Lwin**
**Director (Procurement Branch)**
**Irrigation and Water Utilization Management Department**
**Office No.43, Naypyitaw**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်ဇော်ဦး [၈/ခမန(နိုင်)၂၀၈၆၇၈]၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၄၇၆၂၀၅၁**

**ဟိန်း** 01.2330054 095160048 09-782470755
www.heincarrental.com

**လက်တွေ့လုပ်ငန်းခွင်ဝင်**
**ဧည့်လမ်းညွှန်သင်တန်း**
အခြေခံမှစ၍ Tour Group များကို ဦးဆောင်နိုင်သည်အထိ စာတွေ့၊ လက်တွေ့သင်ကြားပေးပါမည်။ သင်တန်းသားဦးရေ ကန့်သတ်ထားပါသည်။ ဇွန်လ ၁ ရက်နေ့ သင်တန်းစမည်။
**ဖုန်း-၀၉-၈၉၁၈၀၃၃၂၅**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်အောင်အောင်[၈/မလန(နိုင်)၀၇၁၀၃၁]၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။


**ဖုန်း-၀၉-၂၅၄၇၆၂၀၅၁**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်အောင်နိုင်လင်း[၈/နမန(နိုင်)၁၃၁၉၂၀]၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၉၆၀၄၆၄၆၅**




THE CENTRAL
Invest
in the Future of
Yangon
The New Paradigm
for Modern Luxury Residences
The Central Show Gallery
No.7-8, Kabar Aye Pagoda Road,
Yankin Township, Yangon, Myanmar
Hotline
+95 9 777 773 770
www.thecentral.com.mm
/thecentralyangon
Lakeside
Landmark
Yangon's
Best Address
Flawless Designs
Best-in-class
Investment
From 763 - 3031 sq/ft
One - Four Bedrooms
Unique Sky Clubhouse
270° Breathtaking
Inya Lake Views
Award-Winning Developer
World-Class Management
DEVELOPED BY
MARGA
LANDMARK

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ် ရီရီမေ**

**လက်ထောက်သုတေသနအရာရှိ(ငြိမ်း)**
**ပညာရေးသုတေသန၊ ပညာရေးဝန်ကြီးဌာန**
**အသက် (၇၆) နှစ်**

ဦးချမ်းအေး(ညွှန်ကြားရေးမှူးချုပ် ၊နိုင်ငံခြားရေးဝန်ကြီးဌာန)-ဇနီး ဒေါက်တာခိုင်နီလာဆွေ၊ ဦးသက်ထွန်း (ညွှန်ကြားရေးမှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)-ဇနီး ဒေါ်ခင်ဝင်းသီတို့၏မိခင်ဖြစ်သူ ဒေါ်ရီရီမေသည် ၂၈-၅-၂၀၁၉ (အင်္ဂါနေ့) ညနေတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူ ထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့်**
**နိုင်ငံခြားရေး/အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန**
**ဝန်ထမ်းမိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

ယခင် SMID Bank ၊ ဥက္ကဋ္ဌ(၁) (ငြိမ်း)၊ စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း)၊ ဦးမောင်မြင့် (ဒုတိယအကြိမ်၊ မင်းကင်းမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)နှင့် ဇနီး ဒေါက်တာဒေါ်ခင်မြဝင်းတို့၏မိခင် ဒေါ်သန်းမြ အသက် (၉၇) နှစ်သည် ၂၇-၅-၂၀၁၉ ရက်တွင်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**(ဗိုလ်မှူးကြီး ဘိုနီ) ဇနီး ဒေါ်ယုယုအောင်၊**
**သီရိသုဓမ္မသိင်္ဂီ၊ သုဓမ္မသိင်္ဂီဒေါ်အိသန္တာဘို မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

ယခင် SMID Bank ၊ ဥက္ကဋ္ဌ(၁) (ငြိမ်း)၊ စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း)၊ ဦးမောင်မြင့် (ဒုတိယအကြိမ်၊ မင်းကင်းမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)နှင့် ဇနီး ဒေါက်တာဒေါ်ခင်မြဝင်းတို့၏မိခင် ဒေါ်သန်းမြ အသက်(၉၇)နှစ်သည် ၂၇-၅-၂၀၁၉ ရက်တွင်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**နာယက၊ အဂ္ဂမဟာသီရိသုဓမ္မ၊ မဏိဇောတဓရ၊**
**ဝဏ္ဏကျော်ထင်ဒေါက်တာခင်ရွှေ၊ ဥက္ကဋ္ဌ ဒေါ်စန်းစန်းရီ၊**
**အမှုဆောင်အရာရှိချုပ် ဒေါက်တာဇေယျာညွန့်နှင့်**
**ဒါရိုက်တာအဖွဲ့ဝင်များ၊ SME -Development Bank**
**နှင့် ဘဏ်ဝန်ထမ်းမိသားစုများ**

## အထူးကျေးဇူးတင်ရှိခြင်း

**ဦးတင်ဦး(၃)**

**ဦးစီးမှူး (ငြိမ်း)၊ အကောက်ခွန်ဦးစီးဌာန**
**၁၉၇၆-၁၉၇၇ တမူးမြို့နယ်၊ အကောက်ခွန်ဝန်ထောက်ကြီး**
**အသက် (၉၈) နှစ်**

ကွယ်လွန်သူ ဦးတင်ဦး(၃)(ဦးစီးမှူး-ငြိမ်း၊ အကောက်ခွန်ဦးစီးဌာန) အသက် (၉၈) နှစ် နာမကျန်းစဉ် ကာလအတွင်း ဂရုတစိုက်ကုသပေးပါသော Grand Hantha International Hospital မှ ကျောက်ကပ်အထူးကုဆရာဝန်ကြီး ဒေါက်တာဦးမောင်မြ၊ Palliative Care မှ ဒေါက်တာဒေါ်ဝါဝါမဥ္ဇူ၊ ဒေါက်တာဒေါ်ဝင်းပပနှင့်တကွ Nurse Station 4 A မှ တာဝန်ကျဆရာဝန်၊ အအေးတိုက်မှ အဖွဲ့များ၊ ဆရာမများ၊ သူနာပြုများ၊ အရေးပေါ်အခန်းမှ ဆရာဝန်၊ ဆရာမများအားလည်းကောင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ အုန်းပင်လမ်း အေးရိပ်သာဆေးခန်းမှ ဒေါက်တာဒေါ်အေးအေးမြင့်အားလည်းကောင်း၊ အဖိုးအားနှစ်ရှည်လများစောင့်ရှောက်ပေးပါသော သူနာပြုအကူ Naw Golden Bell နှင့် မထက်ထက်ခိုင်အားလည်းကောင်း၊ ကြည့်မြင်တိုင်မြို့နယ် ရှင်သန်ရေးပရဟိတမှ ပုဂ္ဂိုလ်များအား လည်းကောင်း၊ နှလုံးလှုပရဟိတမှ ပုဂ္ဂိုလ်များအားလည်းကောင်း၊ ဝေဠုဝန်ဝတ်အသင်းသူအသင်းသားများနှင့် ချမ်းမြေ့ရိပ်သာဓမ္မမိတ်ဆွေများအားလည်းကောင်း၊ အကောက်ခွန်အငြိမ်းစားဝန်ထမ်းဟောင်းများအသင်းမှ သက်ဆိုင်ရာတာဝန်ရှိသူများ၊ အကောက်ခွန်ဘောလုံးအသင်းမှ အသင်းသားများ၊ လက်ရှိဝန်ထမ်းများ၊ ဝန်ထမ်းဟောင်းများနှင့် အကောက်ခွန် Agent များအားလည်းကောင်း၊ သင်္ကန်းနှင့် အခြားလှူဖွယ်ပစ္စည်းများ၊ အစားအသောက်များ ပေးပို့လှူဒါန်းကြသူများအားလုံး၊ တမူးမြို့မှ Phone ဖြင့် ဝမ်းနည်းကြောင်း မေးမြန်းကြသော တမူးမြို့ ချမ်းမြေ့ရိပ်သာအမှုဆောင်အဖွဲ့အားလည်းကောင်း၊ Facebook တွင်ဝမ်းနည်းကြောင်းမှတ်တမ်းတင်ပေးကြသူများအားလုံးကိုလည်းကောင်း၊ ကွယ်လွန်သူ၏ ဈာပနအခမ်းအနားသို့ လိုက်ပါပို့ဆောင်သူများ၊ အုန်းပင်လမ်းမှ လမ်းသူလမ်းသားများ၊ ရပ်နီးရပ်ဝေးမှ သတင်းမေးကြသူများ၊ လွမ်းသူ့ပန်းခွေပို့ပေးကြသူများအား ကျန်ရစ်သူမိသားစုများမှ အထူးတလည် ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ ဥက္ကဋ္ဌ ဒေါက်တာစိန်မောင်၏ ချစ်လှစွာသောဇနီး ဒေါက်တာဒေါ်ရင်ရင်မေ အသက် (၇၃) နှစ်သည် ၂၆-၅-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာဇေယျာညွန့်နှင့် ဇနီး**
**အမှုဆောင်အရာရှိချုပ်**
**SME-Development Bank**
**အဖွဲ့ဝင်-အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ**
**ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ**

## (၁၂)နှစ်ပြည့် လွမ်းဆွတ်သတိရအမျှပေးဝေခြင်း

**ဦးမျိုးမြင့်(ပြည်)**

**ခရိုင်မီးသတ်တာဝန်ခံ(ငြိမ်း)**

ချစ်သောကျေးဇူးရှင် ဖခင်ကြီး ကွယ်လွန်သည်မှာ ၃၀-၅-၂၀၁၉ ရက်တွင် (၁၂)နှစ် ပြည့်မြောက်ခဲ့ပါပြီ။ ကြီးမားလှသောဖေကြီး၏ မေတ္တာ၊ စေတနာ၊ ကျေးဇူးတရားများကို အစဉ်အောက်မေ့လျက် ဖေကြီးအတွက်ရည်စူး၍ ရွှေတိဂုံဘုရားတွင် ရွှေစင်(၁)ကျပ်သားရွှေပြားလှူဒါန်းခြင်း၊ ဇီဝိတဒါနသံဃာ့ဆေးရုံ၌ ဆေးပဒေသာပင်သီးခြင်း၊ သံဃာတော်များအား ဆွမ်း၊ သင်္ကန်း၊ ဝတ္ထုလှူဒါန်းခြင်းစသည့်ကောင်းမှုအစုစုအတွက် အမျှပေးဝေပါတယ်။ ဖေကြီး အေးချမ်းမြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ....

**ဖေကြီးကို အစဉ်သတိရအောက်မေ့လျက်**
**ချစ်ဇနီး-ဒေါ်တင်တင်ဝင်း(ခ)ဒေါ်ဘေဘီဦး**
**သမီးကြီး-ဦးလှအောင်-ဒေါ်တင်လေးမြင့်**
**သမီးလတ်-ဦးသီဟ-ဒေါ်တင်မိုးမြင့်**
**သမီးငယ်-ဗိုလ်မှူးချုပ်ထွန်းထွန်း-ဒေါ်ပွင့်ပွင့်မျိုး**
**သမီးထွေး-ဦးဇော်မိုး-ဒေါ်ဆင့်ဆင့်မျိုး**
**သားငယ်-ဦးကျော်မျိုးသူ-ဒေါ်သကြၤန်ဖြိုးနှင့်**
**ချစ်မြေး၊ မြစ်များ**

## (၁၂)နှစ်ပြည့် အောက်မေ့သတိရခြင်း

**ဦးပါစီမောင်မောင်**

**ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)**
**မြန်မာ့သဘောကျင်းလုပ်ငန်း**

အနန္တဂိုဏ်းဝင် ကျေးဇူးရှင်ဆရာ ကွယ်လွန်ခဲ့သည်မှာ ၃၀-၅-၂၀၁၉ရက်တွင် (၁၂)နှစ်ပင် ပြည့်ခြားသော်လည်း ဆရာ၏ ပေးဆပ်၍ မကုန်သော ကျေးဇူးတရားများအား မိသားစုနှင့်အတူ ထပ်တူထပ်မျှ အောက်မေ့သတိရလျက်ရှိပါသည်။

**ဦးကြည်စိုး-ဒေါ်ကြည်ကြည်လွင်နှင့်**
**သမီး-ခိုင်သက်ဆု**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးခင်မောင်မြင့်**

**အသက်(၈၁)နှစ်**

ရန်ကုန်မြို့ ပြည်လမ်း၊ (၇)မိုင်ခွဲနေ ဦးအောင်ကျော်စွာဦး-ဒေါ်ရွှေစင်မြင့် (Manager Paing Family Int'l Company Limited)၏ ဖခင် ဦးခင်မောင်မြင့် အသက်(၈၁)နှစ်သည် ၂၇-၅-၂၀၁၉ရက်(တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Paing Family Int'l Company Limited**
**ရုံးမိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ကန့်ဘလူမြို့နယ်အသင်း(ရန်ကုန်) နာယကကြီး**

**ဗိုလ်မှူးကြီးအောင်သန်း(ငြိမ်း)**

**အသက် (၇၇)နှစ်**

ဒေါက်တာမေသူအောင် (ကထိက၊ ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)၏ ချစ်လှစွာသောဖခင်ကြီးသည် ၂၄-၅-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ(ဌာနမှူး)**
**ပါမောက္ခများနှင့်**
**ဓာတုဗေဒဌာနမိသားစု**
**ရန်ကုန်တက္ကသိုလ်**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးအောင်မြင့်(အောင်ဆန်း-၉)**

**အသက် (၇၅) နှစ်**

၂၈-၅-၂၀၁၉ ရက်နေ့တွင် ကွယ်လွန်ခဲ့သော သူငယ်ချင်းအတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အောင်ဆန်း(၉) သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးကျော်ထွန်းလင်း (ငြိမ်း)**

**D.S.A အပတ်စဉ်(၁၃)၊ ကြည်း-၁၂၀၀၇**
**ဒုညွှန်ကြားရေးမှူး(ငြိမ်း)၊ စိုက်/မွေး**

ရန်ကုန်မြို့နေ ဒေါ်ခင်သန်းလှ၏ခင်ပွန်း ဗိုလ်မှူးကျော်ထွန်းလင်း(ငြိမ်း)သည် ၂၈-၅-၂၀၁၉ ရက် ည ၈း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**POP POP မိသားစု**

**မြိတ်မြို့နယ်အသင်း(ရန်ကုန်)**

**ဒေါ်ထွန်းမြရွှေ(မြိတ်)**

**အသင်းဝင်အမှတ်(၁၂၇၉)**
**အသက် (၉၂) နှစ်**

ရန်ကုန်မြို့ အလုံမြို့နယ်၊ ကမ်းနားလမ်း၊ မင်္ဂလာဆင်မင်းအိမ်ရာ၊ တိုက်(၃)၊ အခန်း(၂၀၁)နေ (ဦးဖေသင်)၏ဇနီး၊ ဒေါ်အေးမြင့်(အသင်းဝင်အမှတ်-၄၁၁၂)၏ မိခင်သည် ၂၈-၅-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၅-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့

**တောင်ကြီးအသင်း (ရန်ကုန်)**
**ကန်တော့ခံ**

**ဒေါ်ခင်သန်းနွဲ့**

**အသက် (၈၄) နှစ်**

တောင်ကြီးအသင်း အမှုဆောင် ဒေါ်ခိုင်ခိုင်ရွှေ၏မိခင် ဒေါ်ခင်သန်းနွဲ့သည် ၂၀-၅-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၁၉ ရက်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ အမှုဆောင်အဖွဲ့

**တောင်တွင်းကြီးမြို့နယ်အသင်း(ရန်ကုန်)**

**ဦး Albert ဘိုတို**

**အသက် (၈၃) နှစ်**
**သက်ကြီးကန်တော့ခံ**

ရွှေပြည်သာမြို့နယ်၊ (၁၄) ရပ်ကွက်၊ မော်လမြိုင်ပန်းခြံ (၆)လမ်း၊ အမှတ် (၁၄၉) နေ ဦးAlbert ဘိုတိုသည် ၂၈-၅-၂၀၁၉ ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၃၀-၅-၂၀၁၉ ရက်တွင် ရေဝေးခရစ်ယာန်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

**ခရစ်တော်၌အိပ်ပျော်ခြင်း**

**ဦးဘိုတို**

**အထက-၁၊ တောင်တွင်းကြီး (ငြိမ်း)**
**အသက် (၈၃) နှစ်**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်နေ (ဦးမြိုင်-ဒေါ်ရိုစီ)တို့၏သား၊ (ဦးဗလ-ဒေါ်ချစ်ပု)တို့၏ သားသမက်၊ ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ်၊ (၆) ရပ်ကွက်၊ မော်လမြိုင်ပန်းခြံလမ်း၊ အမှတ် (၁၄၉/၆/၁၄)နေ ဒေါ်ခင်လေး၏ချစ်လှစွာသောခင်ပွန်း၊ မကေသီ၊ မစိုးစိုးသန်း၊ မနီနီဝင်း၊ ကိုမျိုးအောင်၊ ကိုသက်နိုင်၊ ကိုမြတ်သူ-မခက်ခက်ငြိမ်း၊ ဦးဝင်းရွှေ-မနီလာဝင်း၊ ကိုညီညီထွေးတို့၏မွေးသဖခင်ကျေးဇူးရှင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၂၈-၅-၂၀၁၉ (အင်္ဂါနေ့) ည ၇း၂၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃၀-၅-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ကိုကျော်ကျော်ထွေး (ခ)**
**ကိုကျော်ကျော်**

**အသက် (၄၈) နှစ်**

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်၊ အမှတ် (၁၄၂)၊ (၁၅)လမ်းနေ (ဦးလီဝေချ)-ဒေါ်တင်အေးတို့၏တတိယမြောက်သား၊ ဦးလှမောင်-ဒေါ်အေးအေးခိုင်တို့၏ သားသမက်၊ ဒေါ်မဥ္ဇူခိုင်၏ ခင်ပွန်း၊ ဦးမျိုးလွင်-ဒေါ်ပို့ဝ့ါ၊ ဦးသိန်းဌေး-ဒေါ်သန်းမေ၊ ဦးလင်းဖေးတဲ့-မအေးအေးသန်း၊ (ဦးဝင်းဖေ)၊ ဦးရင်ကြည်-ဒေါ်ခင်လေးတို့၏ ချစ်လှစွာသောမောင်၊ ကိုသန်းဝင်း(ခ)ကိုတူးတူး-ဒေါ်သိင်္ဂီတို့၏ ညီ၊ ဒေါ်မာမာအေး(ခ)ဘေဘေ၊ မောင်မျိုးဝင်း-ဒေါ်မေဘရဏီစိုးတို့၏ အစ်ကို၊ တူ/တူမ ၁၂ ယောက်တို့၏ ဦးလေး၊ မောင်ဟိန်းဝေယံထက် (ခ) ပေါင်ပေါင်၏ ချစ်လှစွာသောဖခင်သည် ၂၇-၅-၂၀၁၉ (တနင်္လာနေ့) နံနက် ၂ နာရီတွင် (၁၅)လမ်းနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၁၉ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။)ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး**

**အရာခံဗိုလ်ကျော်အေး**

**လေ/၆၁၇၂၊ လေ-ငြိမ်း**
**INSTRUMENT FITTER ဗိုလ်သခင်ဆရာအဖွဲ့**
**အသက် (၈၁)နှစ်**

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီ (၄)ရပ်ကွက်၊ ရွှေစင်လမ်းသွယ်(၃)၊ အမှတ်(၇၉)၊ ဝေဘာဂီအိမ်ရာနေ (ဦးစံပွဲ-ဒေါ်စိန်ရင်)တို့၏သား၊ (ဦးဘသက်-ဒေါ်လှကြည်)တို့၏ သားသမက်၊ ဒေါ်ဂျမ်း(ခ)ဒေါ်သန်းသန်းဌေး(လေ-ငြိမ်း)၏ခင်ပွန်း၊ ဦးမင်းအောင်(ချောင်းဝဆိပ်ကမ်းတာဝန်ခံ)-ဒေါ်မီမီအေး၊ ဗိုလ်ကြီးသီတာအေး(စစ်သူနာပြု-ငြိမ်း၊ အပတ်စဉ်-၁၅၊ CMG ကုမ္ပဏီ)၊ ဒေါ်ခင်စန္ဒာအေး (အလုပ်သမားညွှန်ကြားရေးဦးစီးဌာန)[ဦးကျော်စွာမြင့်(လက်ထောက် အင်ဂျင်နီယာ-ဆ.သ.ရ)]၊ မဝတ်ရည်အေး (CMG ကုမ္ပဏီ)တို့၏ဖခင်၊ ဗိုလ်ကြီးတေဇာလင်း-ဒေါ်ဇူလိုင်အောင်၊ ဒေါက်တာချမ်းငြိမ်းအောင်၊ ဒေါ်အေးသဥ္ဇာအောင်တို့၏အဘိုး၊ မြစ်လေးယောက်တို့၏ ဘိုးဘိုးကြီးသည် ၂၉-၅-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၀၀း၀၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ များအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၆-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ် ရီရီမေ**

**လက်ထောက်သုတေသနအရာရှိ(ငြိမ်း)**
**ပညာရေးသုတေသန၊ ပညာရေးဝန်ကြီးဌာန**
**အသက် (၇၆) နှစ်**

နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးချမ်းအေးနှင့် ဇနီး ဒေါက်တာခိုင်နီလာဆွေတို့၏မိခင်ဖြစ်သူ ဒေါ်ရီရီမေသည် ၂၈-၅-၂၀၁၉ ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန 93 Batch မှ**
**သူငယ်ချင်းများနှင့်မိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ရီရီမေ**

**အသက် (၇၆) နှစ်**

နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးချမ်းအေး၏မိခင် ဒေါ်ရီရီမေသည် ၂၈-၅-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမြဲတမ်းကိုယ်စားလှယ်/သံအမတ်ကြီးနှင့်အဖွဲ့ရုံးဝန်ထမ်းများ**
**ဂျီနီဗာမြို့ ဆွစ်ဇာလန်နိုင်ငံ**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ရီရီမေ (၇၆)နှစ်**

**လက်ထောက်သုတေသနအရာရှိ(ငြိမ်း)**

ဦးချမ်းအေး (ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါက်တာခိုင်နီလာဆွေ(တွဲဖက်ပါမောက္ခ၊ ဆေးတက္ကသိုလ်၊ မကွေး)၊ ဦးသက်ထွန်း (ညွှန်ကြားရေးမှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်ခင်ဝင်းသီတို့၏မိခင် ဒေါ်ရီရီမေသည် ၂၈-၅-၂၀၁၉ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ**
**သံတမန်ရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးအောင်ခင်သိန်း**

**အသက်(၇၃)နှစ်**
**ဦးစီးအရာရှိ(ငြိမ်း)၊ ရေအားလျှပ်စစ်ဦးစီးဌာန**

လျှပ်စစ်ဝန်ထမ်းဟောင်းများအသင်းဝင် အမှတ်(၆၂) ဦးအောင်ခင်သိန်းသည် ၂၈-၅-၂၀၁၉ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**လျှပ်စစ်ဝန်ထမ်းဟောင်းများအသင်း**

## ဝမ်းနည်းကြေကွဲခြင်း

ကာတွန်းဆရာ၊ စာရေးဆရာ၊ ဇာတ်ညွှန်းရေးဆရာ ဆုသြချယ်သည် ၂၉-၅-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဝမ်းနည်းခြင်းများစွာဖြင့်**
**Stellar Seven Entertainment**
**နှင့်**
**"အဆောင်"ရုပ်သံဇာတ်လမ်းတွဲအဖွဲ့သားများ**

## ကျေးဇူးအထူးတင်ရှိခြင်း

**ဦးရဲတင့်ဆွေ (၅၈)နှစ်**

**(ဘူမိဗေဒအရာရှိ၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန)**

၂၆-၅-၂၀၁၉ ရက်နေ့တွင် ကွယ်လွန်သွားပါသော ဦးရဲတင့်ဆွေ (ဘူမိဗေဒအရာရှိ၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တု ရှာဖွေရေးဦးစီးဌာန)၏ နာရေးတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါသော သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဆရာသမား၊ လုပ်ဖော်ကိုင်ဖက်ဝန်ထမ်းများ၊ ၁၉၈၅ ခုနှစ်၊ ရန်ကုန်တက္ကသိုလ် ဘူမိဗေဒမှ ချစ်သူငယ်ချင်းများ၊ မြတ်ပါရမီလူမှုကူညီစောင့်ရှောက်ရေးအသင်း၊ လွမ်းသူ့ပန်းခြင်း/ပန်းခွေ၊ လှူဖွယ်ဝတ္ထုပစ္စည်းများပေးပို့ပါသော ဆွေမျိုးမိတ်ဆွေများ၊ ကိုယ်တိုင်ကြွရောက်၍သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း၊ သတင်းမေးမြန်းသူများ၊ ဈာပနလိုက်ပါပို့ဆောင်သူများနှင့် မကွယ်လွန်မီ ပြုစုစောင့်ရှောက် ကုသပေးပါသော နေပြည်တော်ခုတင် (၁၀၀၀) ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်၊ ဆရာမများ အနီးကပ်ပြုစုပေးပါသော (ဘရေ)မှ ဝန်ထမ်းများအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးအေးကို(ခ)ဆုသြချယ်
### အသက် (၆၇) နှစ်

ရန်ကုန်မြို့ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ (၁) ရပ်ကွက်၊ မဟေသီလမ်း၊ အမှတ် (၇၉၅)နေ ဒေါ်ဝင်းဝင်းမြင့်၏ခင်ပွန်း ရုပ်ရှင်နှင့် ဗီဒီယိုဆင်ဆာအဖွဲ့ အဖွဲ့ဝင် ဦးအေးကို(ခ)ဆုသြချယ်သည် ၂၉-၅-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာနနှင့်**
**ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးအေးကို(ခ)ဆုသြချယ်
### အသက် (၆၇) နှစ်

ရန်ကုန်မြို့ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ (၁) ရပ်ကွက်၊ မဟေသီလမ်း၊ အမှတ် (၇၉၅) နေ ဒေါ်ဝင်းဝင်းမြင့်၏ခင်ပွန်း ရုပ်ရှင်နှင့် ဗီဒီယိုဆင်ဆာအဖွဲ့ အဖွဲ့ဝင် ဦးအေးကို(ခ)ဆုသြချယ်သည် ၂၉-၅-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရုပ်ရှင်နှင့် ဗီဒီယိုဆင်ဆာအဖွဲ့ဝင်များ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီး သိန်းထွန်းဦး(ငြိမ်း)၊ (တေဇ-၂၃)
### အသက် (၄၄) နှစ်

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြဖဆပလ ရပ်ကွက်၊ တိုက်(၅၀)၊ အခန်း(၁၇)နေ ဒေါ်ရည်ဝေမွန်၏ခင်ပွန်း၊ မောင်အောင်ဉာဏ်လင်း၊ မမေပြည့်စုံခိုင်တို့၏ဖခင် ဒုတိယဗိုလ်မှူးကြီးသိန်းထွန်းဦး(ငြိမ်း)သည် ၂၈-၅-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်မှူးချုပ်သန်းဝင်း (ငြိမ်း)-ဒေါ်မြမြစမ်း**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တင်ရီ (ကျောက်တန်း၊ ချောင်းဝ)
### အသက် (၈၆) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့ ရွှေကုန်းရပ်ကွက်၊ မဟာသုခလမ်း၊ အမှတ် (၆၃၆) နေ (ဦးဘိုးပိန်-ဒေါ်နှင်းဥ) တို့၏ သမီး၊ ဒေါ်ကြည်မြင့်၊ ဦးမြင့်ဆွေ-ဒေါ်သန်းနွဲ့၊ ဦးစန်းတင့်-ဒေါ်တိုးတိုးရီ၊ ဦးသန်းဆွေ-ဒေါ်ခင်အေးမူ (ပွင့်မြန်မာထမင်းဆိုင်၊ သန်လျင်)၊ ဦးမြင့်စိုး (အုပ်ချုပ်ရေးမှူး၊ ချောင်းဝ)-ဒေါ်ခင်မာဝင်း၊ ဦးခင်ညို-ဒေါ်ခင်ခင်မော်၊ ဦးအောင်ဆန်းကျော်-ဒေါ်အေးမီဝင်းတို့၏ မွေးသမိခင်၊ မြေး ၂၂ ယောက်၊ မြစ် ၂၀ ယောက်တို့၏ ဘွားဘွားကြီးသည် ၂၉-၅-၂၀၁၉ ရက် နံနက် ၈း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၁၉ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် အထက်ပါနေအိမ်မှ အနောက်ပိုင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဦးမျိုးမြင့်
### အသက် (၈၀)

**လက်ထောက်ညွှန်မှူး(ငြိမ်း)၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန**
**မြို့မကျောင်းသားဟောင်း**

ရန်ကုန်မြို့ ရန်ကင်းမြို့နယ်၊ (၁၂)ရပ်ကွက်၊ သစ္စာရိပ်သာလမ်း၊ အမှတ် (၃၆)နေ (ဦးသင်-ဒေါ်မြစိန်)တို့၏သား၊ (သံမဏိဗိုလ်ခင်မောင်-ဒေါ်တင်ရီ)၊ (ဗိုလ်ကြီးစောနောင်)၊ ဒေါ်အမာစိန်၊ ဦးရဲမြင့်-ဒေါ်တင်အုန်းတို့၏ ညီ/မောင်၊ ဦးနန္ဒမျိုး-ဒေါ်အိအိသွယ်၊ ဦးစိုးနိုင်-ဒေါ်မေစု၊ ဦးသူရိန်မျိုး-ဒေါ်စန်းစန်းခိုင်တို့၏ ကျေးဇူးရှင်ဖခင်၊ မြေးခုနစ်ယောက်တို့၏ အဘိုး၊ ဒေါ်တင်တင်နွဲ့၏ချစ်လှစွာသောခင်ပွန်း ဦးမျိုးမြင့်သည် ၂၆-၅-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၅-၂၀၁၉ ရက် ညနေ ၄ နာရီတွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁-၆-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မြင့်ကြည်
### အသက် (၆၆) နှစ်
**(နတ်တလင်း)**

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်၊ အမှတ် (၉၀၂)၊ တာဝါ(ဒီ)၊ မလိခကွန်ဒိုတိုက်ခန်းနေ ဦးဖိုးချို-ဒေါ်အေးရှင်တို့၏ သမီး၊ ဦးမြဟန်-ဒေါ်အေးကျင်တို့၏ သမီးချွေးမ၊ ဦးမြင့်ရွှေ၏ ဇနီး၊ မမေသန္တာဦး၊ မမြင့်မူယာထွေးတို့၏ ချစ်လှစွာသောမိခင် ဒေါ်မြင့်ကြည်သည် ၂၉-၅-၂၀၁၉ (ဗုဒ္ဓဟူးနေ့ ) နံနက် ၇း၃၅ နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၄-၆-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သန်းသန်းအေး
### အသက် (၈၅) နှစ်

ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၊ (၂)ရပ်ကွက်၊ ပြည်လမ်း၊ အမှတ်(၆၃၁-အေ)နေ (ဦးမောင်ကြံ-ဒေါ်တင်မြင့်)တို့၏သမီး၊ [ဦးအုံးမောင်(တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်)]၏ချစ်လှစွာသောဇနီး၊ ဗိုလ်မှူးစိုးညွှန့်(ငြိမ်း) (MD-Royal Princes Co.,Ltd)-ဒေါ်မိုးမိုးညွှန့်၊ ဒုဗိုလ်မှူးကြီးတင်မောင်ခိုင်(ငြိမ်း)-ဒေါ်စန္ဒာအုံး၊ ဒေါ်ကေသီအုံး (တရားလွှတ်တော်ရှေ့နေ)တို့၏မိခင်၊ မောင်ကျော်စွာဆက်-မဟေလီဆက် (Sydney)၊ မောင်ဒယ်နီယယ်စိုးညွှန့်-မကေရီကျော်မင်း၊ မောင်ဖရယ်ဒီစိုးညွှန့်(Pratt Institute-New York)၊ မခိုင်ဆုစံ(University of Sydney)တို့၏ ချစ်လှစွာသောအဘွား၊ မောင်ဒေမွန်ညွှန့်၏ ချစ်လှစွာသောဘွားဘွားကြီး ဒေါ်သန်းသန်းအေးသည် ၂၈-၅-၂၀၁၉ ရက် ညနေ ၆း၀၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၅-၂၀၁၉ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၆-၂၀၁၉ ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်းဒါယိကာမကြီး

## ဒေါ်သောင်းစိန် (သံမဏိစက်ရုံ)
### အသက် (၈၅) နှစ်

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ မြေနီ(တောင်)ရပ်ကွက်၊ အမှတ်(၁၀၄/၂)နေ (ဦးခင်မောင်)၏ဇနီး၊ ဦးမြင့်မောင်-(ဒေါ်မြဝေ)၊ (ဦးမြစိုး)၊ ဦးအေးသောင်း-(မခင်အုန်းမြင့်)၊ ဦးအောင်ကြီး-(ဒေါ်မြမြအေး)၊ ဦးမင်းဦး-ဒေါ်ရွှေရွှေဝင်း၊ ဦးဝင်းနိုင်-ဒေါ်စန်းစန်းညွှန့်၊ ဦးဇော်မျိုးသန်း-ဒေါ်ခင်ဉာဏ်စိုးမိုး၊ ဦးဝင်းဇော်သန်း-ဒေါ်အိအိမိုးတို့၏ မိခင်၊ မြေး ၁၃ ယောက်တို့၏အဘွား ဒေါ်သောင်းစိန်သည် ၂၈-၅-၂၀၁၉ (အင်္ဂါနေ့) ညနေ ၅း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၅-၂၀၁၉ ရက် မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ (အမှတ်-၁၀၄/၂၊ ဦးဝိစာရလမ်းသွယ် နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၆-၂၀၁၉ (အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအေးကို
**ဇာတ်ညွှန်း-ဆုသြချယ်/ကာတွန်း-အနီငွေ့**
**ရုပ်ရှင်နှင့်ဗီဒီယိုဆင်ဆာအဖွဲ့**
### အသက် (၆၇) နှစ်

ရောဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နေ (ဦးကံညွှန့်-ဒေါ်ဖွားတင့်)တို့၏ သား၊ (ဦးဖိုးသန့်-ဒေါ်သန်းမြ)တို့၏ သားသမက်၊ ရန်ကုန်မြို့ ဒဂုံမြို့သစ်အရှေ့ပိုင်း မြို့နယ်၊ (၁)ရပ်ကွက်၊ မဟေသီလမ်း၊ အမှတ်(၇၉၅)နေ ဒေါ်ဝင်းဝင်းမြင့်၏ခင်ပွန်း၊ ဦးသကြန်ဦး-ဒေါ်ချိုချိုလွင်၊ ကိုဇော်မျိုးဝင်း-မဝါရီမင်း၊ ကိုဘုန်းမြင့်ပိုင်-မချစ်ချစ်နှင်းတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မောင်သားသစ်၊ မောင်အောင်ဘုန်းပြည့်၊ မောင်ချစ်ဝန်းတို့၏ အဘိုးသည် ၂၉-၅-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၁၉ (သောကြာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၆-၂၀၁၉ (အင်္ဂါနေ့) နံနက်တွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ (၁)ရပ်ကွက်၊ မဟေသီလမ်း၊ အမှတ်(၇၉၅)နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်စိုးကြည်
### အသက် (၅၆) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ သန္ဓေပင်အုပ်စု၊ ကိုးလုံးကွင်းကျေးရွာ၊ မာလကာကုန်းပိုင်း၊ ဦးအောင်သင်းလမ်း၊ အမှတ်(၁၇၈)နေ ဦးအောင်စိုး-(ဒေါ်ကြည်ကြည်)တို့၏ သမီးကြီး၊ ဥျုးသာသန၏ အစ်မတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သိုက်-ဒေါ်ခင်မေကြည်၊ (ဒေါ်ခင်စိုးရီ)တို့၏ အစ်မ၊ အမှတ်-၂ တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် အရာခံဗိုလ်ကျော်တင့်-ယာဉ်ထိန်းရဲတပ်ဖွဲ့ ရဲမှူး ဒေါ်ကေသီထွန်းတို့၏အစ်မ၊ ဦးနွယ်ဦး-ဒေါ်နန္ဒာကေသီ၊ ဒေါ်ဆွေလဲ့ဦး၊ မောင်သက်ထွန်းအောင်တို့၏ ကြီးကြီးသည် ၂၈-၅-၂၀၁၉ ရက် မွန်းလွဲ ၂း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၅-၂၀၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ကိုးလုံးကွင်းသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ် သင်္ဂဟများအား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၃-၆-၂၀၁၉ (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်အေးအေးစန်း
### အသက် (၅၆) နှစ်

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်နေ (ဦးဝင်းထွဋ်-ဒေါ်ခင်ရီ)တို့၏ သမီးချွေးမ၊ (ဦးသိန်းမြင့်-ဒေါ်သောင်းညွှန့်)တို့၏ သမီး၊ ဦးမြကြွယ်-(ဒေါ်ငွေးငွေးရီ)၊ (ဦးသိန်းအောင်)၊ (ဦးဟန်စိန်)-ဒေါ်စန်းဦးတို့၏ ညီမ၊ (ဦးမြင့်နိုင်)၏ ချစ်လှစွာသောဇနီး၊ ကိုမျိုးမင်းအောင်-မပပ၊ ကိုထွန်းထွန်းနိုင်၊ မအေးအေးအောင်တို့၏ အဒေါ်၊ ကိုရဲမင်းအောင်-မနွေးနွေးလှိုင်၊ ကိုလွင်မောင်မောင်နိုင်၊ ကိုဇေယျာဝင်းထွဋ်-မအေးသန္တာအောင်၊ ကိုပြည့်စုံ (Myanmar Brewery Limited)၊ ကိုချမ်းမြေ့အောင်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မလှိုင်နန္ဒာကျော်၊ မောင်နန္ဒစျာန်တို့၏ အဘွားသည် ၂၈-၅-၂၀၁၉ (အင်္ဂါနေ့) ညနေ ၄း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၅-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၆-၂၀၁၉ (တနင်္လာနေ့) နံနက်တွင် မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ သုဇီတာလမ်းမကြီး၊ အမှတ်(၈၈၄) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ရီရီမေ
### လက်ထောက်သုတေသနအရာရှိ (ငြိမ်း)
### ပညာရေးသုတေသန၊ ပညာရေးဝန်ကြီးဌာန
### အသက် (၇၆)နှစ်

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်၊ ကျွန်းရွှေမြိုင်လမ်း(လမ်းသွယ်-၃)၊ အမှတ်(၃၇၂)နေ [ဦးစောထွန်း(ဝန်ကြီး-ငြိမ်း)]၏ဇနီး၊ (ဦးမြဝင်း-ဒေါ်တင်မြင့်)တို့၏သမီး၊ (ဦးမောင်ကြိုင်-ဒေါ်ရင်မေ)တို့၏ သမီးချွေးမ၊ (ဦးမျိုးမြင့်ဝင်း)၏ အစ်မ၊ ဦးချမ်းအေး(ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါက်တာခိုင်နီလာဆွေ (တွဲဖက်ပါမောက္ခ၊ ဆေးတက္ကသိုလ်-မကွေး)၊ ဦးသက်ထွန်း (ညွှန်ကြားရေးမှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်ခင်ဝင်းသီ၊ ဒေါက်တာသန့်စင် (တွဲဖက်အတွင်းရေးမှူး-၁၊ မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆရာဝန်အသင်း)-ဒေါ်သဲစုဝင်းတို့၏မိခင်၊ မောင်အောင်ထက်၊ မမေနှင်းရီအောင်၊ မောင်ဇွဲထက်၊ မောင်မင်းသန့်အောင်တို့၏အဘွား ဒေါ်ရီရီမေသည် ၂၈-၅-၂၀၁၉ (အင်္ဂါနေ့) ညနေ ၄း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၉ (စနေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၆-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**အနိစ္စ**

## ဒေါ်သန်းရွှေ (သာယာဝတီ)
### အသက် (၉၈) နှစ်

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်၊ (၂၈)လမ်း၊ တိုက်(၁၄၄)၊ အခန်း(၅)နေ (ဦးကိုလေး)-ဒေါ်တင်အုန်း၊ (ဦးမြင့်အောင်)-ဒေါ်မြင့်မြင့်ကြည်တို့၏မိခင်၊ ဒေါ်မေမေဦး၊ ဦးအောင်သူ-ဒေါ်နီနီလွင်၊ ဦးစိုးဝင်း-ဒေါ်ဖြူဖြူအေး၊ ဒေါ်ခင်ခင်ငွေး၊ ဦးသက်ဇင်အောင်-ဒေါ်လင်းလင်းထွေးတို့၏ အဘွား၊ မြစ်ခုနစ်ယောက်၏ဘွားဘွားကြီးသည် ၂၉-၅-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄း၃၀ နာရီတွင် ထိန်ပင် သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၄-၆-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအောင်သာဘန်း
### ပြည်တွင်းအခွန်များဦးစီးဌာန(ငြိမ်း)
### အသက် (၈၂) နှစ်

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သစ္စာလမ်း၊ ငါးလွှာ၊ အမှတ်(၂၃)နေ (ဦးဘိုးကျန်-ဒေါ်အေးမေ)တို့၏သားကြီး၊ (ဦးမောင်ကျန်-ဒေါ်အုံးတင်)တို့၏သားသမက်၊ ဒေါ်ခင်အုန်း(စီမံကိန်းရေးဆွဲရေးဦးစီးဌာန)၊ (ဦးမြသိန်း)၊ ဒေါ်ခင်ထွေး(မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း)တို့၏အစ်ကိုကြီး၊ ဒေါ်ညွှန့်ညွှန့်၏ ခင်ပွန်း၊ (ဦးစိုးဦး)-ဒေါ်ဆွေဆွေသင်း (ဦးစီးအရာရှိ၊ MTO-1၊ ပြည်တွင်းအခွန်)၊ ဒေါ်တင်တင်ခိုင်တို့၏ ချစ်လှစွာသော ဖခင်၊ ဒေါ်စုမျိုးခင် (မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း)၊ ဦးကျော်စိုးလင်းတို့၏ ဘကြီး၊ မကေဇင်သက်၏အဘိုးသည် ၂၉-၅-၂၀၁၉ ရက် နံနက် ၄း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၁၉ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးအောင်ခင်သိန်း (စစ်တွေ)
**ဦးစီးအရာရှိ(ငြိမ်း)၊ ရေအားလျှပ်စစ်-စွမ်းအင်ဝန်ကြီးဌာန**
### အသက် (၇၃) နှစ်

စစ်တွေမြို့ မောလိပ်ရပ်ကွက်၊ ကုန်သည်လမ်းနေ (ဦးမြသာထွန်း-ဒေါ်စံသာဖြူ)တို့၏သားကြီး၊ ရန်ကုန်မြို့နေ (သခင်ဝတင်-ဒေါ်ခင်နန်းမြ)တို့၏သားသမက်၊ ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ သီဟသူ (၃)လမ်း၊ အမှတ်(၅၆၂)နေ ဒေါ်မေမေတင်၏ ခင်ပွန်း၊ ဒေါ်အေးခင်-(ဦးဖြူ)၊ ဒေါ်နုနုခင်တို့၏မောင်၊ ဦးသိန်းထွန်း-ဒေါ်လှမြခင်၊ ဦးသိန်းအောင်-ဒေါ်ရီရီညွှန့်၊ ဦးသိန်းဇံတို့၏ အစ်ကို၊ ဦးဒေးဗစ်ဟိန်း-ဒေါက်တာတင်ဇာအောင်(Oregon, USA)တို့၏မွေးသဖခင်၊ မောင်စိုင်းစိုင်းအောင်ဟိန်း၏ အဘိုး၊ တူ/တူမ ကိုးယောက်တို့၏ဦးလေး ဦးအောင်ခင်သိန်းသည် ၂၈-၅-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ဗဟိုရ်စည်ဆေးရုံ ၌ ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၉ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ် သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးအောင်ခင်သိန်း (စစ်တွေ)
**ဦးစီးအရာရှိ(ငြိမ်း)၊ ရေအားလျှပ်စစ်-စွမ်းအင်ဝန်ကြီးဌာန**
### အသက် (၇၃) နှစ်

စစ်တွေမြို့ မောလိပ်ရပ်ကွက်၊ ကုန်သည်လမ်းနေ (ဦးမြသာထွန်း-ဒေါ်စံသာဖြူ)တို့၏သားကြီး၊ ရန်ကုန်မြို့နေ (သခင်ဝတင်-ဒေါ်ခင်နန်းမြ)တို့၏သားသမက်၊ ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ သီဟသူ(၃)လမ်း၊ အမှတ်(၅၆၂)နေ ဒေါ်မေမေတင်၏ ခင်ပွန်း၊ ဦးဒေးဗစ်ဟိန်း-ဒေါက်တာတင်ဇာအောင်(Oregon, USA)တို့၏မွေးသဖခင်၊ မောင်စိုင်းစိုင်းအောင်ဟိန်း၏အဘိုး၊ ဦးမောင်မောင်တင်-ဒေါ်ဖြူဖြူတင်(Australia)၊ ဒေါက်တာပဒေသာတင်-ဒေါ်ဝင်းဝင်းသန်း(USA)၊ ဦးဝင်းဇော်-ဒေါ်ပပဝတီတို့၏ အစ်ကို၊ တူ/တူမ လေးယောက်တို့၏ဦးလေး ဦးအောင်ခင်သိန်းသည် ၂၈-၅-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ဗဟိုရ်စည်ဆေးရုံ ၌ ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၉ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးတင်လတ်
### အသက် (၆၉) နှစ်

ရောဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နေ (ဦးငြိမ်း-ဒေါ်ကုလားမ)တို့၏ သား၊ ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၂၈) ရပ်ကွက်၊ အောင်သီရိ(၁) လမ်း၊ အမှတ်(၂)နေ ဒေါ်အေးအေးမြင့်(ဝင်းပပရွှေဆိုင်၊ ပဒေသာဈေး)၏ ချစ်လှစွာသော ခင်ပွန်း၊ (ကိုတင်အေးကျော်)-မဝါဝါလှိုင်၊ ဒုရဲမှူးကြီး နန္ဒဝင်း-မသူဇာတင်တို့၏ ဖခင်၊ မမေသက်တင်၏ အဘိုးသည် ၂၉-၅-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၁၉ (သောကြာနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါ မည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၆-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## မောင်ထွန်းထွန်းဝင်း (ခ) ထွန်းငယ်
### အသက် (၃၂) နှစ်

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်၊ တပင်ရွှေထီးလမ်း၊ ကြီးပွားရေးရပ်ကွက်(မြောက်)၊ အမှတ်(၂၆၂/ခ)၊ ဒုတိယထပ်နေ ဦးဝင်းဗိုလ်-ဒေါ်စန်းမြင့်တို့၏သားထွေး၊ ကိုဗိုလ်ဗိုလ်အောင်-မဇင်မာဝင်း၊ ဒေါက်တာဗိုလ်ဗိုလ်ဇော်-မသင်သင်ဇာ၊ မစုမြတ်ဝင်းတို့၏ညီ/မောင်သည် ၂၈-၅-၂၀၁၉ (အင်္ဂါနေ့) ည ၁၁း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၅-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၆-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ပိုလ်ချုပ်အောင်ဆန်းဒိုင်း ဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်များ


ရှမ်းယူနိုက်တက်နှင့် ရခိုင်အသင်း ပထမအကျော့ တွေ့ဆုံခဲ့စဉ်။

**ရန်ကုန် မေ ၂၉**

၂၀၁၉ ရာသီ ပိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ဆီမီးဖိုင်နယ် ဒုတိယအကျော့ ပွဲစဉ်များကို ဇွန် ၁ ရက်နှင့် ၂ ရက်တို့တွင် ကျင်းပမည်ဖြစ်ပြီး ဗိုလ်လုပွဲတက်ရောက်ရေး အတွက် အားကုန်ထုတ်ကစားရမည်ဖြစ်သည်။

ဒုတိယအကျော့ပွဲစဉ်များအဖြစ် ဇွန် ၁ ရက်တွင် ရခိုင်အသင်း၏ အိမ်ကွင်းဖြစ်သော ဝေသာလီကွင်း၌ ရခိုင်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ ဇွန် ၂ ရက်တွင် ရန်ကုန်အသင်း၏ အိမ်ကွင်းဖြစ်သည့် YUSC ကွင်း၌ ရန်ကုန်အသင်းနှင့် စစ်ကိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ပထမအကျော့တွင် ရှမ်းယူနိုက်တက်အသင်းက ရခိုင်အသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး စစ်ကိုင်းနှင့် ရန်ကုန်အသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။

စာမျက်နှာ ၁၃ ကော်လံ ၅ သို့ »»

## သတင်းစာရှင်းလင်းပွဲ ကျင်းပမည်

**နေပြည်တော် မေ ၂၉**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့၏ တတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို မေ ၃၁ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ရုံးအမှတ် (၇) ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပိုဟန်စတီးလားစ်အသင်းနှင့် မြန်မာ ယူ-၂၂ အသင်း ခြေစမ်းပွဲယှဉ်ပြိုင်မည်

**ရန်ကုန် မေ ၂၉**

မြန်မာနိုင်ငံတွင် ရောက်ရှိနေသည့် တောင်ကိုရီးယား ကလပ် ပိုဟန်စတီးလားစ်အသင်း၏ ဒုတိယခြေစမ်းပွဲအဖြစ် မြန်မာ ယူ-၂၂ အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ယင်းခြေစမ်းပွဲကို မေ ၃၀ ရက် ညနေ ၅ နာရီတွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်ပြီး ဝင်ကြေးအခမဲ့ သတ်မှတ်ထားသကဲ့သို့ ပရိသတ်များအတွက် ကံစမ်းမဲအစီအစဉ်များလည်း ထည့်သွင်းထားသည်။

မြန်မာ ယူ-၂၂ အသင်းသည် ဇွန် ၇ ရက်တွင် ဗီယက်နမ်နိုင်ငံ၌ ဗီယက်နမ် ယူ-၂၂ အသင်းနှင့် ခြေစမ်းပွဲအတွက် ပြင်ဆင်နေခြင်းဖြစ်ပြီး အာရှထိပ်သီးနိုင်ငံမှ ကလပ်အသင်းကောင်းတစ်သင်းနှင့် ကစားခွင့်ရခြင်းဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းကို ကစားသမား ၂၆ ဦးဖြင့် ဖွဲ့စည်းထားသော်လည်း ရှုံးထွက်ပြိုင်ပွဲ ဆီမီးဖိုင်နယ် ဒုတိယအကျော့ကစားမည့် ကလပ်အသင်းများမှ ကစားသမားများပါဝင်နိုင်မည်မဟုတ်ဘဲ ကျန်ရှိသည့်ကစားသမားများကို ယူ-၁၈ အသင်းမှ ကစားသမားများနှင့် ပေါင်းစပ်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာယူ-၂၂ အသင်းသည် နိုဝင်ဘာလကုန်တွင် ယှဉ်ပြိုင်ရမည့် ဆီးဂိမ်းပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ခြေစမ်းပွဲများ ကစားခြင်းဖြစ်ပြီး ကိုးရက်အတွင်း ခြေစမ်းပွဲနှစ်ပွဲကစားခြင်းဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၅ သို့ ❖

# တရုတ်လေကြောင်းလိုင်း Spring Airlines ရှန်ဟိုင်း-ရန်ကုန် တိုက်ရိုက်ပြေးဆွဲမည်



**ရှန်ဟိုင်း မေ ၂၉**

တရုတ်နိုင်ငံမှ ပုဂ္ဂလိကလေကြောင်းလိုင်းတစ်ခုဖြစ်သည့် Spring Airlines သည် လက်ရှိ ခရီးသွားကြာချိန်ထက် ထက်ဝက်လျှော့ချပေးမည့် ရှန်ဟိုင်းမြို့တော်မှ မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော် ရန်ကုန်သို့ တိုက်ရိုက်လေကြောင်းပြေးဆွဲမှု ပြုလုပ်သွားမည်ဖြစ်သည်။

Spring Airlines သည် ယခုနှစ် ဇူလိုင်လမှစ၍ ရှန်ဟိုင်းနှင့် ရန်ကုန်ကြား တစ်ပတ်လျှင် လေးကြိမ် အသွားအပြန်ခရီးစဉ် ပြေးဆွဲမည်ဟု Shanghai Observer မီဒီယာ၏ ဖော်ပြချက်အရ သိရသည်။ ရှန်ဟိုင်းမှ ရန်ကုန်သို့ အပတ်စဉ် တနင်္ဂနွေ၊ တနင်္လာ၊ ဗုဒ္ဓဟူးနှင့် သောကြာနေ့များတွင် တိုက်ရိုက်လေကြောင်း ပြေးဆွဲမည်ဖြစ်သည်။ ရန်ကုန်မှ ရှန်ဟိုင်းသို့ အပတ်စဉ် တနင်္လာ၊ အင်္ဂါ၊ ကြာသပတေးနှင့် စနေနေ့များတွင် ပြေးဆွဲမည်ဖြစ်သည်။

စာမျက်နှာ ၁၃ ကော်လံ ၅ သို့ ❍

ကြေးမုံ ယနေ့ ဖတ်စရာ

မြန်မာ-ယူကေ Motourlogue ခရီးသွားဆိုင်ကယ်နှစ်စီး မင်းဘူးမြို့ရှိ မန်းရေနံမြေသို့ ဝင်ရောက်လည်ပတ်
စာမျက်နှာ » ၁၁

တရုတ်နိုင်ငံသို့ ဆန်တန်ချိန်တစ်သိန်း တင်ပို့ရောင်းချမည်
စာမျက်နှာ » ၁၇

ဟာဇက်အား ရီးယဲလ် မက်ဒရစ်သို့ ပေါင် ၁၁၅ သန်းဖြင့် ရောင်းချရန် ချယ်လ်ဆီး သဘောတူညီထား
စာမျက်နှာ » ၁၉

MTB MYANMA TOURISM BANK
မြန်မာ့ခရီးသွားဘဏ်
"သင့်အနာဂတ်ဖန်တီးဖို့ MTB နဲ့လက်တွဲစို့"
Address: No.437(Ka), Pyay Road, 8 Ward, Kamayut Township, Yangon, Myanmar. Tel: 09 682 682 682
Email : info@mtb-bank.com, Facebook : www.facebook.com/MyanmaTourismBank, Website : www.mmtourismbank.com